


ကျင်းယုံ၏ ရွှေချိန်တောက်
တက္ကသိုလ်
သိဟဒေအာင်
နဂါးလုလင်
ပ+ဒု
ဇာတ်သိမ်း

တိုးတက်ရေး

# တက္ကသိုလ်သီဟအောင်

# နဂါးလုလင်

( ပထမ နှိုင်း )

## ဒို့တာဝန် အရေးသုံးပါး

ပြည်ထောင်စု မပြိုကွဲရေး .... ဒို့အရေး

တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး .... ဒို့အရေး

အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး .... ဒို့အရေး

* * * * * *

## ပြည်သူ့ သဘောထား

- ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော် တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူ များအား ဆန့်ကျင်ကြ။
- နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက် စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူ အဖြစ် သတ်မှတ်ချေမှုန်းကြ။

နိုင်ငံတော် ဖွဲ့စည်းပုံ အခြေခံဥပဒေ ပေါ်ပေါက်ရေးသည် မြန်မာနိုင်ငံသားအားလုံး၏ တာဝန်ဖြစ်သည်။

## မိတ်ဆွေ

ရာသီဥတု သာယာစွာ ရှိနေသည်။

ဝန်းကျင်တစ်ခုလုံး သာယာလှပနေသည်။

ယင်နန်နယ်မြေ၏မြို့တော် လုယန်မြို့သည် တောင်ခြေရင်းတွင် တည်ရှိပြီး ခရီးသွားလာသူများဖြင့် အလွန်စည်ကားလှပေသည်။

ညနေစောင်းအချိန်ဖြစ်၍ စားသောက်ဆိုင်၊ အရက်ဆိုင်တို့၌ အထူးပင် စည်ကားလျက်ရှိနေပါသည်။

တောတောင်များကိုဖြတ်သန်းလာရပုံရသော မြင်းစီးသမား လူငယ်တစ်ယောက်သည် လုယန်မြို့အတွင်းသို့ ဝင်ရောက်လာသည်။

လူငယ်သည် အဖြူရောင်ဝတ်စုံ ဝတ်ဆင်ထား၍ ယောကျ်ားပီသသူ တစ်ယောက် ဖြစ်သည်။

ဈေးရှောင် ခုံးတစ်လက် လှယ်ပိုးထားသည်၊

ခုံးမှာ သာမန်ခေါ်းများနှင့်မတူဘဲ ရွှေရောင်တောက်ပ နေသည်၊

ထို့ပြင်....

လူငယ်၏ ခါး၌လည်း ဓားမြှောင်တစ်လက် ချိတ်ဆွဲထားသည်၊

လူငယ်မှာ အဆင့်မြင့် သိုင်းသမားတစ်ဦးဖြစ်ကြောင်း ထင်ရှားလှပေသည်၊

ရှင်ပျော်ပျော် စားသောက်ဆိုင်....

လူငယ်သည် ထိုစားသောက်ဆိုင်ရှေ့သို့ ရောက်သည့်အခါ မြင်းကို ရပ်တန့်လိုက်ပြီး မြင်းပေါ်မှ ဆင်းလိုက်သည်၊

စားသောက်ဆိုင်၏ ချောင်ကျသော နေရာ၌ ဝင်ထိုင်လိုက်ပြီး စားသောက်ဖွယ်ရာနှင့် အရက်များ မှာကြားလိုက်သည်၊

ထို့ပြင်....

တည်းခိုရန် အခန်းတစ်ခန်းလည်း ငှားရမ်းလိုက်သည်၊

ဆိုင်ထဲတွင် လူအတော်စည်ကားနေသည်၊

လူငယ်၏ ရှေ့စားပွဲဝိုင်း၌ ဓားကိုယ်စီလွယ်ပိုးထားသော သိုင်းသမား ၄ဦးဝိုင်းဖွဲ့၍ အရက်သောက်နေသည်၊

လူငယ်သည် စားသောက်ရင်း ထိုလူများကို အကဲခတ်လိုက်သည်၊

ထိုလူစုသည် စကားတီးတိုးပြောဆိုနေရာမှ တဖြည်းဖြည်း ကျယ်လောင်လာသည်၊



'ယင်နန်နယ်ရှိမြေတစ်လုံးမှာတော့ ဂိုဏ်းချုပ်ကို တယ် ဂိုဏ်းကမှ ခံယူဉ်ရဲအောင် ဖြစ်နေကြတာ.... ဟား ဟား ဟား'

မျက်နှာရှည်ရှည်နှင့်လူက ပြောရင်း သဘောကျစွာ ရယ် မောလိုက်သည်၊

တစ်ယောက်က

'ဘာလဲ နဂါးဂိုဏ်းချုပ်ရဲ့ ကျင်းလုံရဲ့ ဂုဏ်ရှိန်ရှမ်းလွှ ကို သုတ်သင်လိုက်တဲ့အတွက် လင်းသံမြွေစင်တယ်လို့ ပြောမလို့ မဟုတ်လား'

မျက်နှာရှည်ရှည်နှင့်လူက

'ရှမ်းလွှ နဂါးဂိုဏ်းမှာ အစွမ်းထက်ဆုံးလူပဲ သူ့ ကို ဖြိုနိုင်တဲ့ သိုင်းသမားမရှိဘူး'

တစ်ယောက်က

'ခါပေမယ့် စွန့်ရဲဂိုဏ်းချုပ် အိကျွမ်းနဲ့တွေ့တော့ ရှမ်း လွှလဲ အသက်ပျောက်ရတာပဲ မဟုတ်လား ခါနဲ့ နေ့စမ်းပါဦး မြနန္ဒညက ရှမ်းလွှကျူပ်တို့စံအိမ်ဝင်း ထဲကို ဘာလို့ခိုးဝင်ရတာလဲ'

မျက်နှာရှည်ရှည်နှင့်လူက

'ဟော ဒါမင်းမသိဘူးမဟုတ်လား'

ထိုလူက

'အတိအကျ မသိသေးလို့ပေါ့ကွ'

မျက်နှာရှည်ရှည်နှင့်လူက

'နဂါးဂိုဏ်းချုပ် ကျင်းလုံပျောက်ဆုံးနေတာ သုံးနှစ်ရှိသွားပြီ ဒါကြောင့် သူ့တပည့်လူယုံတွေက မသက်သာလို့ သိုင်းဂိုဏ်းတွေကို လိုက်ရှာနေတာပဲ'

ဟု ရှင်းပြလိုက်သည်။

ထိုစကားကြောင့် လူငယ်စိတ်ဝင်စားသွားသည်။

အမှန်မှာ

လူငယ်သည် ထင်စန်းတောင်ပေါ်ရှိ သိုင်းဆရာကြီးရှိဟိုထံမှ ပညာများသင်ယူခဲ့သဖြင့် သိုင်းလောကနှင့် အဆက်အသွယ် ပြတ်ခဲ့သောသည်။

ထင်စန်းတောင်ပေါ်သို့ မတက်မီက 'ထင်စန်း' သိုင်းကျမ်းကို ကျွမ်းကျင်စွာ တတ်မြောက်ခဲ့၍ မိမိကိုယ် ထူးချွန်ပြီဟု ထင်မှတ်ခဲ့လေသည်။

ဆရာကြီးရှိဟိုနှင့် သုံးနှစ် ပညာသင်ကြားပြီးသောအခါ ထင်စန်းသိုင်းကျမ်းကို သူ့အတွက် မပြောပလောက်သည့် ပညာဖြစ်ခဲ့ရလေသည်။

ယခုတော့

သူလုံးဝမသိသေးသော သတင်းကို ကြားလိုက်ရသည်။

မျက်နှာရှည်ရှည်နှင့်လူက

'ဒါနဲ့ ကျင်းလုံက ဘာဖြစ်လို့ ပျောက်သွားရတာလဲ'



'မင်းတို့ စွန်ရဲဂိုဏ်းတာပဲ ဖမ်းချုပ်သွားတာ မဟုတ်လား'

ထိုစကားကို ဝင်ပြောလိုက်သူမှာ လူငယ်၏နောက်ကျောစားပွဲ၌ထိုင်နေသော အသက်ငါးဆယ်ခန့်ရှိသည့် လူကြီးတစ်ဦးပင် ဖြစ်သည်။

လူကြီးမှာ ပြောရင်း သိုင်းသမားလေးယောက် ဝိုင်းဆီသို့ လျှောက်လာသည်။

'နဂါးဂိုဏ်းချုပ်ကျင်းလုံ ပျောက်ဆုံးသွားပြီးနောက် တစ်နေ့မှာပဲ မင်းတို့စွန်ရဲဂိုဏ်းက နဂါးရှိထင်းကို ဝင်တိုက်ခဲ့တယ်မဟုတ်လား၊ ဒါကြောင့် နဂါးဂိုဏ်းချုပ်ကျင်းလုံကို ဖမ်းဆီးထားတာ မင်းတို့ဂိုဏ်းချုပ်ပဲ ဖြစ်ရမှာပေါ့'

'ဟေ့ လူခင်ဗျား ဘာတွေလာပြောနေတာလဲ၊ ကျုပ်တို့ဂိုဏ်းချုပ်ကို စော်ကားမော်ကား ပြောနေရအောင် ခင်ဗျားက ကျုပ်တို့နဲ့ ရန်ဘက်ဖြစ်ချင်လို့လား'

မျက်နှာရှည်ရှည်နှင့်လူက မာန်မဲလိုက်သည်။

လူကြီးက ဟာတာခနဲတစ်ချက် ရယ်လိုက်ပြီး....

'မင်းတို့နဲ့ငါက ရန်သူပဲ၊ မနေ့က မင်းတို့ဂိုဏ်းချုပ် သတ်လိုက်တဲ့ ရှမ်းလွှဟာ ငါ့ညီပဲ'

'ဒါဆို ခင်ဗျားက လေပွေသိုင်းသမား ရှမ်းစုပေါ် ဟုတ်လား'

လူကြီးက ခေါင်းတစ်ချက်ညိတ်ပြလိုက်သည်။

'ဩော်....ဒါဆိုရင် စွန်ရဲဂိုဏ်းအကြောင်း ဖြုရသေးတာပေါ့'

စွန်ရဲသိုင်းသမားသည် ပြောရင်း ရှမ်းစုအား ခုန်ဝင်တိုက်ခိုက်လိုက်သည်။

'ဝုန်း....'

'အား....'

လေစုဝှသိုင်းသမား ရှမ်းစုသည် ခရွှေင်တိမ်းရင်း လက်ဝါးဖြင့် ရိုက်ချလိုက်သည်။

စွန်ရဲဂိုဏ်းသားမှာ အဝေးသို့လွင့်စဉ်သွားသည်။

'မင်းတို့သုံးယောက်လဲ တက်ခဲ့ကြလေကွာ'

ရှမ်းစုက စိန်ခေါ်လိုက်ရာ စွန်ရဲဂိုဏ်းသားသုံးဦး ခေါ်ပွသွားပြီး ဓားကိုယ်စီဆွဲထုတ်လိုက်ကြ၏။

ရှမ်းစုထံ တစ်ပြိုင်နက်တည်း ပြေးဝင်တိုက်ခိုက်လိုက်လေသည်။

မည်သည့်အချိန်ကမှန်းမသိ ရောက်လာသည့် လူငယ်သည် ပြေးဝင်လာသည့် စွန်ရဲဂိုဏ်းသားသုံးဦးကို လက်ဝါးဖြင့် ရိုက်ချလိုက်၏။

'ဝုန်း....'
'အား....'
'အမယ်လေး'



စွန်ရဲဂိုဏ်းသားများ အဝေးသို့လွင့်စဉ်သွားပြီး လဲကျသွားလေသည်။

ကိုးတက်ရေး
၀၁၉၀

ဓားသေတ်ဆိုင်တဲ့၌ လူရှင်းနေသည်။

ရှမ်းစု ဆိုင်ရှင်နှင့်ဆိုင်လုလင်သို့မယားတစ်မှ လွဲ၍ အခြား မည်သူမျှမရှိချေ။

ဆိုင်ရှင်က လူငယ်အား

'အရှင်သား ဒီမှာအညီးလွှဲဖြစ်ပါစေသား၊ စွန်ရဲဂိုဏ်းမှာ ဆိုင်ဆိုးတာပဲ'

လူငယ်က ရယ်မောရင်း

'ကိစ္စမရှိပါဘူး ဦး၊ အခုလိုသတိပေးတဲ့အတွက် ကျေးဇူးတင်ပါတယ်'

ဆိုင်ရှင်က

'သူတို့ မကြာခင် ပြန်ရောက်လာမှာသေချာတယ်'

လူငယ်က တည်ကြည်သော မျက်နှာထားဖြင့်

'ဟုတ်တယ်၊ သူတို့ မကြာခင်ရောက်လာလိမ့်မယ်'

လေပွေသိုင်းသမားရှမ်းစုက ချောင်ကျကျစားပွဲတစ်လုံး၌ အရက်သောက်နေတုန်းပင်၊

ညဉ့်ဦးပိုင်းသာရှိသေးသည်၊

အချိန်စောသေး၍ လူငယ်က အရက်နှင့်စားစရာအချို့ မှာကြားလိုက်သည်၊

'ဒီမှာမိတ်ဆွေ၊ ကျုပ်နဲ့ မိတ်ဖြစ်ဆွေဖြစ် လာထိုင်ပါလား၊ ကျုပ် မိတ်ဆွေကိုဂုဏ်ပြုပါရစေ'

လေပွေသိုင်းသမား ရှမ်းစုကလှမ်းခေါ်လိုက်သဖြင့် လူငယ်သည် ထိုစားပွဲတွင် သွားရောက်ထိုင်လိုက်သည်၊

'မိတ်ဆွေရဲ့ သိုင်းပညာဟာ အင်မတန် အဆင့်မြင့်ပါတယ်၊ ဒါနဲ့ မိတ်ဆွေ နာမည် ဘယ်လိုခေါ်ပါသလဲ'

လူရွယ်က

'ကျွန်တော့် နာမည် ကျင်းလီပါ'

'ဟင်....'

ရှမ်းစု အံ့သြသွားသည်၊

'နဂါးဂိုဏ်းချုပ် ကျင်းလုံရဲ့သား ကျင်းလီ မဟုတ်လား'

လူရွယ်က

'ဟုတ်ပါတယ်ဗျာ'

ရှမ်းစု ခေါင်းညိတ်လိုက်ပြီး

'ကျုပ်ကို အခုလို ကူညီတဲ့အတွက် ကျေးဇူးတင်ပါတယ်ဗျာ'



'ကိစ္စမရှိပါဘူး၊ ကျွန်တော် ဒီကောင်တွေကို ကြည့်မရလို့ပါ'

ရှမ်းစုက

'နဂါးဂိုဏ်း ဖျက်ဆီးခံရတာနဲ့ပတ်သက်ပြီး သခင်လေးနဲ့ ကျုပ်က တိုင်ပင်ချင်လို့လာရင်း ကျုပ်ညီပါ အသတ်ခံလိုက်ရတာကို မနေ့ကပဲ ကြားလိုက်ရတော့ စွန်ရဲဂိုဏ်းသားတွေနဲ့တွေ့ပြီး ဆုံးမချင်စိတ် ပေါ်လာတာပဲ'

လူရွယ်(ဝါ)ကျင်းလီ ခေတ္တမျှစဉ်းစားပြီး

'ဦးကိုယ်တိုင် လေပွေသိုင်းဂိုဏ်းရဲ့ ဂိုဏ်းချုပ်တစ်ဦး မဟုတ်လား'

'ဟုတ်ပါတယ်၊ ကျုပ်နဲ့ သခင်လေးဖခင်ဟာ အင်မတန် ခင်မင်ကြလို့ပဲ၊ ကျုပ်ညီကို လူယုံအဖြစ် သူ့ဆီ တောင်ကိုပေးခဲ့တာပဲ'

ကျင်းလီ သဘောပေါက်သွား၏၊

ထို့ကြောင့်

ရှမ်းတွေ့ သေဆုံးရခြင်းအတွက် စိတ်မကောင်း ဖြစ်မိလေသည်၊

'နဂါးဂိုဏ်းကို စွန်ရဲဂိုဏ်းက တိုက်ခိုက်ဖျက်ဆီးလို့ ပျက်ဆီးသွားရပြီလို့ ကျုပ်ညီက အကြောင်းကြားတော့ ကျုပ် အင်မတန်စိတ်ထိခိုက်ခဲ့တယ်'

'ဖေဖေ ပျောက်ဆုံးနေတယ်ဆိုတာ ဘယ်တော့ ဦး ကြားမိသေးသလား'

ကျောင်းလီက ကြားဖြတ်မေးလိုက်သည်။

ရှမ်းစု ခေါင်းညိတ်လိုက်သည်။

'ဟုတ်ပါတယ်၊ အခင်လေးရဲ့အဖေ ပျောက်ဆုံးသွားပြီး နောက်တစ်နေ့မှာပဲ နဂါးဂိုဏ်းကို ရွှန်ရဲဂိုဏ်းက ဝင်ရောက်တိုက်ခိုက်ခဲ့တာကို ကြားရပါတယ်'

'အင်း.... ကျွန်တော်တလဲ သုံးနှစ်လုံးလုံး ဖေဖေနဲ့ ကင်းကွာခဲ့တယ်၊ အခုမှပဲ အင်းစိန်းတောင်ပေါ်က ဆင်းလာခဲ့တာ'

ရှမ်းစုက...

'ကျုပ် ကြားမိပါတယ်၊ အခင်လေးဟာ ဟင်းစိန်းတောင်ပေါ်က ဆရာကြီး ရှီဟိုဆီ ရောက်နေတယ်ဆိုတာ သတင်းရလို့ ကျုပ်တို့ အားလုံး ဝမ်းသာအားရ ဖြစ်မိကြပါတယ်၊'

'ဆရာကြီး ရှီဟိုဟာ သိုင်းလောကနဲ့ ကင်းကွာ နေထိုင်ပေမယ့် သူ့ကို ယှဉ်နိုင်ဖို့ဆိုတာဟာ အင်မတန် ရှားပါလိမ့်မယ်၊'

'ဆရာကြီးရဲ့ ပညာတွေကို ဆက်ခံခဲ့တဲ့လူတစ်ယောက် ပေါ်လာပြီပေါ့'



ကျောင်းလီ အမြင်သို့ ရောက်သောအခါ အနက်ရောင် ကိုယ်ကြပ် ဝတ်စုံ ဝတ်ဆင်ထားသော သိုင်းသမားများကို တွေ့လိုက်ရလေသည်။

သိုင်းသမား လေးဆယ်ကျော် ခန့်ကို ဦးစီးလာသော ဂိုဏ်းခွဲမှူး ဖြစ်ဟန်တူသူ လူထွားကြီးက ကျောင်းလီအား စိုက်ကြည့်လိုက်ပြီး....

'ကျုပ်လူတွေကို တိုက်ခိုက်တာ ဘယ်သူလဲ'

'ကျုပ်ပဲ'

ရှမ်းစုနှင့် ကျောင်းလီ ပြိုင်တူ ပြောလိုက်လေသည်။

လူထွားကြီးက သဘောကျစွာ ရယ်လိုက်ပြီး--

'ကောင်းပြီ ကျုပ်နာမည် စန်းအော့ပါ၊ ခင်ဗျားတို့ မသေခင် သိသွားရအောင်လို့ပါ'

'မင်း နာမည် တို့ မသိချင်ဘူး၊ ရွှန်ရဲဂိုဏ်းဆိုတာ လုံလောက်သွားပြီ'

ရှမ်းစုက ဝင်ပြောလိုက်သည်။

လူသန်ကြီး (ဝါ) စန်းအော့ ဒေါသထွက်သွားသည်။

'ဟေ့ သည်နှစ်ယောက်စလုံးကို မလွှတ်စေနဲ့'

ချက်ချင်းပင် ရွှန်ရဲဂိုဏ်းသားများ ကျောင်းလီတို့အား ဝိုင်း၍ ထားလိုက်ကြသည်။

'ယား'

ထိုစဉ် —

'ဝှမ်'
'ဒေါက်'

ရှမ်းစု စကားပြောနေစဉ် လေတိုးသံသဲ့သဲ့ ကြားလိုက်ရ၍ ကျင်းလီအား လက်ခေါက်ဖြင့် ဝေ့ယမ်းလိုက်ရာ လက်နက်ပုန်းလေး တစ်ခုသည် နံရံ၌ သွားရောက် စိုက်ဝင်နေသည်။

ရှမ်းစု မျက်နှာပျက်သွားသည်။

'ဘယ်သူလဲကွ၊ ခိုးကြောင်ခိုးဝှက် လုပ်ကြတာ'

ပြောပြောဆိုဆို....

ကျင်းလီသည် စားသောက်ဆိုင်ရှေ့သို့ ထဖောက်ထိုး ပြေးထွက်သွားလေသည်။

* * *



ကျင်းလီ ညာသံပေးကာ စွန်ရဲဂိုဏ်းသားများအား ပြင်းထန်စွာ တိုက်ခိုက်လိုက်လေသည်။

'ဝုန်း'
'အား'

'အမယ်လေး'
'သေပါပြီဗျ'

စွန်ရဲ ဂိုဏ်းသားများသည် စူးရှစွာ အော်ဟစ်ရင်း မြေပေါ်သို့ တစ်ယောက်ပြီး တစ်ယောက် လဲကျသွားလေတော့သည်။

ရှမ်းစုကလည်း ပြေးဝင်လာသော စွန်ရဲဂိုဏ်းသားများအား တစ်ယောက်ပြီး တစ်ယောက် တိုက်ခိုက်လိုက်သည်။

'ဝုန်း'
'အား'

စွန်ရဲဂိုဏ်းသားများ မြေပေါ် အတုံးအရုန်း လဲကျသေဆုံးကုန်ကြသည်။

စန်းအောင်သည် သူ့လူများအခြေအနေမလှကြောင်း တွေ့မြင်ရလျှင် ရှမ်းစုအား နောက်ကျောမှနေ၍ ဓားဖြင့် ခုတ်ချလိုက်သည်။

'ချွင်....'

သံ သံချင်း ထိမိသံ ပေါ်ထွက်လာသည်။

စန်းအေးစု၏ခေါင်းကို ကျောင်းလီက သူ၏ဓားဖြင့် ဝင်ရောက် ခုခံပေးလိုက်ခြင်း ဖြစ်လေသည်။

'တောက်....သေပေတော့'

စန်းအေးစုသည် ကျောင်းလီအား ဖိ၍တိုက်ခိုက်တော့၏။

စန်းအေးစု၏ ဓားချက်သည် ကျောင်းလီ၏ ကိုယ်ခန္ဓာ အနှံ့ အပြားသို့ ရောက်ရှိသွားသည်။

ကျောင်းလီကလည်း ထင်ဝမ်သိုင်းကျမ်းမှ သက်တန့် သိုင်းကွက်ဖြင့် ခုခံနေလေသည်။

'ယား'

စန်းအေးစု ညာသံပေးကာ ကျောင်းလီအား ပြင်းထန်စွာ ခုန်ဝင် တိုက်ခိုက်လိုက်လေသည်။

ကျောင်းလီသည် လေပေါ်၌ ကျွမ်းနှစ်ပတ်ခန့်ပစ်ရင်း ဓားရှည်ဖြင့် စန်းအေးစုအား ခုတ်ချလိုက်သည်။

တခဏ အချိန်လေးမှာပင် ကျောင်းလီ၏ ဓားချက်သည် အရှိန် လွန်သွားသော စန်းအေးစု၏ နောက်ကျောသို့ ခုတ်ချမိလိုက်လေတော့သည်။

'အား'

စန်းအေးစု၏ အော်သံ ထွက်ပေါ်လာသည်။

ထို့နောက်....

မြေပေါ် လဲကျသွားလေတော့သည်။



မြေပြင်တွင် စွန်ရဲဂိုဏ်းသားများ အတုန်းအရုန်း လဲကျသေဆုံးနေကြသည်။

ကျောင်းလီနှင့် ရှမ်းစုတို့ တစ်ယောက်ကို တစ်ယောက် ဖမ်းဆုပ်မိကြသည်။

ထို့နောက်—

သူတို့နှစ်ယောက် ထိုနေရာမှ ထွက်ခွာသွားကြလေတော့သည်။

• • •

## နှင်းဆီသခင်မ

ကျောင်းလီတို့ထွက်သွားပြီးမကြာမီ စွန်ရဲဂိုဏ်းချုပ် အိကွမ်၊ ရောက်ရှိလာသည်။

အတုံးအရုံး ကျဆုံးနေသော ကျားနက် သိုင်းသမားကို ကြည့်ကာ ဒေါသထောင်းခနဲထွက်သွားသည်။

အိကွမ်၊ မြင်းပေါ်မှ ခုန်ဆင်းလိုက်သည်။

လက်ရွေးစင်သိုင်းသမားလေးယောက်လည်း မြင်းပေါ်မှ ဆင်းလိုက်သည်။

အိကွမ်းသည် ဒဏ်ရာများကို စစ်ဆေးပြီး မည်သူ့လက်ချက်မှန်းမသိအောင်ဖြစ်သွားမိလေသည်။

'အင်း....ဓားချက်တွေဟာ အင်မတန် ထူးခြားတယ် ရန်သူဟာ သိုင်းပညာ အလွန်တော်တဲ့လူဖြစ်ရမယ်'



'ဒါဆိုရင် ဂိုဏ်းချုပ်ကြီးထင်ထားသလို ယင်နန်ပတ်ဝန်းကျင်က ရန်သူတွေမဟုတ်ဘူးပေါ့ဟုတ်လား'
ဂိုဏ်းခွဲမှူး လုကျော်က မေးလိုက်သည်။

'တစ်ချက်တော့ရှိတယ်၊ ထင်းဝမ် အချက်တစ်ချက်ကို တွေ့လိုက်ရတာကတော့ ကျုပ်အတွက်သဲလွန်စပဲ'

'ထင်းဝမ့်ဓားကွက် ဟုတ်လား၊ ဂိုဏ်းချုပ်ကြီးက ဘယ်လို သဲလွန်စရလိုက်လို့လဲ'

လုကျော်က သိလိုဇောဖြင့်မေးလိုက်သည်။

'ထင်ဝမ်သိုင်းကျမ်းကိုရတာ သိုင်းလောကမှာသုံးဦးပဲ ရှိတယ်၊ ကျုပ်ရယ်၊ နှင်းဆီသခင်မမေဝါရယ်၊ နဂါးဂိုဏ်းချုပ် ကျောင်းလုံရဲ့သား ကျောင်းလီရယ်ပဲရှိတယ်'

'ဒါဆိုရင် ကျန်နှစ်ယောက်က ဘယ်သူဖြစ်နိုင်လဲ'
အိကွမ်း စဉ်းစားလိုက်သည်။

'ကျောင်းလီဟာ လုယန်မြို့က ထွက်သွားတာ သုံးနှစ်လောက်ရှိပြီ ဘယ်ရောက်နေမှန်းမသိရဘူး၊ သူ ရုတ်တရက် ပြန်ရောက်လာသလားဆိုတာ တစ်ချက် စဉ်းစားရမယ်'

'နောက်တော့'

'နောက်တစ်ချက်က နှင်းဆီသခင်မမေဝါးဆီသွားပြီး စုံစမ်းကြည့်ရမယ်၊ သူဟာ ကျုပ်တို့နဲ့ ရန်စတော့ မရှိဘူး၊ ရုတ်တရက် ဒေါသအလျှောက်လုပ်မိတာလဲဖြစ်ချင်ဖြစ်မယ်'

ဂိုဏ်းခွဲမှူး လုကျော်က အတန်ကြာအောင် စဉ်းစား ပြီးမှ....

'ခုံးချက်တွေမှာ ရှန်သူနှစ်ယောက်ကို တွေ့ရတယ်ဆို တော့....

အိုက္ကမ်းက လက်ကာပြလိုက်သည်။

ထိုနောက်....

စားသောက်ဆိုင်ထဲသို့ လှမ်းဝင်လိုက်သည်။

ဆိုင်ရှင်သည် ဧည့်ရဲဂိုဏ်းချုပ်ကိုယ်တိုင် ရောက်လာသော အခါ အလွန်ထိတ်လန့်နေ၏။

'ဘာ....တာကိစ္စရှိလို့ပါလဲ ခင်ဗျာ၊ ဘာအစားအစာ မှာကြားမလို့ပါလဲ'

'တိတ်စမ်း'

အဖွဲ့ချုပ်ကြီး အိုက္ကမ်းက ဟောက်လိုက်သောအခါ ဆိုင်ရှင် ငြိမ်သွားပြီး နောက်ဆုတ်သွားသည်။

'ဒီမှာ ကျောင်ယောင်၊ မင်းဆိုင်ရှေ့မှာ ရန်ပွဲ အကြီး ဖြစ်သွားတာ မင်းမသိဘူးလား'

'သိပါတယ် ထွက်မကြည့်ရဲလို့ပါ'

'အေး....ငါမေးတာ မှန်မှန် ဖြေ'

'ဟုတ်....ဟုတ်ကဲ့'

'ငါ့အဖွဲ့သားတွေကို တိုက်ခိုက်တာ ဘယ်သူလဲ၊ လျှို့ သဏ္ဍာန်သိရင်ပြောစမ်း'



ဆိုင်ရှင်က—

'အသက် ငါးဆယ်လောက် ရှိမယ့် အဘိုးကြီး တစ်ယောက်နဲ့ အသက် နှစ်ဆယ်လောက်ရှိမယ့် လူငယ် တစ်ယောက်ပါ'

'သူတို့ ဘယ်ယောက်သွားလဲ'

'အဘိုးကြီးကတော့ မသိဘူး၊ လူငယ်ကတော့ ညနေ ပိုင်းကတည်းက ရောက်လာပြီး ဒီမှာတည်းခိုဖို့အခန်း ယူထားပါတယ်'

'ဒါဆို သူ့အခန်း ငါ့ကို လိုက်ပြစမ်း'

ဆိုင်ရှင်က ကြောက်ကြောက်လန့်လန့်ဖြင့် ကျင်းလီသူ ငှားသောအခန်းကို လိုက်ပြလိုက်သည်။

အခန်းကို ဖွင့်လိုက်သောအခါ လူတစ်ယောက် ပစ္စည်း တစ်စုံတစ်ရာမှ မရှိပေ။

'ဟင်—သူ သူဘယ်အချိန်က ထွက်သွားပါလိမ့်'

အိုက္ကမ်းက ဆိုင်ရှင်အား အကဲခတ်ကြည့်ပြီး....

'ကောင်းပြီ၊ အဲဒီလူ နောက်တစ်ကြိမ် မင်းဆီကိုလာ ရင် ငါ့ဆီ ချက်ချင်း အကြောင်းကြားပါ'

'ဟုတ်ကဲ့ ကျွန်.... ကျွန်တော် အကြောင်းကြားပါ့ မယ်'

'မင်းကတိတည်ပါစေ၊ မင်းဆိုင်ရှေ့မှာရှိတဲ့အလောင်း တွေကို ရှင်းလိုက်ပါ၊ ရော့ မင်းသုံးဖို့'

အိကွမ်းသည် ဆိုင်ရှင်အား ငွေဒင်္ဂါးများ ပေးလိုက်လေသည်၊

'ဟုတ်ကဲ့ ရှင်းပေးပါ့မယ်ခင်ဗျာ'

ဆိုင်ရှင်က ဝမ်းသာအားရပြောလေသည်။

အိကွမ်းမှာ ရန်သူကို မတွေ့လိုက်ရ၍ ဘဝင်မကျစွာ ပြန်ထွက်သွားလေသည်၊

* * *



နှင်းဆီတောင်ကြား....

အလွန်နက်သော တောကြီးကိုဖြတ်ပြီးသောအခါ တောင်ခြေသို့ရောက်သည်။

တောင်ခြေမှတစ်ဆင့် နှင်းဆီတောင်ကြားစခန်းသို့ ကွေ့ကောက်သော တောင်တက်လမ်းများအတိုင်းသွားရသည်၊

ထိုတောင်ကြားမှာပင် လမ်းပျောက်၍ အသက်ပျောက်တတ်သည်၊

မတော်တဆရောက်လာသော ခရီးသွားတို့သည် နှင်းဆီမယ်စခန်းသို့ မရောက်မီမှာပင် အသက်ပျောက်ကြရသည်၊

ထို့ကြောင့်....

နှင်းဆီတောင်ကြားဒေသကို မည်သူမျှ မသွားကြချေ၊

ယခုတော့....

သိုင်းသမားလေးယောက် မြင်းကိုယ်စီဖြင့် နှင်းဆီတောင်ကြားသို့ ဝင်လာကြလေသည်၊

သူတို့သည် တောနက်ကြီးကို တစ်နာရီကျော်ကျော်ဖြတ်သန်းလာခဲ့ကြ၍ အတော်ပင်ပန်းသွားကြသည်၊

ထို့ကြောင့်....

တောင်ကြောတစ်ကွေ့မှာ မြင်းများရပ်၍ ခေတ္တနားလိုက်ကြတော့သည်၊

နေ့ခက်မှ တောင်တက်လမ်းအတိုင်း ဆက်တက်ခဲ့သည်။

'တူ တူ တူ'

တောင်တက်လမ်းများ ဆုံး၍ တောင်ကြားလမ်းကျဉ်းကလေးကိုရောက်သည်နှင့် ကျွဲချိုမှုတ်အချက်ပေးသံ ကြားရ၏။

မြင်းကိုယ်စီနှင့် သိုင်းသမား ၄ ယောက်မှာ ချက်ချင်းပင် ရှေ့သို့တက်လာကြသည်။

'တူ တူ တူ'

ကျွဲချိုမှုတ်သံများ အဆက်မပြတ် ထွက်ပေါ်လာပြီး တစ်ဆက်တည်းပင် မြှားတံများ ပြေးဝင်လာသည်။

ရှေ့ဆုံးမှပါလာသော သိုင်းသမားက လက်ဝါးဖြင့်ရိုက်ရိုက်ရာ မြှားတံများ အဝေးသို့ လွင့်စင်သွားသည်။

မြင်းစီးသမား ၄ ယောက်ရှေ့သို့ လေးကိုယ်စီ မြှားအသင့် ချိန်ရွယ်ထားသူ ၄ ယောက်ရောက်ရှိလာသည်။

မြင်းစီးသမားခေါင်းဆောင်က မနီးမဝေးရှိ လင့်စင်ပေါ်သို့ကြည့်လိုက်ရာ လေးသမား ၄ ယောက်မှာ မြေပြင်ရောက်နေသူ လေးသမားကဲ့သို့ လေးကို အသင့်ချိန်ရွယ်ထားသည်။

'မင်းတို့ဘယ်ကလဲ ဘယ်သူတွေလဲ ဘာကိစ္စနဲ့နှင်းဆီတောင်ကြားကို ရောက်လာရတာလဲ'

လေးသမား ၄ ယောက်ထဲမှ အသားညိုညို အရပ်ပုပုလေးသမားသည် လေးကို ခင်းထားယင်းကပင် အဆက်မပြတ် မေးခွန်းများ မေးလိုက်သည်။



'မိတ်ဆွေရဲ့ မေးခွန်းက များလွန်းလှချည်လား၊ ကျုပ်တစ်ခုချင်း ဖြေပါရစေ'

လေးသမားသူသည် အရပ်ပုသလောက် စိတ်တိုပုံလည်းရသည်။

'ကျုပ်တို့ဟာ စွန်ရဲဂိုဏ်းက သိုင်းသမားတွေပါ၊ ကျုပ်နာမည် လုကျော် ဂိုဏ်းခွဲမှူးတစ်ယောက်ပါ'

'ဘာကိစ္စနဲ့ လာတာလဲ'

လုကျော် ခေါင်းခါရမ်းလိုက်သည်။

'နှင်းဆီသခင်မနဲ့ တွေ့မှဖြစ်လိမ့်မယ်'

'ဒါဆိုရင်ကျုပ်ကို ကျော်ပြီးမှ ဝင်ရလိမ့်မယ်'

သူ ပြုံးလိုက်သည်။

'နှင်းဆီသခင်မက ကျုပ်တို့နဲ့ ရန်သူမဟုတ်ဘူး၊'

'အဲဒါကို ကျုပ်သိတယ်၊ ကျုပ်က ဒီကိုရောက်လာတဲ့ လူမှန်သမျှ စစ်ဆေးဖို့တာဝန်ရှိလို့ပါ ကျုပ်တို့ယှဉ်ပြိုင်ကြစို့'

ပြောပြောဆိုဆို တိုက်ခိုက်ရန် ဟန်ပြင်လိုက်သည်။

'ခေကျွန်း ရပ်လိုက်ပါ'

နောက်ကျောမှ အမျိုးသမီးတစ်ယောက်အသံ ထွက်လာသည်။

အမျိုးသမီးမှာ ရုပ်ရည်ချောမောလှပပြီး အနီရောင် ဝတ်စုံကို သေသပ်စွာ ဝတ်ဆင်ထားသည်။

'ညွှန့်သည်တွေက ဘယ်သူတွေလဲ ဝေကျန်'
အမျိုးသမီးက မေးလိုက်သည်။

ဝေကျန်က

'စွန်ရဲဂိုဏ်းလို့ ဆိုပါတယ် အထိန်းတော်မလေး'
အမျိုးသမီးက လူကျောက်ဘက်သို့ လှည့်လိုက်သည်။

'ဟုတ်ပါသလားရှင်၊ သူကခေါင်းညိတ်သည်။

'ဟုတ်ပါတယ်'

သူမက

'ဒါထက် နှင်းဆီတောင်ကို ရောက်လာတဲ့ကိစ္စက'

လူက

'နှင်းဆီသခင်မ မေဝါးကို တွေ့မှ ပြောပါလို့ ဂိုဏ်းချုပ်က မှာလိုက်လို့ပါ'
သူမ ခေါင်းညိတ်လိုက်သည်။

'ကြော်ရပါတယ် ကဲ စံအိမ်အတွင်း ဝင်လိုက်ကြစို့'
သူမသည် လှမ်းပြပို့ ဆောင်ပေးသည်။

အစောင့်လင့်စင်မှ ချိုးကွေ့လိုက်သည်နှင့် နှင်းဆီလမ်းကြားအကျဉ်းဝိုင်းလမ်းလေးကို ရောက်လာကြသည်။

လမ်းလေးသည် နှစ်ယောက်ယှဉ်တွဲ သွားလာရုံသာရှိ၏။

သို့သော်—
လမ်းကြားကလေးသည် ရှည်လျားခြင်း မရှိပေ။



ဆယ်ကိုက်ကျော်ကျော်လောက် ရောက်သည်နှင့် အကွေ့အကျယ်ကြီးတွင် နှင်းဆီ စံအိမ်ကြီးကို တွေ့လိုက်ရလေတော့သည်။

နှင်းဆီ စံအိမ်ကြီးကား အနီရောင် ဆေးများဖြင့် သုတ်လိမ်းထားလေသည်။

ဝင်းတံခါးသို့ ရောက်သည်နှင့် မြင်းများကို သင့်တော်ရာမှာ ထားလိုက်ကြသည်။

တစ်ဘက် နှစ်ယောက်သော လက်နက်ကိုင် အစောင့်တို့အား အထိန်းတော်က လက်တစ်ဘက် မြှောက်ပြလိုက်ရာ ပင်းတံခါးကြီး အလိုလို ပွင့်သွားလေသည်။

အမျိုးသမီးက အခန်းတွင်းသို့ လှမ်းဝင်သွားသည်။

လူကျောက်တို့လည်း လိုက်ဝင်သွားကြသည်။

အဆောင်များစွာကို ဖြတ်ကျော်လာပြီးသောအခါ ခန်းမဆောင်ကြီးဆီသို့ ရောက်လာကြသည်။

ခန်းမဆောင်ကြီး၏ ထိပ်ရှိ ကုလားထိုင် တစ်လုံးတွင် အမျိုးသမီးတစ်ယောက် ထိုင်နေလေသည်။

အမျိုးသမီး၏ မျက်နှာမှာ မျက်နှာဖုံး တပ်ဆင်ထားလေသည်။

သူမ၏ နောက်ကျောဘက်တွင် နီအရောင်ဝတ် သိုင်းသမား ရှစ်ယောက် တန်းစီ ရပ်နေကြသည်။

အထိန်းတော် အမျိုးသမီးက နှင်းဆီ သခင်မအား—

'စွန်ရဲဂိုဏ်းက ဂိုဏ်းခွဲမှူးကြီး လုံကျော်ကပါ သခင်မလေး၊ သူတို့ ဂိုဏ်းချုပ်ရဲ့ မှာစကား ပြောဖို့ လာကြပါတယ်တဲ့'

လုံကျော်ကက နှင်းဆီ သခင်မအား အရိုအသေပေးလိုက်သည်။

'ဂိုဏ်းချုပ်လွှတ်လိုက်လို့ လာခဲ့ပါတယ် သခင်မလေး'

နှင်းဆီ သခင်မက—

'ကဲ… ဆိုစမ်းပါဦး ဂိုဏ်းခွဲမှူးကြီးရဲ့…၊ ဘယ်လို အကြောင်းများ ထူးခြားနေလို့ပါလဲ'

ထိုအခါ…

လုကျော်ကက ဗိမိတို့ ဂိုဏ်းသားများ ဆုံးရှုံးသွားပုံကို အတိုချုံး ပြောပြလိုက်လေသည်။

လုကျော်၏ စကားဆုံးသည်နှင့် နှင်းဆီ သခင်မက—

'ဒီမှာ ဂိုဏ်းခွဲမှူး၊ ကျွန်မ ပြောမယ်၊ ထင်းဝမ် မော်ချက် ဆွဲတာနဲ့ ကျွန်မ လက်ချက်လို့ ရှင်တို့ ဂိုဏ်းချုပ် စွပ်စွဲတာ လွန်တာပေါ့။

'တကယ်တော့ ထင်ဝမ် ဓားကျွမ်းကို ရတာ ကျွန်မ မဟုတ်ဘူး'



'နဂါးဂိုဏ်းချုပ် ကျင်းလုံရယ် သူ့ သူငယ်ချင်း နှစ်ယောက်ဖြစ်တဲ့ စုမာနဲ့ ရှင်တို့ ဂိုဏ်းချုပ် ဦးလေး လုံတွာတို့ပါပဲ၊ အဲ့သည်က တစ်ဆင့် ကျွန်မတို့ ရတာပါ…

'ဟုတ်ကဲ့ ကျွန်တော် သဘောပေါက်ပါတယ်၊ သခင်မလေး ဆိုလိုတာက ထင်ဝမ် သိုင်းပညာတာ ဂိုဏ်းချုပ်ကြီး ပြောသလို သုံးယောက်ထဲရထားတာမဟုတ်ဘဲ ဒီ သုံးယောက်အပြင် အခြားသူ ရှိချင် ရှိဦးမယ် ဆိုလိုတာလား'

မေဝါး၏ ရှင်းပြသောစကားကို နားထောင်ပြီးသော အခါ လုကျော်က မေးကြည့်လိုက်သည်။

'အင်း…ရှင်ပြောတာ ဖြစ်နိုင်ပါတယ်၊ ပထမသူတွေ မရှိကြတော့ဘူးဆိုတော့ အိုဒီသိုင်းပညာကို ရသူဟာ သူ့ရယ်၊ ကျွန်မရယ်၊ ကျင်းလီရယ်ပဲ ရှိတော့တာပဲ'

လုကျော်က—

'ကျင်းလုံရဲ့သားဟာ ခရီးလွန်နေတယ် မဟုတ်လား'

မေဝါးက—

'ဟုတ်တယ်၊ ဒါပေမယ့် ရုတ်တရက် ရောက်လာပြီး မြေလာနေမြစ်ကြီးတစ ဆိုရင်တော့…'

မေဝါးသည် အလွန်ဥာဏ်ထက်သူ ဖြစ်လေသည်။
သူမ တွေးလိုက်လျှင် အနီးစပ်ဆုံး မှန်ကန်တတ်သည်။

'ဘာပဲဖြစ်ဖြစ် သခင်မလေး၊ ကျုပ်တို့ဂိုဏ်းချုပ်က မှာလိုက်တာကတော့ အခု ပြဿနာရဲ့ အရင်းကျတဲ့ တရားခံဟာ သခင်မလေး မဖြစ်ပါစေနဲ့တဲ့၊
'ဖြစ်လာခဲ့ရင် အပေးအယူ လုပ်ခဲ့ကြတုန်းက မိတ်တွေတွေ ဖြစ်ကြပေမယ့် ရန်သူတွေ ဖြစ်လာနိုင်တယ်လို့ မှာလိုက်ပါတယ်'
'ကောင်းပြီလေ....ကျွန်မကလဲ ဒီပြဿနာမှာ ဘာမှ မပတ်သက်ဘူးဆိုတာ ရဲရဲကြီး အာမခံလိုက်ပါတယ်၊ စွန်ရဲဂိုဏ်းနဲ့ နှင်းဆီဂိုဏ်းဟာ မိတ်ဆွေဖြစ်ဖို့ကြိုးစားနေတယ်၊ ကျွန်မ တတ်နိုင်တဲ့ဘက်က ကူညီပါမယ်လို့ ရှင်တို့ဂိုဏ်းချုပ်ကို ပြောလိုက်ပါ'
လူကျောက်က ခေါင်းညိတ်လိုက်သည်။
'ကောင်းပါပြီ၊ ကျုပ်တို့ကို ခွင့်ပြုပါဦး'
မေဝါးက ခေါင်းညိတ်လိုက်သည်။
လိုကျောက်တို့ ထွက်ခွာသွားကြသည်။
မေဝါးသည် ကုလားထိုင်ပေါ် ပြန်ထိုင်ရင်း စဉ်းစား၏။

အတိတ်သာ အတူတကွ ချစ်ခင်စွာ နေထိုင်ခဲ့ရသော သိုင်းသမားကြီးများကို ပြန်လည် သတိရမိသလို ထင်ဝမ် ၏အုပ်အကြောင်းကိုသည်း ပြန်လည်အမှတ်ရနေမိလေသည်။

• • •

## ထင်ဝမ်သိုင်းကျမ်း

လွန်ခဲ့သော နှစ်ပေါင်း ၂၀ ကျော်က ဖြစ်သည်။

ခေတ်ကာလမကောင်း။

မန်ချူးတို့က နေပြည်တော်ကို ဝင်ရောက်တိုက်ခိုက်သောကြောင့် ကစဉ့်ကလျားဖြစ်ကာ နေပြည်တော်ပျက်ရသည့် အခြေအနေ

ဘုရင့် ဘက်တော်သားများသည် ဦးတည်ရာမဲ့စွာ ထွက်ပြေးတိမ်းရှောင်ရသည်။

* + *

နွေခေါင်ခေါင်

ကွင်းပြင်လွင်ပြင်လမ်းကြီးမှ မြင်းလှည်းများသည် ချန်အန်းတောဒေသသို့ ဦးတည်၍ သွားကြသည်။

ထိုလှည်းတို့သည် နေပြည်တော်မှ တိမ်းရှောင်လာသည့် တပ်မှူးကြီးကျင်းလုံ ဦးဆောင်သော အဖွဲ့ဝင်ဖြစ်သည်၊

ထိုအုပ်စုသည် သိုင်းပညာ အဆင့်မြင့်မားသည့် အစုလေး ဖြစ်ပြီး နေပြည်တော်၌ နေစဉ်ကတည်းက ခင်မင်ကြသော သူငယ်ချင်းများ ဖြစ်ကြသည်၊

တပ်မှူးကြီးကျင်းလုံ လက်အောက်တွင် အမှုထမ်းနေသည့် စုမစ်ရဲနှင့်လုံဟွာကို ဖြစ်သည်၊

စုမစ်ရဲတွင် ငယ်စဉ်ကပင် စောင့်ရှောက်လာခဲ့သော ညီမငယ် မေဝါးပါလာသလို ကျင်းလုံမှလည်း ဇနီးသည်ရင်ရင်နှင့်ငါးနှစ်အရွယ်ကလေး ကျင်းလီကို ပါလာကြသည်၊

ထို့ကြောင့်....

၎င်းတို့အဖွဲ့သည် ယောကျ်ားကြီး ၃ ယောက် မိန်းမနှစ်ယောက်နှင့် ကလေးတစ်ယောက်ပါသည့် အုပ်စုပင်ဖြစ်သည်၊

သူတို့သည် ကွင်းပြင်ကြီးကို ဖြတ်ကျော်၍ တောအုပ်တစ်ခုဆီသို့ ရောက်သောအခါ ညနေစောင်းအချိန်သို့ပင် ရောက်ပြီဖြစ်သည်၊

ထိုအချိန်က



'ဟေ့ကောင် မင်းတို့က ဘာကောင်တွေလဲ၊ ဘာဖြစ်လို့ လှည်းကိုတားတာလဲ'

'ဟား ဟား ဟား ကျုပ်တို့ဟာ ဒီနယ်မြေနဲ့ဒီတောအုပ်ကိုကြီးစိုးတဲ့ မြွေပွေးယန်ကျိုခဲ့ဘပည့်ခဘွဲ'

ဓားကိုယ်စီလွယ်ထားသော ထိုနှစ်ယောက်ထဲမှတစ်ယောက်က ပြောလိုက်သည်၊

'မြွေပွေးယန်ကြိုဟာ ဘယ်လောက်အစွမ်းရှိလို့လဲ'

'ယန်ကျိုအကြောင်း မကြာခင် သိရမှာပေါ့'

ထိုစကားကို အဝေးတစ်နေရာမှ လှမ်းပြောလိုက်ခြင်းဖြစ်သည်၊

အရပ်ရှည်ရှည် ပိန်သွယ်သွယ် လူတစ်ယောက် လှားခနဲ ရောက်ရှိလာသည်၊

ဆိုလူရောက်လာပြီး တစ်ပြိုင်တည်းလိုလိုပင် လက်နက်ကိုင်ဆောင်ထားသော လူနှင့်ဆယ်ခုနှ့် တောအုပ်ထဲမှ ထွက်လာသည်၊

မြွေပွေးယန်ကျိုက....

'ဟား ဟား ဟား.... ဒီမှာ မိတ်ဆွေတို့ အသက်မသေချင်ရင် ပါသမျှ ရွှေငွေတွေ ပေးခဲ့ကြ၊ ဒါပဲ'

ဘာပြောတယ်ကွ'

ငြိမ်သက်၍ နားထောင်နေသော ကျင်းလုံက အော်ငေါက်ပစ်လိုက်သည်၊

ခါးပြများလည်း လစ်လျှင်လစ်သလို တိုက်ခိုက်တတ်သည်။ အမျိုးသမီးစစ်ဦးနှင့် ကလေးငယ်မှာ လှည်းအတွင်းပိုင်းမှ လိုက်ပါလာသည်။

ရိက္ခာအပြည့်အစုံ၊ အိုးခွက်အပြည့်အစုံပါသော နောက်လှည်းကို လုံးဟွာက မောင်းနှင်လာသည်။

စုမာရဲနှင့်ကျင်းလီက ရှေ့ပိုင်းလှည်းတွင် စကားပြော၍ လိုက်ပါလာကြသည်။

ညအချိန် ရောက်လာသည်။

သို့သော်

လဝင်းက ထိန်ထိန်သာနေသောကြောင့် လှည်းလမ်းသည် ပင်ကျင့်နေသည်။

'ဝှစ်....ဝှစ်'

ထိုစဉ်မှာပင် လေတိုးသံနှစ်ချက်ကို ကျင်းလုံကောစုမာရဲပါ သတိထားမိလိုက်ကြသည်။

'ဘာဖြစ်တာလဲ စုမာရဲ'

လုံဟွာက မြင်းလှည်းကို ရပ်လိုက်ပြီး လှမ်းမေးလိုက်၏။

သူ၏ စကားမဆုံးမီမှာနိုင် လူရိပ်နှစ်ခုက ကျင်းလုံတို့ရှေ့လှည်းကို ပိတ်ရပ်ထားသည်ကို တွေ့ရသည်။

'ဟဲ့ ဟဲ ဟဲ'

မလေးမမန် ရယ်မောပြီး လှည်းပေါ်ကို စိုက်ကြည့်နေသော ထိုလူနှစ်ယောက်ကို စုမာရဲကို စိတ်မရှည်စွာဖြင့် မေးသလိုက်ည်။



'ကျုပ်ခါးက လူမရွေးဘူး'

လုံဟွာ ရောက်ရှိလာပြီး....

'ငါ့ ခါးကလဲ နယ်မရွေးဘူး။ လူလဲ မရှောင်ဘူး၊ တစ်ကောင်ဘူး ခါးသမား လုံဟွာ ဆိုတာ ငါပဲ'

မြွေပွေး ယန်းကျိက သူ့လူများကို အချက်ပေးလိုက်လေသည်။

'ချမ်း'

လုံဟွာ ခါးရှည်ကို ဆွဲထုတ်လိုက်သည်နှင့် ခါးပြ လေးယောက်သည် လုံဟွာအား ဝင်ရောက် တိုက်ခိုက်လိုက်လေ၏။

'ဝှစ်....ဝှစ်'

'ဝုန်း'

'အား'

'အမယ်လေး'

'သေပါပြီကျ'

လုံဟွာက ခါးခုတ်ယမ်းလိုက်သည့် တဒင်္ဂ အချိန်လေးမှာပင် ခါးပြလေးယောက် မြေပေါ် လဲကျသွားလေသည်။

'ဟင်....'

မြွေပွေး ယန်းကျိ အံ့သြသွားလေသည်။

ထို့အပြင်–

ဒေါသလည်း ထွက်သွား၍ သူ၏ဓားကို ဆွဲထုတ်လိုက်ပြီး လုံဟွာအား ပြေးဝင်လိုက်လေသည်၊

ယန်ကျိ၏ ဓား လုံဟွာထံ မရောက်မီ ကျင်းလုံက ကြားဝင် ဟန့်တားလိုက်လေသည်၊

'ထန်း'

ကျင်းလုံသည် ယန်းကျိနှင့် ရင်ဆိုင်လိုက်သည်၊

ထို့အတူ—

စုမာရဲတို့ မောင်နှမကလည်း အခြားဓားပြများနှင့် ရင်ဆိုင် တိုက်ခိုက်နေကြပြီ ဖြစ်သည်၊

'ထန်း ထန်း'

'ဝှန်း'

'အား'

လရောင်အောက်တွင် ပြင်းထန်သော တိုက်ပွဲ ဖြစ်ပေါ်လာသည်၊

မြွေပွေး ယန်းကျိသည် ဓားကို မြွေပွေးတစ်ကောင်ပမာ ဝေ့ယမ်း၍ ကျင်းလုံအား တိုက်ခိုက်လိုက်သည်၊

ကျင်းလုံကလည်း ရောင်ပြန် ဓားကွက်ဖြင့် ခုခံလိုက်ရာ ဓားနှစ်လက် ပူးကပ်သွားလေသည်၊

ကျင်းလုံသည် ဓားဆီသို့ အတွင်းအား ပို့လွှတ်လိုက်တာ ဆတ်ခနဲ ဆောင့်ဆွဲရာ ယန်းကျိမှာ နောက်ဆုတ်သွားရလေသည်၊



'ဝှန်း'

ယန်းကျိနောက်ဆုတ်သွားစဉ် ကျင်းလုံသည် အခွင့်အရေးကို လက်လွှတ်မခံဘဲ ယန်းကျိ ရင်ဝအား ဓားဖြင့် ရိုက်ချလိုက်လေသည်၊

ယန်းကျိ အဝေးသို့ လွင့်စဉ်သွားသည်၊

'ဝေါ'

သွေးများ အန်ထုတ်ကာ ငြိမ်ကျသွားလေသည်၊

ထိုအချိန်မှာပင် ကျန် ဓားပြများသည်လည်း အတုံးအရုန်း ကျဆုံးသွားပြီဖြစ်သည်၊

တိုက်ပွဲ ပြီးဆုံးသွားပြီဖြစ်သည်၊

တိုက်ပွဲကြောင့် ဆူညံခဲ့သော တောအုပ်သည် ယခုအခါ တိတ်ဆိတ်လျက်ရှိနေ၏၊

ကျင်းလုံတို့ လူစုသည် လှည်းနှစ်စီးနှင့် ခရီးဆက်ကြပြန်လေသည်၊

တစ်ညနှင့် တစ်နေ့ ခရီးဆက်မိသောအခါ ချယ်ရီတောင်တန်းကို ရောက်ကြပြီး ထိုတောင်တန်း၏ ချောင်ကျကျ ခိုအောင်း၍ ကောင်းသော နေရာတစ်ခုကို ရွေးချယ်ကြလေ၏၊

တောင်ကုန်းမှာ မြင့်မားလှသည်က တစ်ကြောင်း....

စမ်းချောင်းနှင့် နီးသည်က တစ်ကြောင်း....

လူသူ အရောက်အပေါက် နည်းသော ဒေသမို့ ထိုနေရာအား ကျင်းလုံတို့ ရွေးချယ်လိုက်လေသည်၊

....o....

သူတို့လူစုသည် ချယ်ရီတောင်တန်း၌ ပျော်ရွှင်ချမ်းမြေ့စွာ နေထိုင်ခဲ့ကြ၏။

သို့သော်

သုံးနှစ်လွန်မြောက် သမီး လေးနှစ်အတွင်း ရောက်သော အခါ ကျင်းလုံ၏ဇနီး ရင်ရင်မှာ စမ်းချောင်းတွင် ရေခပ်ဆင်း ရာမှ ကျားသစ်ကုပ်ခံလိုက်ရသည်။

ထိုဒဏ်ရာကို ကုသနေရင်းမှပင် ဒဏ်ရာရှိန်နှင့် အပျင်းဖျား ကာ သေဆုံးသွားသည်။

သူငယ်ချင်းနှစ်ဦးက အမျိုးမျိုးအားပေးကြ၏။

'စိတ်မပူပါနဲ့ သူငယ်ချင်းရေ၊ တို့တွေ အတူတူနေပြီး ရှေ့ခရီးဆက်ဖို့ တိုင်ပင်ကြတာပေါ့'

ကျင်းလုံက

'ငါ့အတွက် အကြောင်းမဟုတ်ပါဘူး၊ ငါ့သားလေး က အခုမှ ကိုးနှစ်ဆိုတော့ လူမမယ်လေးပဲ ရှိသေး တာ'

'အိုကွာ၊ ဒါလဲ ပူစရာမလိုပါဘူး၊ ငါ့ညီမ မေဝါး တစ်ယောက်လုံး ရှိသားပဲ'

စုမာရဲစကားကြောင့် မေဝါးခေါင်းငုံ့သွား၏။

ကျင်းလုံလည်း မျက်နှာပူသွားသည်။



မေဝါးသည် ကျင်းလုံ အိမ်ထောင်မကျခင်ကတည်းက ကျင်းလုံကို စိတ်ဝင်စားခဲ့၏။

သို့သော်

ကျင်းလုံက ညီမတစ်ဦးလိုသာ သူ့အား ခင်တွယ်ခဲ့လေ သည်။

ကျင်းလုံသည် ရင်ရင်ကို ရုတ်တရက် လက်ဆပ်လိုက်သည့် အခါ မေဝါးမှာ အလွန်ဝမ်းနည်းခဲ့ရ၏။

သို့တိုင်အောင်

ကျင်းလုံအပေါ် မေတ္တာမပျက်ခဲ့ပါ၊

ကျင်းလုံ၏သားလေးကိုလည်း ချစ်ခင်ခဲ့၏။

ဂရုတစိုက် ထိန်းကျောင်းပေးခဲ့၏။

ရုတ်တရက်

ရင်ရင်သေဆုံးသွားသည့်အခါ မေဝါးအဖို့ မျှော်သင့်ချက် ဖြစ်လာခဲ့သည်။

ကျင်းလုံသည် သူ၏သား ကျင်းလီအပေါ် မျှော်လင့်ချက် ကြီးစွာ ထားလေသည်။

လူကြီးသုံးဦး၏ ဆုံးမစကားများကြား၌ လိမ္မာစွာဖြင့် တစ်နေ့ထက်တစ်နေ့ ကြီးပြင်းလာခဲ့သည်။

ကျင်းလီ ဆယ်နှစ်သားသို့ရောက်သည့်အခါ ကျင်းလီမှာ အခြေခံမှစ၍ သိုင်းပညာကို စတင်သင်ကြားရလေ၏။

တစ်နှစ်....

နှစ်နှစ်....

သုံးနှစ်....

ကျင်းလီ ဆယ့်သုံးနှစ်သားအရွယ်သို့ ရောက်သည့်အခါ ဖခင်ဖြစ်သူ၏ နဂါးသိုင်းကို ကြေညက်စွာ တတ်မြောက်ခဲ့လေသည်။

* * *



တစ်နေ့....

ကျင်းလို၊ လိုဟွာ၊ စုမာရဲတို့သုံးယောက်သည် တောပစ်သွားရင်း မိုးမိကာ ကျောက်ဂူကြီးတစ်ခု၌ မိုးခိုခဲ့၏။

ကျောက်ဂူကြီးမှာ တောင်ခါးပန်းတစ်ခု၌ မားမားကြီး အပြင်သို့ ငေါထွက်နေ၍ မိုးခိုရန် အဆင်ပြေလှ၏။

သူတို့သုံးယောက်သည် မိုးစွေနေ၍ အချိန်ကိုစောင့်ပြီး မီးဖိုတစ်ခုကိုပြုလုပ်ကာ ရရှိထားသည့် ဆတ်တစ်ကောင်ကိုဖျက်၍ မီးဖုတ်နေ၏။

မီးဖိုမှ မီးအားကောင်းလာသောအခါ ကျောက်နံရံမှာ လင်းထိန်လာ၏။

မိုးမှောင်ကျနေသော်လည်း ကျောက်ဂူကြီးမှာ လင်းနေသည်။

လိုဟွာသည် အမှတ်မဲ့ ကျောက်နံရံကြီးကို ကြည့်လိုက်သည့်အခါ လူနှစ်ယောက်ကစားနေပုံကို နံရံပေါ်မှာ မြင်နေရလေသည်။

'ဟင်'

လိုဟွာ အံ့သြသွားသည်။

လိုဟွာသည် မီးတုတ်တစ်ခုပြုလုပ်၍ ထိုအရပ်တစ်ခုကို အသေအချာကြည့်လိုက်ရာ နှစ်ယောက်ဓားချင်းဆိုင်သည့်နေရာတွင် ကျောက်သားတုလေးတစ်ခုကို မြင်လိုက်ရသည်။

လုံဟွာ၏ အာမေဋိတ်သံကြောင့် စုမာရဲနှင့်လုံဟွာတို့ပါ ကျောက်နံရံအနီးရောက်လာပြီး လေ လာကြ၏။
နံရံအနီး ချောက်လာကြပြီး လေ လာ၏။

'ဒါဟာ ထူးခြားချက်ပဲ၊ ဘာပဲဖြစ်ဖြစ် တို့သုံးယောက် စူးစိုက်ကြည့်ကြမယ်ကွာ'

'သဘောပဲသူငယ်ချင်း'

လုံဟွာသည် ကျောက်သားဘုတလွှေးကို လက်မနှင့် ဖိချလိုက်သည်။

'ဝေါ၊'

'ဂျိမ်း'

လူရှပ်နှစ်ခုပါသောနေရာမှ ကျောက်သားပြတ်ထွက်သွားပြီး လူတစ်ရပ်စာရှိသည့် ဝင်ပေါက်ပေါ်လာသည်။

သူတို့သုံးယောက်သည် မီးတုတ်ကိုယ်စီပြုလုပ်၍ လုံဟွာက ရှေ့ဆုံးမှနေ၍ တံခါးကိုတွန်းဖွင့်လိုက်သည်။
တံခါးရင်းတွင် ကျောက်လှေကားတစ်ခုရှိသည်၊

ထိုကျောက်လှေကားအတိုင်း လျှောက်သွားရာ လှေကားထစ်ဆုံးသည်နှင့် ကျောက်သားလမ်းကွေ့တစ်ခုသို့ ရောက်ရှိသွားသည်။

ထိုလမ်းကွေ့အဆုံးတွင် လင်းထိန်းသည့် အခန်းတစ်ခုသို့ ရောက်ရှိသွင်းသည်။



သူတို့သည် အဘယ်ကြောင့် အခန်းတစ်ခုလုံး လင်းထိန်သည်ကို အမြဲရှာကြည့်ရာ နောက်ဆုံး၌ မျက်နှာကျက်အထိမှ ကျောက်သားအတွင်းသို့ တစ်ဝက်မြှုပ်နှံထားသည့် ပတ္တမြားကြီးတစ်လုံးကို တွေ့လိုက်ရ၍ အလွန်အံ့သြသွားလေ၏။

'ဟာ... ကောင်းလိုက်တဲ့ပတ္တမြား၊ ပြည်တန်ရတနာဆိုတာ ဒါမျိုးပဲဖြစ်ရမယ်'

စုမာရဲက ပြောနေစဉ် ပတ္တမြားကြီးတည့်တည့်ရှိ ကျောက်ကလပ်ပေါ်၌ သေတ္တာငယ်လေးတစ်လုံးကို တွေ့လိုက်ရ၍ လုံဟွာက သေတ္တာခွက်ကိုဖွင့်ကြည့်လိုက်သည်။

'ဟာ'

'ဟင်'

သုံးယောက်စလုံး အံ့သြသွားသည်။

အဘယ်ကြောင့်ဆိုသော်

အခန်းကြီးတစ်ခုလုံး မယုံကြည်နိုင်လောက်အောင် လင်းထိန်သွားသောကြောင့်ပင် ဖြစ်သည်။

သေတ္တာငယ်အတွင်း ရှိနေသည်မှာ အဖိုးဖြတ်ရန် ခက်ခဲသော ပတ္တမြားအလုံးရေ ငါးရာလောက်ပင်ဖြစ်၏။

လုံဟွာသည် ပတ္တမြားသေတ္တာကို ပြန်ချမည်အပြုတွင် ကလပ်ပေါ်၌ စာအုပ်ငယ်တစ်အုပ်ကို တွေ့လိုက်ရ၏။

လုံဟွာသည် စာအုပ်ပေါ်ရှိ ကျောက်မှုန့်များကို ခါလိုက်ပြီး ကြည့်လိုက်၏။

'ဟင်....ထင်ဝမ်သိုင်းကျမ်း ဆိုပါလား'

စာအုပ်ကြားမှ စာရွက်တစ်ရွက် ကျလာသည်။

'လူစွမ်းကောင်း....မိတ်ဆွေ....

ကျွန်ုပ်....လျှို့ဝှက်ထားသော နေရာကို သာနိုင်သော ကြောင့် မိတ်ဆွေကို သူရဲကောင်းဟု ခေါ်လိုက်ပါမည်။

မိတ်ဆွေ၏ လက်ထဲတွင် ရောက်ရှိနေသော ထင်ဝမ်သိုင်းကျမ်းစာအုပ်နှင့် အဖိုးမဖြတ်နိုင်သော ပတ္တမြား အလုံး ငါးရာ့ ဆယ့်သုံးလုံးတို့သည် ကျွန်ုပ်၏ အိုးဘွားပိုင်ပစ္စည်းများပင် ဖြစ်ကြသည်။

ကျွန်ုပ်၏ အိုးဘွားများသည် မြို့စား မျိုးရိုးများ ဖြစ်ကြသည်။

အစဉ်အဆက် ချမ်းသာသူများ ဖြစ်ကြသည်။

အဖိုးတန် ကျောက်မျက် ရတနာများကို စုဆောင်းခဲ့ကြသည်ဖြစ်ရာ ကျွန်ုပ်လက်ထက်တွင် ဤမျှများပြားနေခြင်းဖြစ်သည်။

ထင်ဝမ်သိုင်းကျမ်းမှာ ကျွန်ုပ်အဘိုးကိုယ်တိုင် တီထွင်ခဲ့သည့် သိုင်းကျမ်းဖြစ်ပြီး ဆန်းပြားလှပေသည်။

ဤကျောက်မျက် ရတနာများနှင့် သိုင်းကျမ်းကို အများအကျိုး သိုင်းလောကအကျိုးပြုသော နေရာတွင် အသုံးပြုစေချင်ပါသည်။



ကျွန်ုပ်၏ ရည်ရွယ်ချက်အတိုင်း အများအကျိုးသယ်ပိုး ဆောင်ရွက်နိုင်ကြပါစေ'

ကုလင်းဝေ

ချန်းစီမြို့စားကြီး။

စာကို ဖတ်ပြီးသောအခါ လုံဟွာသည် သက်ပြင်းတစ်ချက် ချလိုက်ပြီး....

'နှစ်ပေါင်း လေးဆယ်ကျော်ပြီဆိုတော့ ဒီမြို့စားကြီး ရှိတော့မယ် မထင်တော့ဘူး'

'အဲဒါကို အသာထား၊ တို့ ဒီရတနာတွေကို ဘယ်လို စီစဉ်ကြမလဲ'

စုမာ့ရဲက မေးငေါ့ပြရင်း ပြောလိုက်သည်။

လုံဟွာ အတန်ကြာအောင် စဉ်းစားပြီး စာအုပ်ကို လှန်လှောကြည့်လိုက်၏။

စာအုပ်နောက်ဘက်မှ မြေပုံတစ်ခု ထွက်ကျလာသည်ကို တွေ့ရ၏။

မြေပုံမှာ တစ်ထောင်ပတ်လည်လောက်ရှိပြီး ခေါက်ရိုးသုံးမိုင်း ကျိုးနေသည်။

လုံဟွာ ချက်ချင်း အကြံပေါ်သွား၍ သူ့စိတ်ကူးကို ပြောလိုက်သည်။

'တို့တစ်တွေ ဒီသိုင်းကျမ်းစာအုပ်ကို ယူသွားပြီး လေ့ကျင့်ကြမယ်'

'ရတနာတွေကရော'

စုမာရဲက မေးလိုက်ရာ လှံတွာက တည်ကြည်သောမျက်နှာထားဖြင့်....

'အခုလို ကာလဆိုးထဲမှာ ဒီရတနာတွေကို တို့ယူသွားတာထက် ဒီအတိုင်းရှိနေတာပိုကောင်းပါတယ်၊ လောလောဆယ် တို့တွေတောင်းကောင်းမွန်မွန်နေရအောင် တစ်ယောက်ကို နှစ်လုံးစီ ယူသွားကြမယ်၊ တကယ်လို့ တို့သုံးယောက် လူချင်းကွဲသွားရင် လာမယ့် ဆယ်နှစ်တိတိ ရောက်မယ့်နေ့မှာ ချယ်ရီတောင်ပေါ်မှာ ဆုံကြမယ်....

'ဒါကြောင့် မြေပုံကို သုံးပိုင်းပိုင်းပြီး တစ်စစီယူထားကြမယ်၊ ဆယ်နှစ်ပြည့်လို့ အေးချမ်းသာယာတဲ့ အချိန်ရောက်တော့ တို့တွေ ပျော်ပျော်ပါးပါး ပြန်ဆုံပြီး ရတနာတွေ ပြန်ယူကြတာပေါ့'

'မင်းပြောတဲ့အကြံ ငါသဘောတူတယ်'

ကျင်းလုံက ထောက်ခံလိုက်၏။

'တူတ်တယ်၊ အဖိုးတန် ကျောက်နှစ်လုံးဟာ တို့တွေတစ်သက်စားမကုန်ဘူး၊ တို့တွေ လူချင်း ကွဲသွားကြရင် ဂိုဏ်းတွေတောင် ထောင်လို့ရတယ်'

စုမာရဲသည်း သဘောကျလိုက်သည်။

ထို့ကြောင့်



သုံးယောက်သား ပုတ္တမြားနှစ်လုံးစီ ယူပြီး ခန်းမအဟောင်းမှ ပြန်ထွက်လာခဲ့သည်။

ကျောက်လှေကားအတိုင်း ပြန်တက်ခဲ့၏။

ကျောက်လှေကားဆုံးသောအခါ ပွင့်နေသည့် တံခါးပေါက်မှ ထွက်ခဲ့ကြ၏။

သူတို့ သုံးယောက် အပြင်ရောက်သွားသည်နှင့် ကျောက်တံခါးမှာ ကျယ်လောင်သော မြည်ဟီးသံနှင့်အတူ ပိတ်သွားလေသည်။

'ဝေါ'

'ဂျိမ်း'

သူတို့ အပြင်သို့ ရောက်သောအခါ ညနေစောင်းနေလေပြီ။

စွေရွာနေသည့် မိုးသည်လည်း တိတ်သွား၏။

ထိုအပြင်

တငွေ့ငွေ့ မီးခဲနှင့် ကင်ထားသော ဆတ်သားမှာလည်း မွှေးကြိုင်လျက်နေပြီဖြစ်ရာ ကျင်းလုံက ဆတ်သားကင်ကို စမ်းလိုက်သည်။

စုမာရဲနှင့် လှံတွာတို့က ပျော်၍ စမ်းတဝါးဝါး ဖြစ်နေသော လမ်းကို လမ်းမှန်ပေါ်ရောက်အောင် ရှေ့မှရှာဖွေခဲ့ရာ ညသန်းခေါင်မှပင် အိမ်ပြန်ရောက်ကြသည်။

အိမ်၌ စောင့်မျှော်နေသော မေငါးနှင့် ကျောင်းလီတို့မှာလည်း အကျိုးအကြောင်းစုံကို နားထောင်ရင်း ဆိတ်သားတင်နှင့် ထမင်းမြိန်စွာ စားသောက်ကြလေသည်။

—၈—

သူတို့ ငါးဦးစလုံးတွင် ကျောင်းလုံက ဦးစီး၍ ထင်ဝမ်သိုင်းကျမ်းကို ဖတ်ပြလိုက်၊ ရှင်းပြလိုက်၊ သိုင်းကွက်တစ်ကွက်ချင်းကို မင်းပြလိုက်နှင့် ညွှန်ကြားခဲ့၏။

ထို့နောက်....

ထင်ဝမ်သိုင်းကျမ်းကို ငါးယောက်စလုံး အခေါက်ခေါက်အခါခါ ကြည့်သွားလေသည်။

ထင်ဝမ်ဓားကျမ်း စာအုပ်တစ်အုပ်လုံးမှ ဓားကွက် ဆယ့်ခြောက်ကွက် ပါရှိသည်။

တစ်ကွက်ကို ဆယ့်ခြောက်ချက် မှားထားသည်။

တစ်စထက်တစ်စ မြင့်တက်လာသော ဓားကွက်များသည် နောက်ပိုင်းသို့ ရောက်လာလေ ကြောက်စရာ ကောင်းအောင် တက်ကြွလာလေဖြစ်၏။



ထင်ဝမ်သိုင်းကျမ်း စာအုပ် တစ်အုပ်တည်းကိုပင် တစ်နှစ်လုံး လေ့ကျင့်လိုက်ရသည်။

ထို့ကြောင့်

အဆင့်မြင့်ဓားသမား ငါးယောက်ပေါင်း နေထိုင်သော ချယ်ရီတောင်သို့ ရန်သူ တစ်ယောက်မျှ ရောက်မလာတော့ပေ။

တစ်နေ့တွင်....

လုံဟွာတစ်ယောက် ပျောက်ချက်သား ကောင်းနေ၍ သူ့အခန်းသို့ ဝင်ကြည့်လိုက်ရာ သူနှင့် သက်ဆိုင်သော ပစ္စည်းဟူသမျှ မရှိတော့သည်ကို တွေ့လိုက်ရ၏။

'လုံဟွာ တို့ကို ခွဲသွားပြီထင်တယ်'

ကျောင်းလုံက ဝမ်းနည်းစွာ ပြောလိုက်စဉ်....

စုမာရဲက အခန်းထဲသို့ သုတ်ခနဲ ဝင်လိုက်ပြီး လုံဟွာ၏ စားပွဲပေါ်မှ စာကို ကောက်ယူ၍....

'ဒီမှာ သူစာရေးခဲ့တယ် ထင်တယ်'

'ဟုတ်တယ် ပေးစမ်း ငါဖတ်ကြည့်ရအောင်'

ကျောင်းလုံသည် လုံဟွာရေးသားထားသောစာကိုဖတ်ကြည့်လိုက်သည်။

'ကျောင်းလုံနဲ့ စုမာရဲ....'

'သူငယ်ချင်းတို့ ငါ့ကို ခွင့်လွှတ်ပါကွာ၊ မင်းတို့ကို ဒီစာနဲ့ပဲ နှုတ်ဆက်ပါရစေ'

'ငါအမှန်အတိုင်းပြောရရင် ပြည်တန်တဲ့ပဏ္ဍာမြား ကြီးနှစ်လုံးကို ရကတည်းက ယင်နန်နယ်ဘက်မှာ အင်မတန်ဆင်းရဲနေကြတဲ့ ငါ့ဆွေမျိုးတွေကိုကြည့်ရှုစောင့်ရှောက်ဖို့ ပြန်သွားချင်တယ်၊ ဒါပေမယ့် ထင်ဝမ်သိုင်းကိုလဲ လိုချင်သေးတယ်၊ ဒါကြောင့် တစ်နှစ်လုံး သည်းခံနေခဲ့ရတယ်၊ အခုဆိုရင် တိုင်းပြည်အခြေအနေလဲ အေးချမ်းနေပြီဖြစ်လို့ သူငယ်ချင်းတို့လဲ မြို့ပေါ်တက်ပြီး ဝါသနာပါရာလုပ်ငန်းတွေ လုပ်ကိုင်သင့်ကြပြီ ငါကတော့ ငါ့ဆွေမျိုးတွေကို ပေးကမ်းစွန့်ကြဲပြီး ဖြစ်နိုင်ရင် သိုင်းဂိုဏ်းတစ်ခု တည်ထောင်ချင်တယ် အများအကျိုး သိုင်းလောကအကျိုးဆောင်ရွက်ချင်တဲ့ ရည်ရွယ်ချက်နဲ့ပါ'

နောက် ဆယ်နှစ်ကြာမှ တို့တတွေ ပြန်ဆုံကြပါစို့....၊

လုံဟွာ

စာကို ဆုံးအောင်ဖတ်ပြီးသောအခါ ကျောင်းလုံနှင့် စုံမာရဲမှာ ပြိုင်တူသက်ပြင်းချလိုက်မိကြသည်၊

ကျောင်းလုံက....

'သူထွက်သွားတဲ့ ရည်ရွယ်ချက်ကို သိလိုက်ရတော့ အပြစ်မမြင်တော့ပါဘူးကွာ'

'အင်း....ဘယ်တတ်နိုင်မလဲကွာ၊ သူမှ ဆက်မနေချင်တော့တာပဲ'



ကျောင်းလုံတို့ ဘာမျှမပြောဘဲ နှုတ်ဆိတ်နေလိုက်ကြလေသည်၊

မေဝါးအံ့ဖို့တော့ လုံဟွာ တစ်ယောက် ထွက်ခွာသွားသည်ကို ဖို၍သဘောကျနေမိသေးသည်၊

သို့မှသာလျှင်....

ကျောင်းလုံတို့သားအဖနှင့် သူမတို့မောင်နှမ လွတ်လပ်စွာ နေထိုင်နိုင်ကြမည် ဖြစ်သည်၊

သူမ၏ မေတ္တာစေတနာတို့ကြောင့် ကျောင်းလုံ၏ မေတ္တာကို သူမတစ်နေ့ ရလာလိမ့်မည်ဟု မျှော်လင့်ခဲ့သည်၊

သို့သော်....

မေဝါး၏ မျှော်လင့်ချက် ရုတ်တရက် ပျက်ပြားသွားရန် အကြောင်းဖန်လာသည်၊

နောက်ခြောက်လအကြာတွင် ကျောင်းလုံနှင့်စုမာရဲတို့သည် နှစ်ဦးသဘောတူ တိုင်ပင်ကာ လှမ်းခွဲရန် ဆုံးဖြတ်လိုက်ကြလေသည်၊

စုမာရဲက ယင်နန်နယ် လုယန်မြို့ပန်းကျင်၌ သိုင်းဂိုဏ်းတစ်ဂိုဏ်းကို ထူထောင်မည်ဖြစ်ပြီး ကျောင်းလုံက ချန်အန်းမြို့ဝန်းကျင်၌ အခြေစိုက်ရန် အစီအစဉ်ချကြသည်၊

သူတို့သည် ထိုအစီအစဉ်များကြောင့် ရှန်ဘဲမြို့ပေါ်တက်ကာ ပဏ္ဍာမြား တစ်ယောက်တစ်လုံးစီ ရောင်းချလိုက်ကြလေသည်၊

တစ်သက်နှစ်တစ်ကိုယ် မကြုံဘူးအောင် များပြားလှသော ငွေကြေးကို ရရှိလိုက်ကြသည်။

ထို့ကြောင့်....

ကျင်းလုံနှင့် စုမာရဲတို့ လမ်းခွဲကာ ထွက်လာခဲ့ကြလေသည်။

ကျင်းလုံက ချန်အန်းမြို့ရှိ ခြံဝင်း တစ်ခုကိုဝယ်ယူလိုက်ပြီး သားအဖနှစ်ယောက် နှစ်နှစ်ခန့် အေးချမ်းစွာ နေထိုင်ပြီးမှ နဂါးဂိုဏ်းအား တည်ထောင်ခဲ့သည်။

ထိုအချိန်မှစ၍ မေဝါး၏ မျှော်လင့်ချက်မှာလည်း ပျောက်ကွယ်သွားရလေတော့သည်။

သို့သော်....

သူမသည် ကျင်းလုံအား တစ်နေ့မှ မေ့မရပေ။

....o....

## အကြံ

ချန်အန်းမြို့ဝန်းကျင်တွင် ကျင်းလုံတို့သားအဖ လူသိများလာသည်။

ဆင်းရဲသားများအပေါ် သနားညှာတာ ပေးကမ်းစွန့်ကြသည်။

အများအကျိုး မတရားအမှုကို ဆန့်ကျင်တတ်ခြင်းတို့ကြောင့် ချစ်ခင်သူပေါများလာသည်။

ကျင်းလုံက သိုင်းဂိုဏ်းတည်ထောင်မည်ဆိုသောအခါ တစ်ကိုယ်တော်သိုင်းသမားများ ကျင်းလုံထံ ရောက်လာကြသည်။

ထိုအထဲမှာ ကျင်းလုံက လေပွေသိုင်းသမားကြီး ရှမ်းစု၏ ညီဓားသူရင်ရှမ်းခလွှကို လူယုံတော်လက်ထောက် ဂိုဏ်းချုပ်အဖြစ် ခန့်အပ်ခဲ့သည်။

ကျင်းလီသည် အသက်ဆယ့်ခြောက်နှစ်သာရှိသော်လည်း သိုင်းပညာ မြင့်မားနေပြီဖြစ်သည်။

ရှမ်းလေ့ ရောက်လာသည့်အခါ အဟွင်းအားပညာကိုသင်ယူရပြန်သည်။

ဓားပြများကို သုတ်သင်ပေးခြင်း၊ ဒုစရိုက်သမားများကို နှိမ်နင်းပေးခြင်းဖြင့် ကျင်းလုံ၏ နဂါးဂိုဏ်းမှာ တစ်နေ့တခြား နာမည်ကြီးလာသည်။

သူသည် သိုင်းပညာထူးချွန်စွာ တက်ထားသော်လည်း ဖခင်ဖြစ်သူက အသက်ငယ်သေးသည်ဆို၍ သိုင်းလောကထဲသို့ မြေချခွင့် မပြုခဲ့ပေ။

တစ်နေ့

ကျင်းလုံ သိုင်းလောကထဲသို့ မြေချခွင့်ရရန် အကြောင်းဖန်လာသည်။

'သား၊ သည်နေ့ဟာ [illegible]င်းအသက်နှစ်ဆယ်ပြည့်တဲ့နေ့ပဲ၊ သားဟာ သိုင်းပညာမှာလဲ ထူးချွန်နေပြီ သားကိုဖေဖေ သိုင်းလောကထဲ မလွှတ်တာ အသက်ငယ်သေးတော့ စဉ်းစားဆင်ခြင်မှု နည်းပါးပြီး အမှားတွေမိမှာစိုးလို့တဲ့'

'ဟုတ်ကဲ့ဖေဖေ'

'အခုသား နှစ်ဆယ်ပြည့်ပြီဆိုတော့ အမှားအမှန် စဉ်းစားတတ်ပြီ လူကောင်းလား လူဆိုးလားဆိုတာ အကြမ်းဖျင်း ခွဲခြားတတ်ပြီပေါ့'



ကျင်းလီ ခေါင်းညိတ်လိုက်သည်။

ကျင်းလုံက ဆက်ပြောသည်။

'ဒါကြောင့် ဒီနေ့ကစပြီး သိုင်းလောကကြီးအကြောင်း နားလည်အောင် ပြင်ပသိုင်းလောကကို လှေ့လာဖို့ ဖေခန့် တစ်နှစ်တိတိ ခွင့်ပြုမယ်၊ တစ်နှစ်ပြည့်ရင် ဖေဖေ့မှာ အထူးတွေ့ဆုံပွဲတစ်ခုကို သွားရမှာမို့ အမြန်ရောက်အောင်ပြန်လာခဲ့ပါ'

'ဟုတ်ကဲ့ပါဖေဖေ'

ထို့နောက်....

ကျင်းလုံက သားဖြစ်သူအား နဂါးဂိုဏ်း၏အဆောက်အဦး ထူးခြားချက်များ လျှို့ဝှက်ထားသောပစ္စည်းများ အကြောင်း ပြောပြခဲ့သည်။

ကျင်းလီသည် ဖခင်အား ဦးသုံးကြိမ်တာန်တော့၍ နဂါးဂိုဏ်းအပြင်ဘက်၌ ချည်နှောင်ထားသော မြင်းပေါ်သို့ ခုန်တက်လိုက်သည်။

ထို့နောက်....

နဂါးစံအိမ်အပြင်ဘက်သို့ မြင်းကို ဒုန်းစိုင်းစီး၍ ထွက်သွားတော့သည်။

....o....

ဆယ်နှစ်ပြည့်မြောက်ခဲ့လေပြီ။

စုမာရဲ၊ လုံဟွာ၊ ကျင်းလုံတို့ ချိန်းဆိုခဲ့သော ဆယ်နှစ်မြောက်နေ့ပင်ဖြစ်သည်။

သူတို့၏ကတိအတိုင်း တစ်ယောက်တစ်ပိုင်းစီ ရထားသည့် မြေပုံကို ဆက်၍ ရတနာများယူကြရန်ပင်ဖြစ်သည်။

ကျင်းလုံသည် ချယ်ရီတောင်သို့ စောစီးစွာ ရောက်ရှိနေလေ့သည်။

သူတို့သူငယ်ချင်းသုံးယောက်နေထိုင်ခဲ့သော နေရာဟောင်းလေးအား သတိတရကြည့်လိုက်မိသည်။

ထိုစဉ်....

လေတိုးသံတစ်ချက် ကြားလိုက်ရသည်။

'ဘယ်သူလဲ၊ လာခဲ့လေကွာ'

ကျင်းလုံက သူငယ်ချင်းတစ်ယောက် ရောက်လာပြီဟု ထင်မှတ်လိုက်သဖြင့် ဝမ်းသာအားရခေါ်လိုက်၏။

လူရိပ်တစ်ခု သူ့ရှေ့သို့ရောက်လာ၍ ကြည့်လိုက်ရာ အမျိုးသမီးတစ်ယောက် ဖြစ်နေလေ၏။

'ဩော်....မေဝါး၊ မင်းလဲလိုက်လာတာကိုး'

အနီရောင်ဝတ်စုံကို ဝတ်ဆင်ထားသောမေဝါးက ပြုံး၍လိုက်ရင်း....



'ကျွန်မ လိုက်လာတာမဟုတ်ပါဘူး၊ ကိုယ်တိုင်လာတာပါ၊ ဒီမှာ မြေပုံတစ်ပိုင်း'

မေဝါးက မြေပုံကိုညွှန်ပြရာ

'စုမာရဲတစ်ယောက်ရော'

ကျင်းလုံ အလောတကြီးမေးလိုက်သည်။

'အစ်ကိုကြီးစုမာရဲဟာ ခါးနှစ်လက်ဂိုဏ်းကို တည်ထောင်ပြီး သုံးနှစ်အကြာမှာ သေဆုံးသွားပါတယ်၊ အဲဒီနောက်ပိုင်းမှာ ကျွန်မက ခါးနှစ်လက်ဂိုဏ်းကို ဖျက်သိမ်းပြီး နှင်းဆီဂိုဏ်းလို့ နာမည်ပြောင်းပြီး နေရာပါ ပြောင်းရွှေ့ခဲ့တာ ဒီနေ့အထိပါပဲ'

'ဩော်....ဒီလိုကိုး'

မေဝါးက မြေပုံစာရွက်ကို အိတ်ထဲပြန်ထည့်လိုက်ရသည်။

ကျင်းလုံသည် မေဝါးအား ကြည့်နေသည်။

မေဝါးမှာ ယခင်ကအတိုင်း လှပချောမောနေဆဲ...

မေဝါးက ကျင်းလုံအား စိုက်ကြည့်လိုက်ပြီး

'ရှင် အိမ်ထောင်မပြုသေးဘူးလား'

ကျင်းလုံ ခေါင်းယမ်းလိုက်၏။

'ကျုပ် ပြုပြင်မှာမဟုတ်တော့ပါဘူး၊ အသက်တွေက လွန်လာပြီမဟုတ်လား'

မေဝါးက ပြုံး၍ ခေါင်းယမ်းလိုက်ပြီး

'မလွန်သေးပါဘူး၊ ရှင်ဟာ ကျွန်မတို့နဲ့ ခွဲခွာစဉ်က အတိုင်း အရွယ်တင်ပါသေးတယ်၊ ကျွန်မ အကြံတစ်ခု ပေးမယ်၊ ရှင်လက်ခံမလား'

'ဘာများလဲ'

မေဝါးက ခေါင်းငုံ့ကာ....

'ကျွန်မနဲ့ရှင် ပူးပေါင်းပြီး နှင်းဆီဂိုဏ်းနဲ့နဂါးဂိုဏ်း ပူးပေါင်းရအောင်လားလို့ပါ'

ကျင်းလုံ ခေါင်းယမ်းပြီး

'ဟင်....မဖြစ်နိုင်တာတွေမပြောနဲ့ မေဝါ၊ ကျုပ် မင်း အပေါ်မှာ ညီမလေးတစ်ယောက်လိုပဲ သဘောထား တယ်'

မေဝါး မျက်နှာတစ်ခုလုံး ရှက်သွေးဖြာသွား၏။ ကျင်းလုံအား သတ်ပစ်ချင်လောက်အောင် မုန်းတီးသွားမိ သည်။

'ဟူး....'

ထိုစဉ်မှာပင်—

လူရိပ်တစ်ခု ရောက်ရှိလာသည်။

ကျင်းလုံက

'မင်း ဘယ်သူလဲ၊ ဒီနေရာကို ဘာကိစ္စနဲ့ ရောက်လာ ရတာလဲ'



ထိုလူက ဟက်ခနဲရယ်လိုက်ပြီး....

'ကျုပ်ကလဲ အဲဒါပြောမလို့ပါ၊ ဒီက နှင်းဆီသခင်မ မေဝါးအတော့ ကျုပ်ကိုသိပါတယ်၊ ကျုပ်ဟာ ဆရာ ကြီး လုံဟွာရဲ့တူအရင်း အိကွမ်းပါပဲ'

'အခု လုံဟွာဘယ်မှာလဲ'

အိကွမ်းက

'ဦးလေးလုံဟွာဟာ လွန်ခဲ့တဲ့ ငါးနှစ်လောက်က သေဆုံးသွားခဲ့ပါတယ်၊ သူမရှိတဲ့နောက်ပိုင်း သူ့ အရိုက်အရာကို ပြောင်းလဲယူပြီး ဂိုဏ်းကို စွန်ရဲဂိုဏ်းလို့ ပြောင်းလဲခဲ့ပါတယ်၊ ဒီမှာ သူ့ရဲ့မြေပုံတစ်ပိုင်း'

ကျင်းလုံ မြေပုံအစ စိတ်မဝင်စားတော့ပါ၊

စွန်ရဲဂိုဏ်းသည် ဒုစရိုက်ဂိုဏ်းတစ်ဂိုဏ်းဖြစ်ကြောင်း ကျင်း လုံ နားလည်ထားသည်။

'စွန်ရဲဂိုဏ်းဟာ ဒုစရိုက်ဂိုဏ်းတစ်ခုပဲ သန့်စင်တဲ့ရတနာ တွေဟာ အများအကျိုးအတွက်ဆောင်ရွက်ဖို့ ရည်ရွယ် ခဲ့တာမို့ ခင်ဗျားတို့လက်ကို မအပ်နိုင်ဘူး၊ ကျုပ် ပြန် တော့မယ်'

ကျင်းလုံသည် ချက်ချင်းပင် ဆုံးဖြတ်ချက်ချကာ လှည့်ထွက် လိုက်သည်။

'ကျင်းလုံ ခင်ဗျား ဒီလိုမလုပ်နဲ့ ခင်ဗျားပြန်ချင်ရင် မြေပုံပိုင်းကို ပေးခဲ့ပါ'

'ဟူး'

အော်ဟစ်၍ တားဆီးရင်းကပင် အိက္ကမ်းသည် ကျင်းလုံကို လှမ်းဖိတ်ထားလိုက်သည်။

ကျင်းလုံက ရယ်မောလိုက်သည်။

'ကျုပ်....ဒီအကြောင်းတွေ ကြိုသိလို့ ကျုပ်က မြေပုံပိုင်းကို ယူတောင်မယူလာတူး၊ ကျုပ် သူငယ်ချင်းတွေ မရှိတော့ရင် ကျုပ် ဘယ်သူမှမယုံဘူး'

အိက္ကမ်းသည် ကျင်းလုံအား စူးရဲစွာကြည့်ရင်း

'ကျုပ်ကို ဒီလိုလှည့်စားလို့မရဘူး၊ မြေပုံစားရွက်ပိုင်း တစ်ခု ထုတ်ပေးပါ'

ကျင်းလုံ ခေါင်းယမ်းလိုက်သည်။

'မပေးဘူးဆိုရင်ကော'

'ပေးရမယ့်နည်းလမ်း ရှိတယ်ကွ'

ပြောပြောဆိုဆိုနှင့် အိက္ကမ်းက ခါးရှည်ကို ရှမ်းခနဲ ဆွဲထုတ်လိုက်သည်။

ကျင်းလုံ ဟားခနဲ ရယ်ရင်း

'ခြောက်သည်လိုလား'

သူသည် ဓားကိုထုတ်ပြီးသားပင် ဖြစ်သည်။

'ယား'



'ဝှစ်... ဝှီစ်'

ချက်ချင်းပင် ဓားရောင်များ ဝင်းလက်သွားသည်၊ အိက္ကမ်း၏ ဓားချက်များကို ကြည့်ရင်း

'ခြောက်– မင်းလဲ ဧင်ဝမ်ဓားသိုင်းကိုရထားတာကိုး' ဟု ပြောလိုက်သည်။

'ဒါဘာဆန်းလဲ၊ ကျုပ်ဦးလေးဆီက ပစ္စည်းမှန်သမျှ ကျုပ် အကုန်ရတယ်'

'ချွမ်'

ဓားနှစ်လက် ရုတ်တရက် ဆုံမိသွားသည်နှင့် နှစ်ယောက်စလုံးပင် နောက်သို့ ယိမ်းယိုင်သွားသည်၊

ထိုအခြေအနေကြောင့် အိက္ကမ်း၏ အတွင်းအားတောင်းမှုကြောင့် ကျင်းလုံ နားလည်သွားလိုက်သည်၊

'ဝှီစ်'

ရုတ်တရက်

နောက်မှပစ်လွှင့်လာသော အဆိပ်အပ်လေးသည် ကျင်းလုံရှိရာသို့ တည့်မတ်စွာ ဝင်ရောက်လာသည်။

ရှေ့ကိုသာမျှ၍ တိုက်နေသော သူမှာ မေးဝါး၏ အဆိပ်အပ်ကို ထိမှန်သွားသည်။

'[illegible]'

သူ မဟန်နိုင်ဘဲ လှဲကျသွားသည်။

'မေ၀ါး မင်း....မင်း'

သူမ သဘောကျစွာ ပြုံးလိုက်သည်။

'ကျွန်မအရက်ကို ခွဲတဲ့ရှင့်ကို ကျွန်မ မုန်းတယ်'

ကျင်းလုံမှာ လုံးဝမဖာန်တော့ဘဲ သတိလစ်မေ့မြောသွားသည်။

အိုကွမ်းတာ သတိမေ့နေသော ကျင်းလုံကို ထမ်းယူပြီး တောင်အောက်သို့ ဆင်းခဲ့သည်။

တောင်အောက်တွင် မြင်းလှည်းနှင့် အသင့်စောင့်နေသည့် စွန်ရဲဂိုဏ်းသားများလက်သို့ အပ်လေ၏။

စွန်ရဲဂိုဏ်းသားတို့က ကျင်းလုံကို မြင်းလှည်းပေါ်တင်၍ မောင်းထွက်သွားသည်။

....၈....

## ဆရာ

ကျင်းလီနှင့် ဈေပွေ့သိုင်းသမား ရှမ်းစုတို့သည် လုယန်မြို့ရှိ ဘုံကျောင်းပျက်ကြီးတစ်ခုတွင် အေးဆေးစွာ စကားပြော နေကြသည်။

ထိုကြောင့်ပင်

သူတို့နှစ်ယောက်ကို အိုကွမ်းတို့လူစု စားသောက်ဆိုင်သို့ လာစဉ် မတွေ့လိုက်ခြင်းပင်

သူတို့သည် အရေးကြီးသော ကိစ္စကို တိုင်ပင်ရန်ရောက်ရှိ လာခြင်း ဖြစ်သည်။

'သခင်လေးနဲ့ ဖခင်နဂါးကျင်းလုံဟာ အသက်မသေ သေးဘဲ ရှိနေတယ်ဆိုရင် တစ်နေရာမှာ အချုပ် အနှောင် ခံထားရတာပဲဖြစ်မယ်'

ကျင်းလီ ခေါင်းညိတ်လိုက်သည်။

'ကျွန်တော်လဲ ဒီလိုပဲဟုတ်ထားတယ် အနီးဆုံးကတော့ စွန်ရဲဂိုဏ်းပဲ၊ ဖေဖေ့ကို ဖမ်းချုပ်ပြီး နဂါးဂိုဏ်းကို ဝင်တိုက်တယ်....

'နောက်ဆုံး လူယုံတော်ကြီး ရှမ်းလေ့တစ်ယောက်သာ ထွက်ပြေးလွတ်မြောက်ခဲ့တယ်....

'သူယုံတော်က မကျေနပ်လို့ စွန်ရဲဂိုဏ်း၊ စွန်ရဲစုအိမ်အထိ ဝင်စုံစမ်းလို့ မိသွားတော့ သူတို့ဝိုင်းတိုက်ခိုက်ရင်း လူယုံတော်ကြီးပါ ကျဆုံးရတယ်လို့ ကျွန်တော် မြင်တယ်'

ရှမ်းစုသက်ပြင်းချလိုက်ပြီး....

'ဟုတ်တယ် ကျုပ်ညီဆုံးရှုံးရတာရယ်၊ ကျုပ်မိတ်ဆွေကြီး ပျောက်ဆုံးနေတာရယ်တို့ မခံချင်လွန်းလို့ သခင်လေးအနေနဲ့ အမြန်နဂါးဂိုဏ်းကို ပြန်လည်အတောင်အထည်ဖော်သင့်တယ်....

'အဲဒီအခါမှ ရန်သူမိတ်ဆွေ ခွဲခြားလို့ရတဲ့ ဆက်စပ်မှုတွေ တွေ့ရလိမ့်မယ်'

ထိုစကားကြောင့် ကျင်းလီစဉ်းစားသွားရသည်။



အလွန်မှန်ကန်သော စကားဖြစ်သော်လည်း ရှော်ဘချက် ၆၅ သိုင်းအဖွဲ့ကြီးတစ်ခုကို ပြန်လည် ထူထောင်ရန်မှာ သိုင်းသမားအင်အားလိုသည်။ ဘယ်၊

ရထားသော သိုင်းသမားများကလည်း အစွမ်းထက်သူ ခက် များ မိမိအပေါ် သစ္စာစောင့်သိသူများ ဖြစ်ကြဖို့ လိုသေ ပြီ၊ သည်။ ခင် ရဲ့

အတန်ကြာအောင် စဉ်းစား၍ အဖြေမရဘဲ ဖြစ်နေလေသည်။

ရှမ်းစုက ရိပ်မိလိုက်သဖြင့်....

'သခင်လေး ဘာတွေစဉ်းစားနေတယ်ဆိုတာ ကျုပ်ရိပ်မိပါတယ်၊ ကျုပ်ရဲ့လေပွေဂိုဏ်းဟာ လူအင်အားနှစ်ရာကျော် ရှိပြီး သာမန်အဆင့် သိုင်းသမားတွေအဖြစ် တစ်ကိုယ်တော်လူစွမ်းကောင်းတွေ လေးဆယ်ကျော်လောက် ပါဝင်ပါတယ်'

'ဟင်....ဟုတ်လား'

ကျင်းလီ အံ့အားသင့်သွားသည်၊

ရှမ်းစုက ပြုံး၍ ခေါင်းညိတ်ပြကာ....

'ဟုတ်တယ်၊ ဒါကြောင့်လဲ သခင်လေးရဲ့ဖေဖေက နဂါးဂိုဏ်းတည်ထောင်တော့ ကျုပ်ကို အကူအညီတောင်းခဲ့တာပေါ့'

'ကျွန်တော် အမှတ်ရပါပြီ'

'အခုတစ်ခါ သခင်လေးအတွက်နဲ့ ကျုပ်ညီအတွ
အဖွဲ့တစ်ခုလုံးကို ချန်အန်းကိုပြောင်းပြီး နဂါးဂိုဏ်
လို့ နာမည်ယူလိုက်မယ်၊ အဲဒီအဖွဲ့ရဲ့ ဂိုဏ်းချုပ်ဟ
သခင်လေးပဲ ဖြစ်ရမယ်'

'ဟာ...ဦးကြီးရာ အားနာစရာကြီး'

ရှမ်းစုဟာ သူ့အပေါ် အလွန် စေတနာကောင်းလွန်း
အားနာစွာပင် ဖြစ်နေပြန်သည်။

'အားမနာပါနဲ့ သခင်လေး၊ အခုအချိန်မှာ ဒုစရိုက်
သိုင်းအဖွဲ့တွေဟာ သူတို့အချင်းချင်း ပေါင်းစည်း
ကြတယ်၊ ကျုပ်တို့က လက်ပိုက်ကြည့်နေလို့ မဖြ
တော့ဘူး'

'အဲဒီလို လုပ်တဲ့အခါ ဦးကြီးရဲ့ လက်အောက်ငယ်
သားတွေက လက်ခံနိုင်ပါ့မလား'

'ကျုပ်က ဒီကိုထွက်လာကတည်းက ကျုပ်ညီအဖွဲ့
ပေါင်းစည်းမယ်ဆိုတဲ့ ရည်ရွယ်ချက်နဲ့ ထွက်လာခဲ့တ
မလာခင်ကလဲ ကျုပ် လက်အောက်ငယ်သားတွေ
ရှင်းပြခဲ့တယ်'

'သူတို့ သဘောတူရဲ့လား'

ရှမ်းစု ခေါင်းညိတ်လိုက်သည်။



'အားလုံးက ဝမ်းသာအားရ သဘောတူကြပါတယ်၊ သူတို့ဟာ သခင်မလေးဖဲဖဲဆီမှာ တစ်လလောက် သွားဖူးတော့ အားလုံးက ကျင်းလုံကို ကြည်ညိုလေးစားကြတယ်၊ ကျင်းလုံရဲ့သိုင်းပညာကိုလဲအထင်ကြီးကြတယ်၊ သူကိုကို သခင်လေးဟာ ကျင်းလုံရဲ့ သားဖြစ်တယ်လို့ အေးအေးဆေးဆေး တစ်ယောက်ချင်း မိတ်ဆက်ပေးမှာပါ'

ထိုအစီအစဉ်ကို ကြားလိုက်ရသောအခါ ကျင်းလီ ဝမ်းသာသွားလေသည်။

'ကျွန်တော် ဦးကြီးတို့ ဝမ်းဖိုမြို့ကိုလိုက်ခဲ့မှာပါ'

သူ၏ မျက်လုံးများ ဘုံကျောင်းပျက်ရှေ့သို့ရောက်ရှိသွားလေသည်။

'ဟိတ်....ရပ်လိုက်'

ကျင်းလီက အော်ဟစ်ရင်း ပြေးထွက်သွား၏၊

အနီရောင်ဝတ် အမျိုးသမီးက မျက်နှာဖုံး စွပ်ထားပြီး ကျင်းလီအား တိုက်ခိုက်လိုက်၏။

'ချွမ်း–'

'ထန်း....ထန်း'

ကျင်းလီကလည်း ပြန်လည် ခုခံလိုက်၏၊

ရှမ်းစုကလည်း တိုက်ပွဲကို အကဲခတ်ကြည့်နေလိုက်လေသည်၊

လရောင်အောက်၌ အရိပ်များ ဝင်းလက်တောက်ပစွာ ထွက်ပေါ်လာသည်၊

'ထန်း....'

'ထန်း....'

တစ်ကြိမ်တွင် ခေါ်နှစ်လက်ပူးကာပ်မိ၍ အတွင်းအားသုံး၍ တွန်းထုတ်လိုက်ရာ ပြိုင်ဘက်အမျိုးသမီးသည် အဝေးသို့ လွင့်စင်သွားသည်၊

အမျိုးသမီးမှာ လွင့်စင်သွား၍ နှစ်ပတ်ကျွမ်းပစ်ပြီး မြေပေါ်သို့ ပြန်ကျလာသည်၊

'ခင်ဗျား ဘယ်သူလဲ ထင်ဝမ်က သိုင်းကွက်တွေနဲ့ လာပြီး တိုက်ခိုက်တယ်ဆိုတော့ ကျုပ်ကို တမင်လာ စမ်းတာလား'

အမျိုးသမီးက ကျင်းလီအားကြည့်ပြီး....

'ကျင်းလီ မင်းငါကို တကယ်မသိတာလား၊ ထင်ဝမ်သိုင်းနဲ့ တိုက်ခိုက်တယ်ဆိုကတည်းက မင်းသိဖို့ကောင်းတယ်'

အမျိုးသမီးက ပြောရင်း မျက်နှာဖုံးက ဆွဲချွတ်လိုက်လေသည်။

ထိုအခါ....



ချောမောလှပသော သူမ၏မျက်နှာလည်း ပေါ်လာလေသည်၊

'ဟင်....ခင်ဗျား မမ မေဝါ၊ မဟုတ်လား'

အမျိုးသမီးက ဟခစ်ခစ်ရယ်မောရင်း သူ့အနီးသို့ ချဉ်းကပ်လာသည်၊

'ဟုတ်ပါတယ် မမ မေဝါး မဟုတ်လား၊ ဒါဆိုရင် ကျွန်တော့်ကို ဘာလို့ အခုလို လုပ်ရတာလဲ'

သူက တည်ငြိမ်စွာ မေးလိုက်သည်၊

'မင်းဟာ ကျင်းလီဟုတ် မဟုတ်သိချင်လို့ ငါစမ်းသပ်လိုက်ရတာပဲ'

'အခုရော'

'ယုံပါပြီ'

သူသည် သူမအား ကြည့်လိုက်ပြီး–

'သိပ်လဲ မြှောက်မနေပါနဲ့၊ မမ ကျုပ်ဆီရောက်လာတာ အကြောင်းတော့ ရှိရမယ်'

'ဟုတ်တယ်'

'ဘာများလဲ ပြောပါ'

မေဝါးက ရှမ်းစုံအား တစ်ချက်ကြည့်လိုက်ပြီး....

'လုယန်မြို့ ရှင်ပျော်ပျော် စားသောက်ဆိုင်ရှေ့မှာ စွန်ရဲဂိုဏ်းသား လေးဆယ်ကျော်က ဂိုဏ်းခွဲမှူးတစ်ယောက်ထဲကို တိုက်ခိုက်ခဲ့တာ မင်းတို့ပဲဟုတ်လား'

ကျင်းလ°က ခေါင်းညိတ်လိုက်သည်၊

'ဟုတ်ပါတယ် မမနဲ့ ဘာများပတ်သက်နေလို့လဲ'

သူမက ပြုံးလိုက်ရင်း—

'ဆိုင်တာပေါ့၊ ထင်ဝမ်သိုင်းလူ ဆိုလို့ မင်းရယ်၊ ကျုပ်ရယ်၊ အိကွမ်းရယ်ပဲရှိတာမဟုတ်လား၊ ဒီကိစ္စနဲ့ ပတ်သက်ပြီး အိကွမ်းက လာရမ်းသွားတယ်လေ'

ကျင်းလ°က သဘောကျစွာ ရယ်လိုက်၏၊

'ဒီမှာ မမ၊ စွန်ရဲဂိုဏ်းကို ကျွန်တော် ဖြိုခွဲပစ်မှာပါ၊ ကျွန်တော့် အဖေအတွက် အကြွေးဆပ်ရလိမ့်မယ်'

မေဝါးက ကျင်းလ°အား စေ့စေ့ကြည့်ကာ....

'မင်း အတော် အပြောကြီးတာကိုး.... အိကွမ်းဟာ အင်မတန် ကြောက်စရာကောင်းတယ်၊ ထင်ဝမ်သိုင်း အပြင် အခြား အစွမ်းထက်တဲ့ သိုင်းပညာတွေလဲ တတ်ကျွမ်းထားတယ်၊ မင်း ဒီလို သွားလုပ်လို့ ဘယ်ရမလဲ'

ကျင်းလိ ပြုံး၍ ခေါင်းညိတ်လိုက်ပြီး—

'အခုလို သတိပေးတာ ကျေးဇူးတင်ပါတယ်၊ စွန်ရဲဂိုဏ်းဟာ သိုင်းလောကက တစ်နေ့ကွယ်ပျောက်သွားပါလိမ့်မယ်'



'အေးပေါ့လေ.... မင်း ဆန္ဒကို ငါ မတားပါဘူး.... အရေးကြုံလာရင်တော့ မမအား မကူညီနိုင်ဘူးနော်'

'ဟုတ်ကဲ့ ရပါတယ်ဗျာ'

'ကဲ ဒါဆို မမသွားမယ်'

မေဝါးသည် နောက်သို့ တစ်ချက် ခုန်ဆုတ်ကာ ကွယ်ပျောက်သွားလေသည်၊

ကျင်းလိက သက်ပြင်းချလိုက်သည်။

'အင်း....သူ့ကြည့်ရတာ တစ်ခုခု လျှို့ဝှက်ထားပုံပဲ'

ရှမ်းစုက ခေါဖန်လိုက်သည်။

ကျင်းလိ ထောက်ခံလိုက်သည်၊

'ဖြစ်နိုင်တယ်၊ ဟိုအလျှင်တုန်းကတော့ သူ့စိတ်ထားဟာ ဖြူစင်နေပေမယ့် အခုအချိန်မှာတော့ အတိအကျ ကျွန်တော် မဆုံးဖြတ်နိုင်ပါဘူး....၊ သူဟာ တစ်ခုခုကို လျှို့ဝှက်ထားဖုံးရတယ်'

ရှမ်းစုက ကျင်းလိအား တစ်ချက် ကြည့်လိုက်ပြီး၊ တည်ကြည်သော မျက်နှာထားဖြင့်....

'သခင်လေးဟာ ထင်ဆန်းတောင် သိုင်းဆရာကြီး ရှိကိုရဲ့ တပည့် ဘယ်လိုဖြစ်ခဲ့တာလဲ ကျုပ်ကို ပြောမပြပါလား၊ ဆရာကြီး ရှိဟိုဆီမှာ တပည့်တစ်ယောက် အဖြစ် နေပြီး သူ့ပညာ ရဖို့ဆိုတာ မလွယ်ဘူးလို့ ကြားဖူးပါတယ်'

ကျင်းလိ ခေါင်းညိတ်လိုက်သည်။

'ဟုတ်တယ်.... ဆရာကြီးဟာ တပည့်တစ်ယောက်မှ မထားဘူး၊ ကျွန်တော့် ဖေဖေသာ ငယ်စဉ်တုန်းက ဆရာကြီးနဲ့ ခင်မင်ခဲ့ဘူးတယ်ဆိုတာလောက်ပဲ ပြောဘူးတာ....'

'နောက်ပြီး ဆရာကြီးရဲ့ အံ့မခန်းပညာတွေကို တအံ့တသြ ပြောသံ ကြားဘူးတာပဲ ရှိတယ်၊ အကြောင်းတိုက်ဆိုင်လာလို့.... ဆရာကြီးဆီမှာ မရ ရအောင် တပည့်ခံတော့တာပဲ'

'ဘယ်လို အကြောင်း တိုက်ဆိုင်တာလဲ ပြောစမ်းပါဦး'

ရှမ်းစုတ သိလိုဇောဖြင့် မေးလိုက်ရာ ကျင်းလိလည်း ရှိဟိုထံ၌ တပည့်ဖြစ်ခဲ့ကြောင်း ပြောပြလိုက်လေသည်။

* * *



ကျင်းလိသည် ရိက္ခာ အပြည့်အစုံ ငွေကြေး အပြည့်နှင့် နဂါးစုအိမ်မှ ထွက်လာခဲ့လေသည်၊

လမ်းခရီးတစ်လျှောက်တွင် သိုင်းလောကနှင့် ပတ်သက်ပြီး အတွေ့အကြုံများ တဖြည်းဖြည်း ရင့်ကျက်ခဲ့သည်၊

သို့ဖြင့်—

လာသည် ထင်စန်း တောင်ခြေရှိ မြို့ကလေး တစ်မြို့ကို ရောက်ရှိခဲ့သည်၊

ထိုမြို့ကလေး တည့်ဝယ်ကား ဈေးတစ်ခုရှိပြီး အလွန် စည်ကားလှပေသည်၊

ဈေးလယ် တစ်နေရာတွင် အဖိမ်းရောင်ဝတ်စုံ ဝတ်ဆင်ထားသော မိန်းမချောလေး တစ်ယောက် ဈေးဝယ်နေသည်ကို ဈေးထဲမှ ဖြတ်လျှောက်ရင်း အမှတ်မထင် မြင်တွေ့ခဲ့လေသည်၊

မိန်းမချောလေးမှာ မြင်းလှည်းတစ်စီး ပါလာပြီး အသီးအနှံများ၊ ရက်ရှည်ခံသော စားသောက်ကုန်များကို လှည်းပေါ်သို့ ဝယ်တင်နေလေသည်၊

ကျင်းလိသည် မိန်းမချောလေးကို တစ်ချက် စူးစိုက်ကြည့်ပြီး ဈေးကို ကျော်လွန်လာခဲ့လေသည်၊

ဈေးထိပ်ရှိ အရက်ဆိုင်လေး တစ်ဆိုင်၌ အရက်နှင့် စားသောက်ဖွယ်ရာများ မှာကြားလိုက်လေသည်၊

ထိုဆိုင်ထဲတွင် သူ့သက်စော၍ ထိုင်နေသူများမှာ တစ်ဝိုင်းသာ ရှိပြီး အားလုံးပေါင်း လေးယောက်ဖြစ်သည်။

သူတို့ လေးယောက်စလုံး ဓားကိုယ်စီ ကျောမှာ လွယ်ပိုးထားကြပြီး မုတ်ဆိတ်မွေး၊ ပါးမြိုင်းမွေးများရှိပြီး ရုပ်ရည်ကြမ်းသူများ ဖြစ်သည်။

ထို လေးယောက်အား ကြည့်ကတည်းက သူခိုး ဓားပြ အမျိုးအစားထဲက သိုင်းသမားများကို ကျင်းလိတ တွက်ဆပြီးသား ဖြစ်သည်။

ထို့ပြင်....

လေးယောက်စလုံးပင် အတော် မူးနေကြပြီဖြစ်သည်။

'ချွင် ချွင်'

ချူသံ တလွင်လွင်နှင့် ဈေးဘက်မှ မြင်းလှည်းကစ်စီးမှာ လမ်းပေါ်တွင် မောင်းလာသည်။

မြင်းလှည်းကို မြင်လိုက်ရုံနှင့် စောစောက ဈေးထဲ၌ ဈေးဝယ်နေသော မိန်းမချောလေး ဖြစ်ကြောင်း ကျင်းလီ သိလိုက်ရလေသည်။

သူမသည် မြင်းလှည်းအလေး အပြည့်ပင် ပစ္စည်းများဝယ်ယူပြီး သူ့နေရပ်ကို အေးဆေးစွာ ပြန်နေခြင်းပင်။

'ဟာ....လှလိုက်တာကွာ'



မိန်းကလေးအား ဆိုင်ဘက်ကို တစ်ချက်ငဲ့ကြည့်၍ နှုတ်ခမ်းစူသွားသည်။

'အွဲ့ဒါလေးက ပိုတောင်လှသွားတယ်'

'လာကွာ၊ သွားစကားပြောရအောင်'

အရက်သမား လေးယောက်က သူမ၏ မြင်းလှည်းရှေ့တွင် သွားရောက် လမ်းပိတ်ထားကြသည်။

'ဟင်....ရှင်တို့ ဘာလုပ်တာလဲ၊ ဘေးဖယ်ပေးပါ'

သူမက ထိတ်လန့်စွာ ပြောသည်။

အရက်သမား ၄ ဦးက သူမအား နှောင့်ယှက်လေတော့သည်။

'ရှင် ရှင် ကျွန်မနား မကပ်နဲ့နော်'

မိန်းမပျိုလေးမှာ တဖြည်းဖြည်း နောက်ဆုတ်သွားမိလေသည်။

'ဟေ့ကောင်တွေ နောက်ဆုတ်ကြစမ်း'

အမူးသမား လေးယောက် ပြိုင်တူ ကြည့်လိုက်ရာ အဖြူရောင်ဝတ်စုံ ဝတ်ဆင်ထားသော ကျင်းလီအား တွေ့လိုက်ရလေသည်။

အမူးသမား တစ်ယောက်က

'မင်းဘယ်သူလဲ၊ ဘာကိစ္စ တို့အလုပ်ကို ဝင်ရှုပ်ရတာလဲ'

'ကျုပ် ဘယ်သူလဲဆိုတာ ခင်ဗျားတို့ သိစရာမလိုဘူး၊ ခင်ဗျားတို့မိန်းကလေးတစ်ယောက် အရှက်ရစေအောင် လုပ်တာ လူကောင်းတွေမှ ဟုတ်ရဲ့လား'

'အောင်မယ်....ကြီးကျယ်လို့၊ တို့က လူကောင်းတွေ မဟုတ်ဘူး၊ ခါးပြတွေပဲ ပစ္စည်းလုမယ် လူကြိုက်ရင် လူယူမယ် ဟဲ ဟဲ'

'ဝုန်း'

'အား'

စကားမဆုံးမီ ကျင်းလီ လက်ဝါးရိုက်ချက်ကြောင့် အဝေးသို့ လွင့်စဉ်သွားသည်။

ထိုအဖြစ်အပျက်ကြောင့် ကျန်သုံးဦးတ ခါးကိုယ်စီဆွဲထုတ်ကာ ကျင်းလီအား တိုက်ခိုက်လိုက်သည်။

ကျင်းလီကလည်း လက်ဝါးဖြင့် ဆီးကြို ရိုက်ချလိုက်လေသည်။

'ဝုန်း'

'အား'

'အမယ်လေး'

'သေပါပြီဗျ'

ခါးပြသုံးယောက် လူတခြား ခါးတခြား လွင့်စဉ်သွားကြသည်။



အမူးသမား ၄ ဦးစလုံး မြေပေါ်တွင် မေ့မြောနေကြသည်။

မိန်းကလေးတာ ကျင်းလီအနီးသို့ ရောက်လာ၍...

'ကျေးဇူးတင်ပါတယ်ရှင်၊ အစ်ကိုသာ မကူညီရင် ကျွန်မ ဘယ်အချိန်ထိ အရှက်ကွဲနေရမယ်ဆိုတာ မသိပါဘူးရှင်'

ကျင်းလီက သူမကို တစ်ချက်ကြည့်လိုက်ပြီး လှည်းပေါ်မှ ရိက္ခာများကို ကြည့်၍...

'ညီမက ဘယ်အထိ သွားရမှာလဲ၊ ဒီလိုရိက္ခာအပြည့်နဲ့ တစ်ယောက်တည်း သွားရတာ မလွယ်ဘူး'

'ဟုတ်ပါတယ်၊ ဒါပေမယ့် ညီမက သုံးလတစ်ကြိမ် ဈေးဝယ်နေကျမို့ပါ၊ ညီမတို့ နေတာက ဟိုတောင်ပေါ်ကပါ'

ထင်စန်း တောင်ပေါ်သို့ လက်ညှိုးထိုး၍ ပြောလိုက်ရာ ကျင်းလီမှာ သူမအတွက် တအယ်ပင် စိုးရိမ်သွားမိ၏။

'ဒီမှာ... ညီမ အခုအချိန်က ခါးပြတွေ လုယက်သတွေက ပေါပါအိုသနဲ့၊ ညီမသွားရမှာက ထင်စန်းတောင် အထိဆိုတော့ ညီမလက်ခံရင် အစ်ကို လိုက်ပို့ပေးပါရစေ'

သူမက ပြုံး၍ ခေါင်းညိတ်ပြကာ

'အစ်ကိုလိုက်ပို့ရင် ပိုဝမ်းသာတာပေါ့'

သို့ဖြင့်....

ကျင်းလီသည် မိန်းမပျိုလေးနှင့် လိုက်ပါလာခဲ့လေသည်။ ထင်းစန်းတောင်၏ တောင်ဘက်လမ်းအရှေ့တို့တွင် အချို့နေရာများ၌ ချုံနွယ်များ ပိတ်ဆို့နေ၍ မြင်းလှည်းဖြင့် သွားသောအခါ အနှောင့်အယှက်ဖြစ်နေ၏။

ထိုအခါ–

မိန်းမချောလေးအား လှားခနဲ လှည်းပေါ်မှဆင်း၍ လှည်းဦးထိပ်၌ လျှို့ဝှက်စွာ တပ်ဆင်ထားသော ဓားရှည် ထုတ်ကာ ခုတ်ယမ်းလိုက်သည်။

'ဝှစ်....ဝှစ်'
'ဝုန်း...ဝုန်း'

မိန်းကလေးက ဓားကို ထုတ်၍ ခုတ်ချလိုက်သည်။

လျှပ်ပြက်သလို မြန်ဆန်လှပြီး သစ်ပင်များ ပြိုလဲကျသံကို အတန်ကြာမှ ကြားလိုက်ရသည်။

သူမသည် အဆင့်မြင့် သိုင်းပညာကို တတ်မြောက်ထားသူဖြစ်ကြောင်း သိလိုက်ရ၏။

'ဒီလမ်းက ဖြတ်လမ်းလေ၊ ဒါကြောင့် လမ်းကြောင်းတွေ မရှင်းရသေးဘူး၊ တို့ရှေ့ကွေ့ကျရင် အစ်ကို ညီမကို စောင့်ပါဦး'



'ဘာကူညီရမလဲ ပြောပါ'

သူမက

'အစ်ကို မြင်းနဲ့ အရင် တောင်ခါးပန်းကို တက်နှင့်ပါ၊ ညီမ ဒီကနေ ပစ္စည်းတွေ ပစ်တင်ပေးမယ်၊ ပစ္စည်းတွေ အပြည့်နဲ့တက်ရင် အစွမ်းလုံး မှောက်ကျကုန်မှာစိုးလို့ပါ'

ကျင်းလီ ခေါင်းညိတ်လိုက်သည်။

'ရပါတယ်ညီမ'

သူမပြောသလို ကျင်းလီအား တောင်ခါးပန်းကို တက်လိုက်သည်။

ကျင်းလီက တောင်ခါးပန်းသို့ ရောက်သောအခါ စားသောက်ဖွယ်ရာများ ပစ်တင်လေသည်။

မိန်းကလေး ပစ်တင်သည်မှာ အလွန်မြန်လှ၏။

အပေါ်မှ သွမ်းယူနေသော ကျင်းလီမှာ မောဟိုက်လာလေသည်။

'ကုန်ပြီအစ်ကို'

အသံဆုံးသည်နှင့် မောသွားသော ကျင်းလီမှာ မြေပြင်ပေါ် ဖင်ထိုင်ချလိုက်သည်။

သို့သော်

မနားနိုင်ပေ။

မိန်းကလေး၏လည်း သူ့ရှေ့၌ ရောက်ရှိလာပေပြီ။

'ဘယ်လိုလဲ အစ်ကို အတော်မောသွားလား'

သူမက ပြုံး၍ မေးသည်။

ကျောင်းလီက ဘာကဲခတ်လိုသဖြင့်....

'မင်းဟာ အဆင့်မြင့်တဲ့ သိုင်းပညာကို တတ်ထားတဲ့ သိုင်းသမား တစ်ယောက်ဆိုတာ ကျုပ် သိပါတယ်၊ ဘာဖြစ်လို့ ဟိုအမှုးသမားလေးယောက်ကို မတိုက်ခိုက်ရတာလဲ'

မိန်းကလေးက ပစ္စည်းများကို လှည်းပေါ်ပြန်တင်ရင်း

'ကျွန်မနာမည် ကျောင်းကျင်းပါ၊ ဖေဖေဟာ အပြင်ထွက်ရင် သိုင်းပညာအစွမ်း မပြရဘူး၊ အသက်ကို အန္တရာယ်ပြုလာမှ ကာကွယ်ရမယ်လို့ မှာထားပါတယ်၊ သူတို့ကို ဖေဖေ့နာမည်ပြောလိုက်ရင် အနားတောင်ကပ်ရဲမှာ မဟုတ်ဘူး'

ကျောင်းလီက သိလိုဇောဖြင့်

'ညီမဖေဖေ နာမည်ဘယ်လိုခေါ်လဲ'

'ပြိုင်ဘက်ကင်းသိုင်းဆရာကြီး ရှိဟိုပါ'

'ဟင်'



မိန်းကလေးက ဖခင်နာမည်ပြောလိုက်သဖြင့် သူဝမ်းသာသွားသည်။

'ဘာလဲ အစ်ကို ဖေဖေနဲ့ တွေ့ဖူးလို့လား'

မိန်းကလေးက သူ့ကို မေးလိုက်သည်။

'အို — မဟုတ်ပါဘူး၊ ဆရာကြီးရှိဟိုရဲ့ နာမည်ကို ဖေဖျော မကြာခဏ မြို့သို့ ကြားဖူးတာပါ၊ အခုသိုတွေ့ရမှာဝမ်းသာနေလို့ပါ'

'ဖေဖေကို တွေ့ရမှာနဲ့ အစ်ကိုက ဘာလို့ဒီလောက် တောင်ဝမ်းသာနေရတာလဲ'

သူက

'ကြိုတုန်း ဆရာကြီးဆီမှာ ပညာသင်သွားချင်လို့ပါ'

မိန်းကလေး ရယ်မောလိုက်သည်

သူ့ ကြောင်အမ်းအမ်း ဖြစ်သွားပြီး

'ဘာရယ်တာလဲ'

မိန်းကလေး (ဝါ) ကျောင်းကျင်းက

'ဖေဖေမှာ တပည့်တစ်ယောက်မှ ထားတာ ညီမ မတွေ့ဖူးသေးပါ အစ်ကိုက အလွယ်တကူပညာသင်ချင်တယ် ပြောလိုက်လို့ပါ'

'အစ်ကို နားလည်ပါတယ် အစ်ကိုကလဲ အလွယ်အကူနဲ့တော့ မရနိုင်ဘူးလို့ ထင်ထားပြီးသားပါ'

သူတို့နှစ်ယောက် စကားပြောရင်း တောင်ထိပ်သို့ရောက် လာကြသည်။

တောင်ထိပ်တွင် ကြီးမားသော အိမ်ကြီးတစ်လုံးရှိ၏။

ထိုအိမ်ကြီးရှေ့၌ မြင်းလှည်းကိုရပ်လိုက်သည်။

သူလည်း မြင်းကိုရပ်လိုက်သည်။

'သမီးကျင်ကျင် ဘယ်က ဧည့်သည်ခေါ်လာသလဲ ဘာကိစ္စနဲ့ ဒီတောင်ထိပ်အထိတောင် လိုက်လာရတာ လဲ'

အိမ်အတွင်းမှ သြဇာပြည့်ဝလှသော မေးသံတစ်ရပ်ကို ကြားလိုက်ရသည်။

ကျင်းကျင်းက

'သမီးကို ကူညီခဲ့လို့ပါ၊ လမ်းတစ်လျှောက်လုံးလဲ အကူ အညီရခဲ့လို့ ဒီအထိပါလာတာပါ'

'ဒါဆိုလဲ ပြန်လွှတ်လိုက်လေ'

ကျင်းကျင်းသည် ကျင်းလီကို မျက်နှာငယ်လေးနှင့် လှည့် ကြည့်လိုက်သည်။

ကျင်းလီ သဘောပေါက်လိုက်သည်။

ကျင်းကျင်းသည် ဖခင်စကားကို လုံးဝ တော်လှန်ဝံ့ မဟုတ်ကြောင်း သဘောပေါက်လိုက်သည်။

ကျင်းလီ ဒူးထောက်ချလိုက်ပြီး....



'ဆရာကြီးခင်ဗျာ၊ ကျွန်တော် ဒီအထိလိုက်လာရတာ ခွင့်လွှတ်ပါ၊ ကျွန်တော့်အဖေမှာကြားထားတဲ့စကား အရ ဆရာကြီးကိုတွေ့ချင်လွန်းလို့ ကြုံကြိုက်တုန်း လာ ခဲ့မိတာပါ'

'မင်းအဖေက ဘယ်သူလဲ'

'နဂါးကျင်းလုံပါ ဆရာကြီး'

အဖြူရောင်အရိပ်တစ်ခု ကျင်းလီရှေ့သို့ ရောက်ရှိလာသည်။ အဘိုးအိုတစ်ယောက် ဖြစ်သည်။

အဘိုးအိုသည် အဖြူရောင်ဝတ်ရုံကို ဝတ်ဆင်ထားပြီး ဦးခေါင်းတစ်ခုလုံးမှာ ဆံပင်လုံးဝမရှိပါ။

ရှည်လျားသော မုတ်ဆိတ်ရှည်ကြီးမှာ ရင်ဘတ်အထိ ဝဲကျနေသည်။

ရှည်လျားသော မျက်ခုံးမွှေးကြားမှ သိမ်းငှက်၏ မျက်လုံး ပမာ စူးရဲထက်မြက်လှသောမျက်လုံးဖြင့် ကျင်းလီအား စိုက် ကြည့်လိုက်သည်။

'မင်းအဖေက ငါနဲ့ပတ်သက်ပြီး ဘာများပြောဖူး ထားလဲ'

ကျင်းလီ အားတက်သွားသည်။

ထို့ကြောင့်....

ဖခင်မှာထားသော စကားများကို မှတ်မိသလောက် ပြောပြလေသည်။

'အဖေဟာ ငယ်စဉ်က ဆရာကြီးနဲ့အတူ နေခဲ့ဖူးတာရယ်၊ ဆရာကြီးရဲ့ သိုင်းပဒေသာပညာရပ်တွေကို သူတို့ကြုံရင်ကြုံသလို ပြောပြတတ်ပါတယ်၊ ကျွန်တော့ကိုလဲ ဆရာကြီးဆီလွှတ်ပြီး ပညာသင်နိုင်ဖို့ ကြိုးစားပါတယ်၊ ဆရာကြီးရဲ့ နေရာအတိအကျကို လူမသိလို့ မလွှတ်ရတာပေါ့၊ အခုလို တိုက်တိုက်ဆိုင်ဆိုင် ရောက်လာတုန်း ကျွန်တော့်ကို တပည့်တစ်ယောက်အဖြစ် အသိအမှတ်ပြုပါလို့ မေတ္တာရပ်ခံပါတယ်ခင်ဗျာ'

စကားဆုံးသည်နှင့် ကျောင်းလီက ရှိဟိုအား ဦးသုံးကြိမ် ချလိုက်သည်။

ရှိဟိုက

'မင်းနာမည် ဘယ်လိုခေါ်လဲ'

ကျောင်းလီက ဦးညွှတ်ရင်း၊

'ကျောင်းလီပါဆရာ'

ရှိဟို ခေါင်းတဆတ်ဆတ်ညိတ်ရင်း

'အင်း...ကျောင်းလီ၊ မင်းအဘိုးဟာ ငါ့ရဲ့ကျေးဇူးရှင်တစ်ဦး ဖြစ်ခဲ့ဖူးတယ်၊ မင်းအဖေဟာလဲ ငါ့လက်ပေါ်မှာ အလိုလိုကြီးလာခဲ့တယ်၊ အဲဒီသံယောဇဉ်တွေကို ထောက်ထားပြီး မင်းကို ငါလက်ခံမယ်၊ ဒါပေမဲ့



ဆရာကြီးရှိဟိုသည် ကျောင်းလီနှင့် ကျောင်းကျောင်းတို့နှစ်ယောက်စလုံးကို တောင်ထိပ်တစ်နေရာရှိ မတ်စောက်သော ချောက်ကမ်းပါးကြီးတစ်ခုသို့ ခေါ်သွားသည်။

ချောက်ကမ်းပါးကြီးထိပ်တွင် လူနှစ်ရပ်လောက် မြင့်မားသော ကျောက်တုံးကြီးသုံးတုံးရှိသည်။

ထိုကျောက်တုံးရှေ့၌

'မိမိတို့ တတ်မြောက်လာသည့် သိုင်းပညာများနှင့် အများအကျိုး သိုင်းလောကအကျိုးကို သယ်ပိုးဆောင်ရွက်မည့် ဒုစရိုက်သမားများအား နှိမ်နင်းပါမည်'

ဟု သစ္စာဆိုကြရသည်။

သစ္စာဆိုပြီးသည်နှင့် ဆရာကြီးသည် အသက်ကို မှန်မှန်ရှူပြီး အလယ်တည့်တည့်ရှိ ကျောက်တုံးကိုကြည့်ကာ လက်တစ်ဖက်ကို မြှောက်လိုက်သည်။

ထိုသို့ ရှိဟိုက လက်တစ်ဖက်မြှောက်လိုက်သည်နှင့် ရှိဟိုလက်မှထွက်သော အားလှိုင်းများကြောင့် ဘေးတစ်ဖက် တစ်ချက်ရှိ ကျောင်းလီနှင့် ကျောင်းကျောင်းတို့မှာ တုန်ခါသွားကြပြီး လဲမကျအောင် မနည်းထိန်းထားရသည်။

ရှိဟိုသည် မြှောက်ထားသောလက်မှ လက်ဝါးကို ဖြည်းညင်းစွာဖြန့်ပြီး ကျောက်တုံးကြီးဆီသို့ ရုတ်တရက် လက်ဝါးဖြင့် ရိုက်ချလိုက်သည်။

ထိုအခါ

ထင်းများလှောင်ရန် တဲရှည်တစ်လုံးကို ဆောက်ခိုင်းပြန် ပြန်သည်။

တဲပြီးသောအခါ ထင်းများကို နေ့စဉ် ခွဲခြမ်းရပြန်လေ သည်။

သုံးလလုံးလုံး အလုပ်နှင့်လက် နေ့ညမပြတ်အောင် ပင် ပန်းစွာ လုပ်နေရသော ကျင်းလီကိုကြည့်၍ ကျင်းကျင်း သနားမိလေသည်။

ထို့ကြောင့်....

ကူညီချင်သည်။

သို့သော်

ဖခင်ကိုကြောက်၍ မကူညီရဲပါ။

နောက်ဆုံးတွင် သူတို့နှစ်ယောက်မှာ လူငယ်များပီပီ အနေ နီးစပ်သွားပြီး ထစ်ဦးနှင့်တစ်ဦး မေတ္တာမျှသွားလေတော့ သည်။

သို့သော်

သူတို့အချစ်ထံ တိတ်တခိုးအချစ်ပင် ဖြစ်သည်။

သုံးလပြည့်သောနေ့....



ငါကျေနပ်တဲ့အထိ မင်းရဲ့စိတ်ဓာတ်ကို စမ်းသပ်ရလိမ့် မယ်'

ကျင်းလီ ချက်ချင်းသဘောတူလိုက်သည်။

'ကြိုက်သလို စမ်းသပ်ပါဆရာ'

ထိုနေ့မှစ၍

ရှိတိုက ခုံးတစ်လက်၊ လွှတစ်အက်၊ ရဲတင်းတစ်လက်ကို ထုတ်ပေးပြီး သုံးနှစ်စာအတွက် ထင်းခွေခိုင်းသည်။

ထင်းခွေခနစဉ်အတွင်း နေ့စဉ် နံနက်တစ်စည်း ညနေတစ် စည်း ရခပ်ရသည်။

တောင်ထိပ်နှင့် မိုင်ဝက်ခန့်ဝေးပြီး ချောက်ကမ်းပါး အကွေ့အဆင်း အတက်များရှိသော စမ်းချောင်းတွင် ရေခပ် ရသည်။

တစ်ကြိမ်တွင်

ကျင်းလီသည် ကျားသစ်တစ်ကောင် ရေသောက်နေသည် နှင့်ကြုံ၍ ဓားရှည်နှင့်မစ်ပေါက်ကာ ကျားသစ်ကိုပါ ရအောင် ယူခဲ့ဖူးလေသည်။

တစ်ကြိမ်တွင်

ကျင်းလီသည် နှစ်လအတွင်းမှာပင် အိမ်ရှေ့တွင် တစ် အိမ်လောက်နီးပါး မြင့်မားသော ထင်းပုံကြီး ရောက်ရှိလာ သည်။

'ဝုန်း....'

'ဝေါ...ဝေါ'

ကျယ်လောင်သော မြည်ဟီးသံများ ဝုန်းခနဲအသံကြီး ထွက်ပေါ်လာပြီး ကျောက်တုံးမှာ အစိပ်စိပ်အမြွာမြွာ ကွဲကျသွားပြီး ချောက်ကမ်းပါးအောက်သို့ ပြုတ်ကျသွားလေ၏

ကျင်းလီသည် ရှိဟို၏ မယုံကြည်နိုင်အောင်မြက်အောင် ထက်မြက်သော ဓါးတွင်အားညာကို တွေ့မြင်လိုက်ပြီး အံ့သြသွားသည်။

ပြီးလျှင်....

ဆရာကြီးသည် လက်ဖျောက်နှစ်ချက်တီးလိုက်၏။

တောက် ဟိန်းထွက်သွားအောင်မြည်သော လက်ဖျောက်နှင့်အတူ ခါတစ်အုပ်ပျံသန်းကာ ပခုံးပေါ်မှာ လာနားနေသည်။

'ကျင်းလီ မင်းသည်နေ့ကစပြီး တပည့်ဖြစ်ပြီ တို့ဆီမှ ပညာသင်နေပြီဆိုတဲ့အကြောင်း မင်း ဖေဖေကို အကြောင်းကြားလိုက်ပေါ့'

'ဟုတ်ကဲ့ဆရာ'

သူသည် ဝမ်းသာအားရစွာ ဖခင်ထံ စာတစ်စောင်ရေး၍ အကြောင်းကြားလိုက်သည်။



ဆရာကြီးရှိဟိုက ထိုစာအား ခိုဖြူလေး၏သည်၌ ဆွဲကာ အသေအချာမှာကြားပြီး လွှတ်လိုက်သည်။

* * *

နောက်တစ်နေ့မှစ၍

ဆရာကြီးသည် ကျင်းလီနှင့်သူ့သမီး ကျင်းကျင်းတို့ကို အဆင့်မြင့်မားလှသည့် သိုင်းပညာများကိုသင်ကြားပေးသည်။

ခန့်မှန်း၍မရအောင် အဆင့်မြင့်လှသော ဓားသိုင်းပညာ လှေသိုင်း ရေသိုင်း၊ မီးသိုင်းနှင့်တောတိရစ္ဆာန်မျိုးစုံတို့၏သိုင်း ကွက်များကိုပါမကျန် သင်ကြားရသည်။

အတွင်းအားပညာနှင့် ကိုယ်ဖျောက်ပညာများကိုလည်း နေ့စဉ်နံနက်လင်းသည်နှင့် လေ့ကျင့်ပြီး ညစဉ် သမထတရားများ အားထုတ်ရသည်။

ကျင်းလီကိုယ်တိုင် အဆင့်မြင့် သိုင်းပညာတတ်ထားသူဟု သိုင်းလောကတခွင် လက်ခံထားကြသော်လည်း ရှိဟိုသင်ကြားပေးသော ပညာများမှာ သူတတ်ထားတတ်သမျှ အခြေ

ခံလောက်သာရှိသေးကြောင်း သဘောပေါက်လာ၍ ကျင်းလီအားကြီးမားန်တက် သင်ယူသည်။

'တစ်နှစ်...နှစ်နှစ်....သုံးနှစ်'

သုံးနှစ် ပြည့်မြောက်သောအခါ လျှို့ဝှက်ဆန်းကြယ်သော အဆိပ်ပညာ၊ ဆေးပညာ၊ လက်နက်ပုန်းပညာများကို သင်ကြားရသည်။

သုံးနှစ် လုံးလုံးလျားလျားပြည့်သောနှစ်တွင် ရှိဟိုသည့် ပညာသင်စဉ် ကတိပြုခဲ့သော ကျောက်တုံးကြီးများထဲသို့ ကျင်းလီနှင့်ကျင်းကျင်းတို့ကို ခေါ်လာသည်။

'ငါတဝည့် မင်းပညာ ဘယ်အထိရောက်ပြီ၊ ဘယ်လောက်စွမ်းပြီဆိုတာ သိရအောင်ဟိုဘက်ကကျောက်တုံးကို လက်ဝါးနဲ့ရိုက်ချလိုက်'

'ဟုတ်ကဲ့'

သူ ဟုတ်ကဲ့သာ ဝန်ခံလိုက်သည်။

ကိုယ့်ကိုယ်ကို မယုံမရဲ ဖြစ်မိသည်။

ထို့နောက်

မာန်သွင်းကာ 'နောက်သို့ နှစ်ပတ်ကျွမ်းဝစ်လိုက်ပြီး အတွင်းအားများကို လက်ဝါးဆီသို့တွန်းပို့ကာ ကျောက်တုံးကြီးကို လက်ဝါးဖြင့် ပြေးရိုက်လိုက်သည်။



'ဝုန်း'

'ဝေါ'

ကျယ်လောင်သော မြည်သံ ထွက်ပေါ်လာပြီးနောက် ကျောက်ခဲများချောက်အတွင်းသို့ တဝေါဝေါမြည်ကာ ကျဆင်းသွားလေသည်။

ထိုအခါမှ လက်ဝါးနှင့်ရိုက်ပြီးကတည်းက မှိတ်ထားသော မျက်စိကို ဖွင့်လိုက်သည်။

ကျောက်တုံးကြီးက မရှိတော့ပေ။

'ငါတပည့်အောင်မြင်ပါပြီ မင်းအတိအကိုင်း အကျိုးပြုမယ့် လုပ်ငန်းတွေကိုသာ လုပ်ဆောင်ပါတပည့်'

'အမိန့်အတိုင်းပါဆရာ'

သူသည် ရှိဟိုအား ဦးသုံးကြိမ်ချနှုတ်ဆက်ကာ ထွက်ခွာခဲ့သည်။

ကျင်းကျင်းမှာ တောင်ခြေအထိ လိုက်ပို့ရှာသည်။

ဝမ်းနည်းလွန်း၍ မျက်ရည်များပင် ကျဆင်းသေည်။

သူက သူမမှလွဲ၍ မည်သူ့ကိုမှ စိတ်မဝင်စားကြောင်းသူမနှင့်ဆုံဆည်းရန် ဆုတောင်းနေမည်ဖြစ်ကြောင်း ကတိပြု၍ ခွဲထွက်ခဲ့ကြလေသည်။

....o....

## လေပွေဂိုဏ်း

ကျင်းလီနှင့် လေပွေသိုင်းသမား ရှမ်းစုတို့သည် စကားပြောရင်း မြင်းကို ဖြည်းဖြည်းနှင်လာရာ မိုးလင်းပိုင်းသို့ပင် ရောက်လာခဲ့ကြလေသည်၊

ရှမ်းစုမှာ ကျင်းလီ၏ စကားများကို နားထောင်ရင်း အလွန်ပင် အားကျလှပေသည်။

'သခင်လေးရဲ့ ပညာဟာ ဆရာကြီးရှိဟိုရဲ့ အခမ့်ကို ရလိုက်တာဆိုတော့ ပြိုင်ဘက်ကင်းသိုင်းသမားအဆင့် ရောက်မနေပြီလို့ ဆိုရမှာပဲ'

'ကျွန်တော်ကတော့ ကိုယ့်ကိုယ်ကိုဒီလောက်လဲအထင်မကြီးပါဘူး၊ ဒါပေမယ့် အခုလက်ရှိ သိုင်းလောကထဲက ဘယ်ဂိုဏ်းချုပ်ကိုမဆို ကျွန်တော် ရင်ဆိုင်ရဲတယ်'



ထို့နောက် သူ့ခါးမှ ဓားကိုပုက်ပြလိုက်ပြီး....

'ဒီဓားဟာ နှစ်နှစ်မြောက် သိုင်းပညာသင်ပြီးတာနဲ့ ဆရာကြီးပေး ချီးမြှင့်တဲ့ လက်ဆောင်ပါ၊ ဓားရဲ့ ထူးခြား ဆန်းကျယ်မှုတွေက အများကြီးရှိတယ် ဒီဓားကို အသုံးပြုနိုင်ဖို့အတွက် တစ်လကျော် သီးသန့် လေ့ကျင့်ခဲ့ရတယ်'

ပြောရင်းကပင် ကျင်းလီက ဓားကိုခါးမှ ဆွဲထုတ်လိုက်လေသည်၊

'ဟင်....'

ဓားမှာ ဓားမြောင် သာသာ ဓားတိုကလေးဖြစ်သော်လည်း ဓားကို ဆွဲထုတ်လိုက်သည်နှင့် ရေခဲ နှင်းခဲများလှမ်းဖက်လိုက်သလို အေးစိမ့်သွားကာ ရှမ်းစုက ဓားကိုသေသေချာချာ လှမ်းကြည့်လိုက်၏၊

ဓားမှာ တစ်လက်လုံး မည်းနက်နေသည်၊

ဓားအရှင်းပိုင်းတွင် ဘုတကလေးသုံးဘုပါပြီး အရိုးမှာ ဓားရှည်ကြီးများအရိုးအတိုင်းပင် ဖြစ်သည်၊

သူက ဓားကို ပြန်ထည့်လိုက်သည်၊

'မြန်မြန်ကလေး သွားကြစို့၊ နေမပူခင် ခရီးတစ်ထောက်နားပြီး အပန်းဖြေရအောင်'

'ကောင်းပြီလေ'

ရှင်းနှစ်စီးမှာ အရှိန်မြင့်သည်ထက်မြင့်ရန် ဒုန်းစိုင်းနေလေသည်။

ထိုအတူ ...

နေလုံးကြီးကလည်း တဖြည်းဖြည်း မြင့်တက်လာလေသည်။

နေမွန်းတည့်ချိန်လောက်တွင် သူတို့နှစ်ယောက် တောင်ခြေရှိ မြို့မကျ ရွာမကျ မြို့လေးတစ်မြို့သို့ ရောက်ရှိသွားလေသည်။

ထိုမြို့ထဲသို့ဝင်တော့ ခရီးတစ်ယောက်နှာ-ရင်း ဝမ်းဖြည့်ရန် အရက်ဆိုင်တစ်ဆိုင်သို့ ဝင်လိုက်ကြသည်။

အတွင်းကျကျ အစွန်ဆုံးစားပွဲတွင် နေရာယူလိုက်ကြလေသည်။

အရက်နှင့် စားသောက်ဖွယ်ရာများ မှာကြားစားသောက်လိုက်ကြသည်။

စားသောက်ပြီးသောအခါ....

ရှမ်းစုက....

'သခင်လေး ဒီဆိုင်မှာ ကျုပ်တို့ ဂိုဏ်းသားတွေနဲ့ စွန်ရဲတွေ နှစ်ကြိမ်တောင် ရန်ဖြစ်ခဲ့ဘူးတယ်'



ကျင်းလဲ့က....

'ဒါဆိုရင် ဦးကြီးတို့ သေပွဲဂိုဏ်းရှိတဲ့မြို့ကို ရောက်ခါနီးပြီပေါ့'

ရှမ်းစု ခေါင်းညိတ်လိုက်သည်။

'ဟုတ်တယ်၊ ဒီတစ်ည ခရီးနှင်လိုက်ရင် ရောက်ပါပြီ'
'စွန်ရဲဂိုဏ်းသားတွေက အတော် နယ်ကျယ်လာတာကိုး....'

ကျင်းလဲ့က မှတ်ချက်ချသလို ပြောလိုက်ရာ လေပွေသိုင်းလမ်းက....

'နယ်ကျယ်ဆို သူတို့ဂိုဏ်းခွဲမှူးတွေက အကြောင်းအမျိုးမျိုးပြပြီး ခရီးထွက်ကြတယ်၊ အပြင်ရောက်တာနဲ့ ဓားပြတိုက်ပြီး စီးပွားရှာနေကြတာကိုး'

ကျင်းလဲ့က ခေါင်းညိတ်လိုက်သည်။

'တကယ်တော့ စွန်ရဲအဖွဲ့ချုပ် အကြွမ်းဟာ တစ်ခြားသိုင်းအဖွဲ့တွေနဲ့ ဆက်ဆံတဲ့အခါ လူကြီးလူကောင်းဟန်ဆောင်နေတတ်ပြီး၊ ခွေးပြတွေမွေးထားတဲ့ဓားပြခေါင်းဆောင်တစ်ယောက်ပဲ'

'တယ်ကော်င်တွေလဲကွ တို့ဂိုဏ်းချုပ်ကို မခန့်လေးစားစကားတွေ ဆိုင်ထဲလာပြီး စွာကျယ် စွာကျယ် မပြောနေတာ'

အတွင်းခန်းထဲ၌ အရက်သောက်နေဟန်ရှိသော လူတစ်ယောက် အော်ကြီးဟစ်ကျယ် မန်မဲပြောဆိုကာ အပြင်ခန်းမသို့ ထွက်လာသည်၊

သူ့ခါးတွင် အနက်ရောင် ခါးစည်းပါရှိပြီး ချက်အလယ်လောက်တွင် အဝါရောင် စွန်ရဲတံဆိပ် ထိုးထားခြင်းကို ထောက်၍ ထိုလူသည် စွန်ရဲအဖွဲ့၌ လက်ထောက် ဂိုဏ်းခွဲမှူး အဆင့်ရှိသူဖြစ်ကြောင်း ဖော်ပြနေသည်၊

'ငါပဲကွ မှန်တာပြောတာ မင်းက ဘာမခံနိုင် ဖြစ်နေရတာလဲ'

ရှုတ်ကရက်...

ရှမ်းစုက ထပြောလိုက်သည်၊

ရှမ်းစုသည် စွန်ရဲ ဂိုဏ်းသားများက လုံး၀ ကြည့်၍မရပေ၊

ထို့ကြောင့်

ထရပ်လိုက်ပြီး စိန်ခေါ်လိုက်ခြင်း ဖြစ်၏၊

'ယား'

လက်ဝါးဖြင့် ရှမ်းစုအား ရိုက်ချလိုက်သည်၊

'ဖြောင်း'

'အား'

သူ၏လက် ရှမ်းစုထံ မရောက်မီ ရှမ်းစုက သူ့အား ကိုင်ပေါက်လိုက်သည်၊



ထိုလူမှာ နံရံနှင့် ဆောင့်မိပြီး လဲကျ ငြိမ်သက်သွားလေသည်၊

ထိုအခါ

လက်နက်ကိုင်ဆောင်လျက် စွန်ရဲ ဂိုဏ်းသား ၅ ဦးသည် အခန်းထဲမှ ပြေးထွက်လာကြ၏၊

'စွန်ရဲဂိုဏ်းကို စော်ကားတဲ့ကောင် သေပေတော့'

ရှေ့ဆုံးမှ ဓားရှည်ကို ဝှဲ၍ ပြေးလာသော လူကို ရှမ်းစု ထ အဝတွင် ကြို၍ စောင့်နေသည်၊

'ဝုန်း'

'အား'

သို့ရာတွင်....

ကျင်းလီမှာ မည်သည့် အချိန်က ရောက်မှန်းမသိဘဲ စွန်ရဲ ဂိုဏ်းသား လွင့်စင်ငြိမ်သက်သွား၏၊

'ဟင်'

ကျန်လေးဦး ရှေ့သို့ တက်ရန် မဝံ့မရဲ ဖြစ်သွားမိ၏၊

'ဟေ့ လူတွေ ဘာလုပ်နေတာလဲ ဝင်ခဲ့လေ'

ကျင်းလီက မခံချင်အောင် စလိုက်သည်၊

'ယား'

စွန်ရဲအဖွဲ့သားတို့ ညာသံပေး၍ ကျောင်းလီတို့အား ခိုင်း၍ တိုက်ခိုက်လိုက်၏။

'ယား'

ကျောင်းလီ ညာသံပေး၍ လက်ဝေ့ယမ်းလိုက်သည်။

'ဝုန်း'

'အား'

'အမယ်လေး'

'သေပြီဗျို့'

စွန်ရဲအဖွဲ့သားတို့ အနေးသို့ လွင့်စင် သွားကြလေတော့သည်။

ရှမ်းစု ပါးစပ်အဟောင်းသား ဖြစ်နေ၏။

* * *



သူတို့နှစ်ယောက် လေပွေဂိုဏ်းသို့ အတော်မိုးချုပ်မှရောက်လေသည်။

သို့သော်

ရှမ်းစု ပြန်ရောက်လာသောအခါ လေပွေစံအိမ်၌ မီးများ ထိန်ထိန်လင်းသွားသည်။

ဂိုဏ်းချုပ်ကြီး ရှမ်းစုသည် ဂိုဏ်းအဘွင်း၌ အခရးကြီးဆုံး ဂိုဏ်းခွဲမှူးကြီး လေးဦးကို ချက်ချင်းခေါ်လိုက်၏။

ပထမတွင် ခွဲမှူးကြီးများနှင့် ကျောင်းလီကို မိတ်ဆက်ပေးသည်။

ခွဲမှူးလေးဦးမှာ အားလုံးပင် အသက် ငါးဆယ်ကျော်ခန့်ရှိကြပြီ၊ သိုင်းပညာ ပြည့်ဝကြသည်ဟု ကျောင်းလီက ခန့်မှန်းမိသည်။

တစ်ယောက်က သံလိုက်သီး လုံပီ၊

နောက်တစ်ယောက်က မိုးကြိုးဓား ဝမ်းဟုန်၊

နောက်တစ်ယောက်က ကျားပွတ် လူရှောင်၊

ကျန်တစ်ယောက်က ဆေးတံ လီစမ်တို့ဖြစ်သည်။

ရှမ်းစုက ကျောင်းလီသည် ပြိုင်ဖက်ကင်း သိုင်းသမားအဆင့်ရှိကြောင်း။

နဂါးကျင်းလုံ၏သားပင် ဖြစ်ကြောင်း မိတ်ဆက်ပေးလိုက်ရာ နဂါးကျင်းလုံအား ခင်မင်ကြည်ညိုကြသူများအလျောက် ကျင်းလီကိုလည်း ချက်ချင်း ခင်မင်သွားကြ၍ ရယ်မောစွာ စကားပြောကြ၏။

ထိုနောက်

ရှမ်းစုကာ စွန်ရဲဂိုဏ်း၏ အန္တရာယ်နှင့် သိုင်းလောကအခြေအနေကို ရှင်းပြပြီး လေးပွင့်ဂိုဏ်းအား နဂါးဂိုဏ်းနှင့် ပူးပေါင်းရန် ကျင်းလီအား ဂိုဏ်းချုပ်အဖြစ် ဆောင်ရွက်မည် ဖြစ်ကြောင်း ရှင်းလင်းပြောဆိုသည်။

ခွဲမှူးလေးယောက်သည် ဂိုဏ်းချုပ် ဖြစ်မည့် ကျင်းလီကို အရိုအသေ ပြုလိုက်ကြ၏။

ကျင်းလီက ထိုမျှအထိ သူ့အပေါ် သဘောမထားဘဲ ဦးလေးနှင့်တူပမာ့ အတူတကွ လုပ်ဆောင်သွားမည် ဖြစ်သည်ကို ပြောပြရာ ပို၍ပင် ဝမ်းသာသွားကြသည်။

ကျင်းလီအား အားလုံးက လေးစားကြည်ညိုသွားကြလေသည်။

မနက်ဖန်ညတွင် သူ့အား နဂါးအဖွဲ့၏ ဂိုဏ်းချုပ်ရာထူး အပ်နှင်းပွဲအဖြစ် သောက်ပွဲ စားပွဲ ကျင်းပမည် ဖြစ်ကြောင်း အဖွဲ့သားတို့ကို သတင်းပေးရန် ပြော၍ ရှမ်းစုက စည်းဝေးပွဲကို ရုပ်သိမ်းလိုက်သည်။



ထိုအခါ

နောက်ပြောင် ပျော်ရွှင်တတ်သည့် သံသက်သီ၊ လုံပိက ကျင်းလီအား....

'ဂိုဏ်းချုပ်ရာထူး အပ်ပြီးရင်တော့ ကျုပ်တို့ ဂိုဏ်းချုပ် အရည်အချင်းကို ကိုယ်တိုင် စမ်းမယ်နော် .... ဟဲ့....ဟဲ....'

ဟု ရယ်ကာမောကာနှင့် ပြောလိုက်၏။

'ရပါတယ် အဘရယ်၊ ရပါတယ်'

ကျင်းလီသည်း ပြုံးရွှင်စွာဖြင့်ပင် ပြန်လည် တုံ့ပြန်လိုက်သည်။

....o....

## ဂိုဏ်းချုပ်သစ်

နေ့စက်တစ်နေ့ ညနေပိုင်း....

လေပွေ သိုင်းဌာနချုပ်၏ အိမ်ရှေ့တွင်ရှိ ကွင်းပြင်ကျယ်ကြီး၌ စားသောက်ပွဲ ခင်းကျင်းနေ၍ စည်ကားနေသည်၊

ကွင်းပြင်ကျယ်ကြီး တစ်ခုလုံး စားပွဲများချထားပြီးစားပွဲတစ်လုံး လူလေးယောက်ကျ လေပွေအဖွဲ့သားတို့ စားသောက်နေကြသည်၊

အကျော်မျိုးစုံ၊ ဟင်းလျာ မျိုးစုံနှင့် အသီးအနှံ အကြော်အလှော် မျိုးစုံလှသည်၊

စားသောက်နေကြသူများမှာလည်း မိမိ တစ်ဖွဲ့တစ်ည်းသား မိတ်ဆွေများဖြစ်၍ ပျော်ရွှင်ရယ်မော စကားပြောနေကြသည်မှာ အုန်းအုန်းထနေသည်၊



ရှေ့ဆုံးတွင် ခုံတန်းရှည်များချထားပြီး ထိုခုံတန်းရှည်ကြီးများမှာ ဂိုဏ်းခွဲကြီးများ၊ လက်ထောက်ခွဲမှူးများ တန်းစီ၍ ထိုင်နေကြသည်။

ပရိသတ်အဖွဲ့သားတို့ကို မျက်နှာမူလျက် စားပွဲရှည်ကြီး၌မူ ဂိုဏ်းချုပ်ကြီး ရှမ်းစုနှင့် ကျင်းလီတို့က ထိုင်နေကြသေးသည်။

'ဖြောင်း ဖြောင်း'

စားသောက်ပွဲ အတန်အသင့် ကြာသွားသောအခါ ရှမ်းစုက လက်ခုပ်နှစ်ချက် တီးလိုက်ရာ ဆူညံသံများ တိတ်ဆိတ်သွားသည်။

ထိုအခါမှ ဂိုဏ်းချုပ် ရှမ်းစုက မတ်တတ်ရပ်လျက်....

'အခုအချိန်ကစပြီး ကျုပ်လေပွေဂိုဏ်းချုပ် ရှမ်းစုက ပြိုင်ဖက်ကင်း သိုင်းသမား ကျင်းလီကို နဂါးဂိုဏ်းရဲ့ ဂိုဏ်းချုပ်အဖြစ် အသိအမှတ် ပြုလိုက်ပါတယ်'

'ဖြောင်း ဖြောင်း ဖြောင်း'

လက်ခုပ်သံများ ဆူညံစွာ ထွက်ပေါ်လာသည်၊

လက်ခုပ်သံဆုံးသောအခါ ဂိုဏ်းချုပ်ရှမ်းစုက ထပ်ဆင့်ပြောလိုက်ပြန်သည်၊

'ကျုပ်တို့ လေပွေဂိုဏ်း အဖွဲ့ကြီး တစ်ဖွဲ့လုံးကို အခုအချိန်ကစပြီး နဂါးဂိုဏ်းနဲ့ ပူးပေါင်းလိုက်ပါပြီ၊

အထိမ်းအမှတ် လေပွေ ဂိုဏ်းရဲ့ အမှတ်အသား ရွှေခြင်္သေ့တံဆိပ်တော်ကို နဂါးဂိုဏ်းချုပ် ကျင်းလီအား အပ်နှင်းပါတယ်'

ပြောပြောဆိုဆိုပင် ရှမ်းစုသည် ရွှေခြင်္သေ့တံဆိပ်တော်ပါ ရှိသော ဆွဲကြိုးကို သူ့အောက်တွင် ရပ်နေသည့် ကျင်းလီအား ဆွဲပေးလိုက်သည်။

ကိုယ်တိုင်ပင် ရှမ်းစုအား အရိုအသေပေးလိုက်၏။

'ဖြောင်း....ဖြောင်း....ဖြောင်း'

ချီးကျူး ဂုဏ်ပြုအားပေးသော လက်ခုပ်သံများ ထွက်ပေါ်လာပြန်သည်။

လက်ခုပ်သံများ ပြန်လည်ငြိမ်သက်သွားသောအခါ ရှမ်းစုက မျှော်ရှင်လွတ်လှပ်စွာ စားသောက်နိုင်ကြောင်း ကြေညာပေးလိုက်ရာ....

စကားသံများ ပြန်လည်ဆူညံလာသည်။

ကျင်းလီသည် ဂိုဏ်းခွဲမှူးကြီးများ၊ လက်ထောက် ဂိုဏ်းခွဲမှူးများကို ကိုယ်တိုင်ပင် လလိုက်ဆွဲနှုတ်ဆက်၍ အသိအမှတ်ပြုလေသည်။

ထို့ပြင်



ကွင်းပြင်တစ်ခုလုံးမှာ စားသောက်နေသော ဂိုဏ်းသားများအားလုံးကို တစ်ဦးချင်းပင် လိုက်လံနှုတ်ဆက်လေသည်။

ဂိုဏ်းသားအားလုံးက ကျင်းလီကို လေးစားချစ်ခင်စွာ အရိုအသေပြု နှုတ်ဆက်ကြသည်။

'တို့ဂိုဏ်းချုပ်အသစ်က ရုပ်ရည်ကတော့ ပြောစရာမရှိဘူးကွ၊ သိုင်းပညာ ဘယ်လိုနေမလဲ့မသိဘူး'

'သော့တောင် ခဏနေကြဦး၊ ဟိုမှာ ဂိုဏ်းခွဲမှူးလုံပိ ထလာပြီကွ၊ သူအတော်မူးနေပြီ မူးရင် ပညာတွေ ထုတ်ပြတော့မယ်'

ဂိုဏ်းသားများ အသံတိတ်သွားကြ၏။

ထိုစဉ်မှာပင်

ရှမ်းစု၏ကြေညာချက် ထွက်ပေါ်လာသည်။

'ဂိုဏ်းသားအားလုံး နားထောင်ကြပါ၊ အခုအချိန်ကစပြီး ဂိုဏ်းခွဲမှူးကြီးလုံပိဟာ ဂိုဏ်းချုပ်သစ်ကျင်းလီကို ပညာစစ်ဆေးချင်ကြောင်း လာပြောတာကို ဂိုဏ်းချုပ်က လက်ခံလိုက်ပါတယ်၊ ဒီပွဲဟာ ပညာစမ်းတဲ့ပွဲပဲဖြစ်ပါတယ်'

'ဖြောင်း....ဖြောင်း....ဖြောင်း'

ဂိုဏ်းသားများမှာ မျှော်လင့်စောင့်စားသော ပွဲစဉ်ကို ရောက်လာပြီဖြစ်၍ ကျယ်လောင်စွာလက်ခုပ်တီးပြီး ချက်ချင်း ငြိမ်း၍ကြည့်နေကြသည်။

ဂုဏ်းခွဲမှူးလုံပိသည် ပျော်ပျော်နေတတ်သည်။

အရက်သောက်သည်။

အရက်မူးလေလေ သူ့ပညာတွေ ထွက်လာလေဖြစ်သည်။

"သူကိုင်သောလက်နက်မှာ ယ်လက်သီးဖြစ်ပြီး တော်ရုံ သိုင်းသမားများ မကိုင်တတ်ပေ။

လုံပိသည် အရက်အပြည့်ထည့်ထားသော အိုးကို လက်ဝါးပေါ်တင်၍ မတ်တပ်ရပ်လိုက်သည်။

ဆယ်ပေလောက်ကွာဝေးသော ကျင်းလီထံသို့ အရက်အိုးကို တွန်းပို့ရင်း....

'ဂုဏ်းချုပ်ကြီး အရက်သောက်လိုက်ပါဦး'

'ဝှစ်'

ပြောပြောဆိုဆို အရက်အိုးကို ကျင်းလီထံ ပစ်လွှင့်လိုက်သည်။

'အဘပဲသောက်ပါဗျာ'

'ဝှစ်'

ကျင်းလီက အတွင်းအားဖြင့် ပြန်လည်ပစ်လွှင့်လိုက်လေသည်။

'ခွမ်း'



လုံပိ အလျင်အမြန် ရှောင်တိမ်းလိုက်ရသည်။

သို့မဟုတ်ပါက

လူပုံအလယ်၌ မျက်နှာကို အရက်အိုးနှင့်ထိ၍ အရှက်ကွဲရပေလိမ့်မည်။

လုံပိ ရှောင်တိမ်းလိုက်သဖြင့် နဘေးရှိသစ်ပင်အား ထိမှန်ကာ ကွဲသွားလေသည်။

'ဖြောင်း....ဖြောင်း....ဖြောင်း'

ဂုဏ်းသားသည် ကျင်းလီ၏ အတွင်းအားပညာကို ချီးကျူးလိုက်ကြလေသည်။

လုံပိ ရှုံးနိမ့်သွားပြီဖြစ်သည်။

ထိုအခါ လုံပိသည် ဂုဏ်းသားများဘက်လှည့်ကာ....

'ကျုပ်တို့ဂုဏ်းချုပ် ကျင်းလီရဲသိုင်းပညာ ယှဉ်နိုင်မည့်လူ မရှိသလောက်ပါပဲလို့ ကျုပ်....ပြောချင်ပါတယ်'

'ကျုပ်ရှိတယ်'

လုံပိ၏ စကားမဆုံးမီ အလယ်တန်း ဂုဏ်းသားများခုံမှ အသံတစ်သံ ထွက်ပေါ်လာသည်။

လုံပိ မျက်နှာပျက်ခနဲ ပျက်သွားသည်။

ကျင်းလီသည် ထိုသိုင်းသမားကို လှမ်းကြည့်လိုက်သည်။

အရပ်ရှည်ရှည် မျက်နှာချွန်ချွန်နှင့် အာလွန် အကြည့်ရ ဆိုးလေသည်၊

သူ့အဖော်များက သူ့အား ဝိုင်းဆွဲထားကြသည်၊

'သူ့ကိုလွှတ်ပေးလိုက်ပါလား၊ သူ့ဆန္ဒအတိုင်း ပြိုင်ပါစေ၊ ကျုပ် ခွင့်ပြုပါတယ်'

ကျောင်းလီကပြောလိုက်ရာ ထိုလူ၏အဖော်များက လွှတ်ပေးလိုက်ကြသည်၊

ထိုလူသည် ခြေလှမ်းကျဲကျဲဖြင့်လှမ်းလာပြီး ကျောင်းလီ၏ရှေ့တွင် ရပ်လိုက်လေသည်၊

'ခင်ဗျား မမူးပါဘူးနော်'

ကျောင်းလီက မေးလိုက်သည်၊

ထိုလူက

'မမူးပါဘူး၊ ဒါပေမယ့် ဂိုဏ်းချုပ်က ကျုပ်ကို အခွင့်အရေးတစ်ခုပေးပါ'

'ဘာများလဲ'

ထိုလူက ခေတ္တစဉ်းစားပြီး

'ဂိုဏ်းခွဲမှူးကြီးလုံပိကို ယှဉ်ပြိုင်သလို ဂိုဏ်းချုပ်က လက်နက်မဲ့၊ ကျုပ်က လက်နက်မျိုးစုံ သုံးခွင့်ပေးပါ'

ကျောင်းလီက ခေါင်းညိတ်လိုက်သည်၊



'ရပါတယ်'

ကျောင်းလီ၏ စကားဆုံးသည်နှင့် ထိုလူက ဓားရှည်တစ်လက်ကို ဆွဲထုတ်ပြီး ကျောင်းလီအားတိုက်ခိုက်လိုက်သည်၊

'အား'

'ရှမ်း'

ကျောင်းလီသည် အသာအယာရှောင်လိုက်ပြီး အင်္ကျီကုတ်ပိုးစကို ဆွဲချလိုက်လေရာ ထိုသိုင်းသမား၏ အပေါ်ပိုင်းအင်္ကျီမှာ စုတ်ပြဲပြီး အတွင်းမှ ကိုယ်ကြပ်ဝတ်စုံကို အတိုင်းသားမြင်နေရသည်၊

ကျောင်းလီသည် ဓာစ်စုံတစ်ရာကို လှစ်ခနဲမြင်လိုက်ရပြီး ပစ်လိုက်နှာ ကွက်ခနဲပျောက်သွားသည်၊ ူး လုံပိ

ထို့နောက် ဂိုဏ်းသား

ဆုံးဖြတ်ချက်ကို ပိုင်နိုင်စွာချလိုက်သည်၊ ဒါဟာ

အရှိန်လွန်၍ လည်ထွက်သွားသော သိုင်းသမား၏ ကျောအား လက်ဝါးဖြင့် ရိုက်ချလိုက်သည်၊

'ဝုန်း'

'အား'

ထိုလူမှာ အဝေးသို့လွင့်စဉ်သွားပြီး မြေကျသေဆုံးသွားလေသည်၊

'ဟာင်....'

'ဟာ'

အားလုံး လှုပ်လှုပ်ရှားရှားဖြစ်သွားသည်။

ရှမ်းစုက '

'ဂိုဏ်းချုပ်'

ရှမ်းစုအား ကျင်းလီအလွှက်အာပြလိုက်ရာ ရှမ်းစုံ စကား တစ်မိုင်းတစ်စဖြင့် ရပ်သွားသည်။

'နေဦး ဦးလေး၊ ကျွန်တော်ရှင်းပြမယ်'

ရှေ့ကျင်းလီက လက်နှစ်ဖက်မြှောက်ပြလိုက်ရာ သိုင်းသမား နေရာမှ တိတ်ဆိတ်သွားသည်။

ကျ(ါ)အခါကျမှ....

ထိုသူ

းလီက သူ့လူရပ်အား ရှင်းပြလိုက်သည်။

'ဒီပွဲဟာ လေပွေဂိုဏ်းထစ်ခုလုံးကိုအပ်ပြီး ချီးမြှောက် တဲ့ပွဲပါ၊ နောက်ပြီး အခုလို ပျော်ပွဲရှင်ပွဲမှာ လူသတ် စရာမလိုပါဘူး၊ ကျုပ်အနေနဲ့ လူတစ်ယောက်အပေါ် ဘယ်တော့မှ ရက်ရက်စက်စက်မလုပ်ပါဘူး၊ သူဟာ ကျုပ်တို့နဂါးဂိုဏ်းနဲ့ လေပွေဂိုဏ်းသားများ မဟုတ်ဘူး၊ ဒီမှာကြည့် ကျုပ်ပြမယ်'



ကျင်းလီက လဲကျသေဆုံးနေသော သိုင်းသမား၏ခါးမှ ခါးစည်းအနက်ကိုဖြုတ်ပြီး ဖြန့်ပြလိုက်သည်။

'ဟာင်....စွန်ရဲ အမှတ်တံဆိပ်ပါလား'

ခါးစည်း၏အလယ်တွင် စွန်ရဲတံဆိပ်ပါရှိသည်ကို တွေ့ လိုက်ရ၍ အားလုံးအံ့ဩသွားသည်။

'ဟာင်....စွန်ရဲဂိုဏ်းသားဖဲ'

'ဟုတ်တယ်၊ စွန်ရဲဂိုဏ်းကပဲ'

ဂိုဏ်းသားများက တစ်ယောက်တစ်ပေါက် ပြောဆိုသံများ ထွက်ပေါ်လာသည်။

'အဲဒါကြောင့် သူ့ကို ကျုပ်ကိုယ်တိုင် ရှင်းပစ်လိုက် တာပဲ၊ ခင်ဗျားတို့စဉ်းစားကြည့် ဂိုဏ်းခွဲမှူး လုံပိ ကိုယ်တိုင်က အချုံးပေးပါလျက် သူ့လို ဂိုဏ်းသား အဆင့် သိုင်းသမားက ယှဉ်နိုင်ပါ့မလား၊ ဒါဟာ အသေခံပြီး လုပ်ကြံမယ်ဆိုတဲ့သဘောပဲ'

'ဟုတ်တယ်'

'ဂိုဏ်းချုပ်လုပ်ရန် မှန်တယ်'

'သတ်ပစ်လိုက်တာအေးတယ်'

ဂိုဏ်းသားအားလုံးက ထောက်ခံအားပေးသည်။

ရှမ်းစုက ကျင်းလီအား အရိုအသေပြုကာ

'ကျုပ် အလေ့အကျင့်ကြီးမြေမိတာ ခွင့်လွှတ်ပါ ဂိုဏ်းချုပ်ကြီး'

'ရပါတယ် ဦးလေး၊ ဒီကောင်ကို ရှာကြည့်လိုက်စမ်းပါ၊ နောက်ထပ် ဘာတွေတွေ့ဦးမလဲလို့'

'ဟုတ်ကဲ့ ကောင်းပါပြီ'

လေပွေသိုင်းသမားရှမ်းစုက အလောင်းကို ရှာဖွေလိုက်ရာ အိတ်ထဲ၌ စာတစ်စောင်တွေ့လိုက်ရသည်။

ရှမ်းစုက စာကို ကျယ်ကျယ်ဖတ်ပြလိုက်သည်။

'ဂိုဏ်းခွဲမှူး စူးရိ'

'လေပွေဂိုဏ်း လူပိရှားမှုအခြေအနေ စုံစမ်းပြီး အမြန်ပြန်လာပါ၊ ရက်ပိုင်းအတွင်း လေပွေဂိုဏ်းကို ဖြိုခွင်းမယ်'

စွန်ရဲဂိုဏ်းချုပ် အိကွမ်း

'တောက်....သူတို့ကများ တို့အဖွဲ့ကို ဖြိုဦးမယ်တဲ့'

ရှမ်းစု တက်တခေါက်ခေါက်ဖြင့်ပြောရင်း တဆက်တည်းပင် သိုင်းသမားများဘက်လှည့်ကာ အော်မေးလိုက်လေသည်။

'ဒီလူဟာ တို့အဖွဲ့ထဲရောက်လာတာ ရက်ပိုင်းလောက်ပဲ ရှိမယ်ထင်တယ်၊ ခရီးထွက်နေတဲ့ငါတော့ သူ့ကို



အမှတ်တမဲ့နဲ့မသိဘူး၊ သူ့ကိုခေါ်သွင်းလာတာ ဘယ်သူလဲ'

တရားခံ ရှာလိုက်သောအခါ လက်ထောက်ဂိုဏ်းခွဲမှူးတစ်ယောက်ဖြစ်သူ စီးမင်က လက်ကိုမြှောက်လိုက်ရာ–

'ကျွန်တော်ပါ ဂိုဏ်းချုပ်ကြီး'

'စီးမင် မင်းထွက်ခဲ့စမ်း'

အသိုလို တရားခံဖြစ်သွားသော စီးမင်မှာ ကြောက်ကြောက် ရွံ့ရွံ့ဖြင့် ရှေ့သို့ထွက်လာပြီး ရှမ်းစုကို ဦးညွှတ်လိုက်သည်။

'သူ့ကို မင်း ဘယ်လိုတွေ့ခဲ့လဲ'

စီးမင် ကြောက်ကြောက်ရွံ့ရွံ့ ဖြင့် ဖြေလေသည်။

'ကျွန်တော်နဲ့ အဖွဲ့သားသုံးယောက် စိမ့်ရွာလေးက အရက်ဆိုင်မှာ အရက်သောက်နေရင်း သူနဲ့ ဆုံခဲ့မိပါတယ် အဲဒီမှာပဲ သူက အရက်ဆိုင်ထဲမှာ မတရားလုပ်တဲ့ ခေးပြသုံးယောက်ကို ဆုံးမလိုက်တယ်'

'အဲဒါမင်းနဲ့ ဘာဆိုင်လဲ'

'နောက်ပြန်ထိုင်ပြီး ဝိုင်းဖွဲ့တော့ သူဟာ ကျွန်တော်တို့ ဝိုင်းထဲ ရောက်လာပြီး မိတ်ဖွဲ့တယ်....

'တရားမျှတပြီး ဥပဒေဘက်တော်သား ဂိုဏ်းတစ်ဂိုဏ်းမှာ ဂိုဏ်းသားတစ်ယောက်အဖြစ် ပါဝင်လှုပ်ရှားချင်

တယ်လို့ ပြောတော့ ကျွန်တော်ကလဲ သူ့အရည်အချင်းကို တွေ့လိုက်ရလို့ သဘောကျနေတာနဲ့ တိုက်ဆိုင်ပြီး သူ့ကို ခေါ်လာခဲ့တယ်၊

'ဌာနချုပ်ရောက်တော့ ဂိုဏ်းချုပ်မရှိပါဘူး ဂိုဏ်းခွဲမှူးနှစ်ဦးနဲ့ မိတ်ဆက်ပေးပြီး ဂိုဏ်းသားအဖြစ် အသိအမှတ်ပြုပေးတော့ပဲ'

စီးမင်စကားဆုံးသည်နှင့် တန်းစီရပ်နေသော ဂိုဏ်းခွဲမှူးကြီး လေးယောက်ဘက်ကို ရှမ်းစုက မေးလိုက်သည်။

'သူပြောတာ အမှန်ပဲလား'

'မှန်ပါတယ်'

ထိုလေးယောက်ထဲမှ လုရှောင်နှင့်လီဝမ်းတာ ပြိုင်တူပြောလိုက်သည်။

ရှမ်းစုမှာ စီးမင်ဘက်လှည့်ကာ မျက်တောင်နီကြီးဖြင့်...

'ဒီမှာ စီးမင် မင်းမဆင်မချင်နဲ့ ဒီလိုလူတစ်ယောက်ကို ခေါ်သွင်းမိတာဟာ အဖွဲ့အစည်းတစ်ခုပျက်ဖူးနိုင်တယ်ဆိုတာ သဘောပေါက်ရဲ့လား'

'ပေါက်ပါတယ် ဂိုဏ်းချုပ်'

'မင်းမှာအပြစ်ရှိလား မရှိဘူးလား'

'ရှိပါတယ်'

'အေး၊ အပြစ်ရှိရင်'



စကားဆုံးသည်နှင့် လက်တစ်ဖက်အပေါ် မြှောက်သွားသည်။

စီးမင် မျက်နှာပျက်သွားပြီး

'ဟူး'

ထိုအချိန်မှာပင် ကျောင်းလီရောသလှာ၍

'ဒေါသမကြီးပါနဲ့ ဦးကြီးရာ လူဆိုတာ တစ်ခါမှားတာပဲ မဟုတ်လား သူမှာကလဲ စေတနာအမှားပါ ဒီကိစ္စလည်း ပြီးပါပြီ ဒီကိစ္စနဲ့ပတ်သက်ပြီးသိုင်းသမားကောင်း၊ တစ်ယောက်ကို အဆုံးအရှုံးမခံနိုင်တော့ဘူးဗျ'

ရှမ်းစု သူ့ဇာကြောကို နှားထောင်ပြီး သက်ပြင်းရှည် ချလိုက်သည်၊

တိုနောက်

'စီးမင် မင်းသွားတော့'

'ဟုတ်ကဲ့'

သူသည် ရှမ်းစုနှင့်ကျောင်းလီတို့ကို အရိုအသေပေးကာ ပြန်သွားလေသည်။

ရေစေ့ဈေးက စည်ကားနေသော ကွင်းပြင်ကြီးမှာ ဖြသ်နေစဖြစ်သည်နှင့် ငြိမ်သက်၍ ဂိုဏ်းချုပ်နှစ်ဦးမည်သည့်အစီအစဉ်ချမလဲဟု မျှော်လင့်ကာ ခေါင်းတခမခ္စမေ့ ဖြစ်နေကြသည်၊

ထိုစဉ်

ကျင်းလီက လုံပိအားခေါ်၍ တီးတိုးပြောလိုက်သည်၊

အတန်ကြာမှ လုံပိက

'အားလုံးနားထောင်ကြပါ ဂုဏ်းချုပ်ကြီး နှစ်ဦးတ
ကျုပ်ကို ကြေငြာချက်ထုတ်ခိုင်းတယ်'

ထိုနေရာတွင် စကားကို ရပ်ထားလိုက်ရာ သိုင်းသမားတို့
က တိတ်တိတ်ကြိတ်၍ ပြောလေသည်၊

'ကြေညာချက်ဆိုပါလားကွ'

'ဘာပြဿနာ တက်နေပြန်ပြီလဲ မသိဘူး'

'နားထောင်ကြပါ'

ခဏကြာမှ လုံပိကဆက်၍

'သည်လိုပါ ကျုပ်တို့နဂါးအဖွဲ့၊ လေပွေအဖွဲ့သ
ကြီးငယ်အားလုံး မိုးလင်းအထိ ပျော်ပျော်ပါးပါ
သောက်နိုင်ပြီလို့ ခွင့်ပြုလိုက်ပါတယ်'

'ဟေး....ဟေး'

'ဖြောင်း....ဖြောင်း—ဖြောင်း'

သူ၏စကားဆုံးသည်နှင့် သိုင်းသမားတို့ ပျော်ရွှင်စွာအော
အော်ဟစ်ကာ လက်ခုတ်များ တီးလိုက်ကြသည်၊



လုံပိကိုယ်တိုင် အရက်အိုးဆွဲယူလိုက်ပြီး မော့သောက်လိုက်သည်၊

ထိုညတွင် လေပွေသိုင်းသမားများ မီးကုန်ယမ်းကုန် ပျော်ပါးကုန်ကြသည်၊

* * *

နံနက်....

လေပွေအဖွဲ့ဌာနချုပ်ကြီး တစ်ခုလုံးရှိ သိုင်းသမားများသည် တစ်ညလုံးတ ပျော်တပါး စားသောက်ကြပြီး နံနက်နေမထွက်ခင်မှာပင် ခရီးထွက်ရန် လှုပ်ရှားနေကြသည်။

မြင်းလှည်းအစီးခြောက်ဆယ်ကို တပ်ဆင်ပြီး ကုန်ပစ္စည်းများ၊ လက်နက်များ၊ ရိက္ခာများ အခြားအသုံးအဆောင်များ တင်နေကြသည်။

နေထွက်လာသည်နှင့် ခရီးထွက်ရန် အဆင်သင့်ဖြစ်ကြပြီးဖြစ်သည်။

ဌာနချုပ်စံအိမ်အဆောက်အဦးကို ရှမ်းစုက လွှဲတန်းလိုက်သည်။

သူတို့သည် ဝမ်းဖိုမြို့ဆာလေးကို ကျောခိုင်း၍ လှည်းတန်းရှည်ကြီးနှင့် နံနက်ပိုင်း၌ ထွက်ခွာခဲ့လေသည်။

ဆယ်ရက်ခန့် ကြာသောအခါ ချန်အန်းမြို့သို့ ရောက်ရှိလေတော့သည်။

* * *

## လေပွေနဂါးဂိုဏ်း

နဂါးဂိုဏ်းတို့ရောက်သောအခါ ခြံဝင်းမှာ ချုံနွယ်များထူထပ်နေသည်။

လေပွေသိုင်းသမားများက ချုံနွယ်များ၊ ရေကန်များပြန်ဖော် အဆောင်သစ်များပြန်ဆောက်ရာ ရက်ပိုင်းအတွင်းမှာပင် စံအိမ်မှာ ခန့်ညားထည်ဝါလှပေ၏။

'လေပွေနဂါးသိုင်းအဖွဲ့ချုပ်စံအိမ်'

ဗွေ ဆိုင်းဘုတ်တပ်ကာ ညအချိန် ရောက်သောအခါ... ပျော်ပျော်ပါးပါး စားသောက်ကြသည်။

ထိုညက....

တောင်ခပါ သိုင်းသမား တော်တော်များများ ရောက်ရှိလာကြသည်။

အချို့မှာမူ

ရှမ်းစု၏မိတ်ဆွေများ ဖြစ်သည်။

ရှမ်းစုက ကျောင်းလီအား ရှိုဟိုသိုင်းပညာ အမွေရထားသူ ဖြစ်ကြောင်း သိုင်းသမားများနှင့် မိတ်ဆက်ပေးလေတော့ သည်။

'အို... ဆရာကြီးရှိုဟိုရဲ့ ပညာကိုရတဲ့ တပည့်ဆိုတာ သိုင်းလောကမှာ ကောင်းတစ်ယောက်တည်း တွေ့ဖူး သေးတယ်'

'ဟုတ်ပါတယ်ခင်ဗျာ၊ ကျွန်တော်ရယ် သူ့သမီး ကျွင် ကျွင်ရယ် နှစ်ယောက်တည်းရှိတယ်'

'ဩော်...ဟုတ်လား၊ သူ့မှာသမီးရှိသေးသလား'

'ရှိပါတယ်ဆရာကြီး'

'မဟုတ်ဘူးထင်တယ်နော်၊ သူက ကျုပ်နဲ့သိပ်ခင်တာ၊ သူဟာ အခုထိ လူပျိုကြီးပဲ၊ ဟဲ ဟဲ့ မှားကုန်မယ် နော်'

ဆိုအခါ၊—

ကျောင်းလီ ဘယ်လိုရှင်းရမှန်းမသိ ဖြစ်သွားလေတော့၏၊

ထိုစဉ်—



ဝတ်စုံဖြူဝတ်ဆင်ထားသော အဘိုးအိုတစ်ယောက် ဖြစ် လေသည်။

နှင်းတောင်ဘိုးဘိုး ဖြစ်သည်။

နှင်းတောင်ဘိုးဘိုးက ကြားမှ စတင်၍ ရှင်းပြလိုက်လေ သည်။

'သူ့သမီးဆိုတာ အရင်းမဟုတ်ပါဘူး၊ မွေးစားသမီး ပါ'

'ဟင်—ဒီလိုဆို သူ့သမီးမဟုတ်ဘူးဆိုရင် ဘယ်သူ့ သမီးလဲ'

'ဘယ်လိုဖြစ်ပြီး သူ့ဆီရောက်နေတာလဲ'

နှင်းတောင်ဘိုးဘိုးသည် တစ်ယောက်တစ်ပေါက်မေးနေ သော သိုင်းသမားများကို လက်ကာပြလိုက်ပြီး—

'ကျုပ်ပြောမယ် ငြိမ်ငြိမ်နားထောင်ကြပါ'

ကျောင်းလီကိုယ်တိုင် မသိရသော အကြောင်းအရာများကို သိရတော့မည်ဖြစ်၍—

အလွန်စိတ်ဝင်စားစွာ နားထောင်နေမိသည်၊

နှင်းတောင်ဘိုးဘိုးက စကားဆက်လိုက်သည်၊

'တောင်ကျွန်းသိုင်းသမားအကြောင်းဟာ အင်မတန် စိတ် ထားကောင်းပြီး မတရားမှုကို မကြိုက်ဘူး၊ အကြွင်

ဟာ အဆိပ်သခင်မ ကောက်ကျင်းရဲ့ ဘယ်ညှိ ဆယ် ယောက်ကို သုတ်သင်မိခဲ့တယ်၊ သူ့တပည့်တွေဟာ ကရားမဲ့သိုင်းသမားတွေပဲ၊ အဆိပ်သခင်မ ကောက်ကျင်းဟာ ဒုစရိုက်မှန်သမျှကို သူက အကူအညီပေးခဲ့တယ်....

'အဲဒီ ဓါးခေါင်းဆောင်တွေရဲ့ အထောက်အပံ့ယူတယ်၊ ဒါနဲ့ပဲ ကောက်ကျင်းဟာ ဒေါ်ပွပြီး အုကြွင်ကို လာရောက်တိုက်ခိုက်တယ်၊ အင်အားချင်း မတူတော့ အုကြွင်ရှုံးနိမ့်ပြီး မိသားစုတစ်ခုလုံး အဖျက်ဆီးခံခဲ့ရတယ်၊ ကောက်ကျင်းပစ်လိုက်တဲ့ အဆိပ်အပ်တွေ ထိမှန်ခဲ့ရတယ်၊ အုကြွင်ဟာ ငါးနှစ်သမီးလေးကို ထမ်းပြီး ထွက်ပြေးခဲ့ရတယ်....

'သူပြေးတာက ထင်စန်းတောင်ပေါ်မှာရှိတဲ့ သူ့မိတ်ဆွေ စွယ်စုံသိုင်းသမားကြီး ရှိဟိုဆီကိုပေါ့၊ အုကြွင်ဟာ ကံဆိုးချင်တော့ ရှိဟိုဆီရောက်ပြီး မကြာခင် အဆိပ်တက်ပြီး သေဆုံးသွားတယ်'

'နဂါးဖြူဖိုကောင်းလိုက်တာ'

နှင်းတောင်ဘိုးဘိုးက ဆက်၍—

'ရှိဟိုလဲ ဘာမှန်းမသိတဲ့ ငါးနှစ်အရွယ် သမီးလေးကို အရွယ်ရောက်တဲ့အထိ မွေးစားခဲ့ရတာဘဲ၊ နောက်တော့ သူစုံစမ်းလိုက်တာနဲ့ ဒီအကြောင်းတွေ ပြန်



ပေါ်လာတယ်လို့ ကျုပ်ကိုပြောပြဖူးတယ် အဖြစ်အ ပါပါဘဲ'

နှင်းတောင်ဘိုးဘိုး စကားဆုံးသောအခါ—
ဆရာကြီးတစ်ဦးက မေးလိုက်သည်၊

'ရှိဟိုက အဆိပ်သခင်မလက်ချက်ဆိုတာ သိထားတစ တောင် ဒီကောင်မကို မသုတ်သင်ဘူးလား၊ ဘာလို့ ကူက ဟောက်ကျင်းကို မယှဉ်ရဲလို့လား'

နှင်းတောင်ဘိုးဘိုးက သဘောကျစွာ ရယ်မောလိုက်လေသည်၊

ထို့နောက်—

'ရှိဟိုလိုလူမျိုးက အဆိပ်မှန်သမျှ အဲ့ဒီကောက်ကျင်းထက် ကျွမ်းကျင်တဲ့လူဗျ၊ ကောက်ကျင်းအဆိပ်တွေကို တစ်ခုမှ ကြောက်တာမဟုတ်ဘူး၊ ဒါပေမယ့် သူတို့ မိဘနှစ်ပါးကို သုတ်သင်တဲ့လူကို သူကိုယ်တိုင် တစ်နေ့ တွေ့အောင်ရှာရလိမ့်မယ်၊ ကျင်းကျင်းအရွယ် ရောက်လာလို့ သိုင်းပညာစုံလာရင် သူကဖွင့်ပြောမယ် လို့ ပြောတယ်ဗျ'

နှင်းတောင်ဘိုးဘိုးဟာ စကားရပ်လိုက်ပြီး ကျင်းလီဘက် လှည့်လိုက်သည်၊

'ကျင်းလီ ကျင်းကျင်းအသက် အခု ဘယ်လောက် ရှိပြီလဲ'

'နှစ်ဆယ့် သုံးနှစ်ပါ ဆရာကြီး'

သူက ဖြေလိုက်သည်။

'အင်း...ဒါဆိုရင် ရှိဟိုက သူ့ကိုပညာတွေသင်ပေး ပြောက်ပါပြီ'

သူက ခေါင်းညိတ်လိုက်သည်။

'ဟုတ်ပါတယ်၊ သူ့ကို ကျွန်တော်နဲ့အတူ သုံးနှစ်လုံးလုံး ဆရာကြီးက ပညာသင်ခဲ့ပါတယ်'

သူ၏ စကားကြောင့် နှင်းတောင်ဘိုးဘိုးက မှတ်ချက်ချသလို ပြောလိုက်သည်။

'ဒါဆိုရင် ဒီကောင်မလေးမကြာဘူး တောင်ပေါ်က ဆင်းလာလိမ့်မယ်ထင်တယ်'

'ဒီလိုပဲ မျှော်လင့်ရတာပေါ့လေ'

ကျင်းလီသည် သူမ၏ ဘဝမှန်အကြောင်း ကြားလိုက်ရ၍ စိတ်ထိခိုက်မိသည်။

ထို့အတူ....

သူမအား ထူးထူးခြားခြား သတိရလာမိလေသည်။

* * *

ခရီး

ကျွင်းလီမှာ ငွေကြေးအင်အား အတော်နည်းနေပြီ ဖြစ်လေသည်။

ပျော်ပွဲရှင်ပွဲ နှစ်ခုကို ဆက်တိုက်ဆိုသလို ငွေသန်၍ပြုလုပ်လိုက်ရသောကြောင့်ရင်း၊ စံအိမ်ကြီးကို ပြင်ဆင်ဆောက်လုပ်ရသောကြောင့်ရင်း၊ ငွေအင်အား နည်းသွားခြင်း ဖြစ်လေသည်။

ရှမ်းစုသည် တတ်နိုင်မည် မဟုတ်ပေ။

ထို့ကြောင့်....

ကျင်းလီသည် သူ့လက်ထက်တွင် အဖိုးမဖြတ်နိုင်သော ပတ္တမြားကြီးကို ရှန်ဟဲသို့ သွားရောက်ရောင်းချရန် လေပွေသိုင်းသမားနှင့် တိုင်ပင်လေသည်။

'အင်း….ဟုတ်တော့လဲ ဟုတ်ပါတယ်၊ ကျုပ်တို့ ရှေ့ဆက်လုပ်ရမယ့် လုပ်ငန်းတွေမှာ ငွေကိုခင်းပြီး လုပ်သင့်ရင် လုပ်ကြရမှာဆိုတော့ ငွေဆိုတာ လက်ထဲမှာ မိုလျှံနေရင် ကောင်းပါတယ်'

ကျောင်းသမီးက ခေါင်းညိတ်လိုက်သည်၊

'ဒီ ပတ္တမြားတစ်လုံး ရောင်းလိုက်လို့ကတော့ ဂိုဏ်းအသုံးစရိတ် ထပ်ဖွဲ့လို့ ရသေးတယ်၊ ကျွန်တော်အရွယ်ရောက်စ ကျွန်တော့် ဖေဖေတစ်လုံးရောင်းပြီးအပြန်မှာ ဒီတစ်ခန်းလုံး ရွှေဒင်္ဂါးတွေပြည့်နေတယ်'

'ဟင် ဟုတ်လား'

ရှမ်းစု အံ့ဩစွာ မေးလိုက်သည်၊
ကျောင်းသမီး ပြုံးလိုက်သည်၊

'ဖေဖေဟာ မရှိတဲ့လူတွေကို ရက်ရက်ရောရော ပေးကမ်းတာတောင် မကုန်နိုင်ဘူး၊ ဂိုဏ်းအတွက်ဆိုတာတော့ ပြောမနေနဲ့တော့ ဦးလေးရယ်'
'ဒီပတ္တမြား ဘယ်လောက် တန်တယ်ဆိုတာ ကျုပ်နားလည်ပါပြီ'

'အဲဒီလိုတန်လို့လဲ ရှန်ဟဲအထိ တက်ရောင်းတာပေါ့၊ ဖေဖေ ရောင်းဖူးတဲ့ နိုင်ငံရပ်ခြားကုန်သည်ကြီးတွေနဲ့ သွားရောင်းချရမှာပဲ'



ထိုအခါ….

ရှမ်းစုမှာ လူကြီးပီပီ စဉ်းစဉ်းစားစား ပြောလာလေသည်၊

'ဒီလိုဆို သခင်လေးတစ်ယောက်ထဲသွားလို့ မဖြစ်ဘူး အသွား ဘာမှမဖြစ်ပေမယ့် အပြန်ကျ ဒုက္ခရောက်နိုင်တယ်'

သူက ခေါင်းညိတ်လိုက်သည်၊

ရှမ်းစုက….

'ဒီလိုလုပ် သခင်လေး စိတ်ကြိုက်လက်ရွေးစင် သုံးယောက် ရွေးချယ်ယူသွားပါ၊ စံအိမ်အတွက် ကျုပ်အားလုံး တာဝန်ယူပါတယ် စိတ်ချပါ'

ထိုအခါ….

သူသည် ခဏစဉ်းစားလိုက်ပြီး ဂိုဏ်းခွဲမှူး လုံပီ၊ လီဝမ်၊ စီးမင်တို့ကို ရွေးချယ်လိုက်သည်၊

သူတို့နှစ်ယောက်သည် အစည်းအဝေးခန်းမထဲသို့ပြောင်း၍ နေရာယူကြပြီး လုံပီ လီဝမ်၊ စီးမင်တို့ကို ခေါ်ယူလိုက်လေသည်၊

သူတို့သုံးယောက်အား အကြောင်းစုံရှင်းပြပြီး ကျောင်းသီနှင့် ခရီးထွက်ရမည့်အကြောင်း ပြောလိုက်ရာ သုံးယောက်စလုံး ဝမ်းသာအားရ ပြင်ဆင်ကြလေသည်၊

'ကျုပ်ကတော့ လမ်းတစ်လျှောက်မှာ သောက်မှာပဲ၊ ဒါတော့ ဂိုဏ်းချုပ်ခွင့်ပြုရမယ်'

လုံပိတ ကျောင်းလ°အား ခွင့်တောင်းလိုက်သည်။

'ဟား....ဟား....ဟား သောက်ပါဗျာ သောက်ပါ။ အဝသောက်ပါ ခွင့်ပြုပါတယ်'

လုံပိတို့ထွက်သွားသောအခါ ကျောင်းလ°က ရှမ်းစုအား....

'ကဲ...ဦးလေး ကျွန်တော်လဲ သွားဖို့ ပြင်ဆင်လိုက်ဦးမယ်၊ မနက် နေမထွက်ခင်သွားမယ်'

ရှမ်းစု ခေါင်းညိတ်လိုက်သည်၊

'ကောင်းပါပြီ'

ကျောင်းလ° အခန်းထဲမှ ထွက်ခဲ့လေသည်၊

....o....



နောက်တစ်နေ့ နံနက်စောစောတွင် ကျောင်းလီနှင့် ဂိုဏ်းခွဲမှူး သုံးယောက် မြင်းကိုယ်စီဖြင့်နှင်၍ ခရီးစတင် ထွက်ခဲ့လေသည်၊

သူတို့ ၄ ဦးသည် ရုပ်ဖျက်၍ ထွက်လာခဲ့ကြခြင်း ဖြစ်လေသည်၊

သူတို့၏ သွင်ပြင်မှာ တောသားပုံ ပေါက်နေသည်၊

ထို့ကြောင့်

ခရီးသွားလာသူများသည် သူတို့ လေးယောက်အားတောသားကြီးများပင် ထင်မှတ်၍ ဂရုမစိုက်ကြပေ၊

ယင်နန်နယ်၏ အစွန်အဖျား ကျသော ဝမ်အမြို့ရှိ ရွှေစိမ်းစိမ်စား သောက်ဆိုင်ကလေးသို့ ရောက်ရှိလာကြ၏၊

ထိုဆိုင်၌ သိုင်းလောက သတင်းစုံ ကြားရသည်၊

ထိုးစံအတိုင်း အနက်ရောင် သိုင်းသမားများ မိမိတို့ အုပ်စုလိုက် ဝိုင်းဖွဲ့ အရက်သောက်နေကြ၏၊

သူတို့ ၄ ဦး ဝင်လိုက်သည်နှင့် စကားပြောသံများ တိုးဆိတ်သွားသည်၊

နောက်တော့ တောသားများဟု ထင်မှတ်၍ သူတို့အားလုံးဝ ဂရုမစိုက်တော့ဘဲ ပြောချင်တာများ ပြောကြလေသည်၊

ကျင်းလီသည် အကောင်းစား အရက်နှင့် စားသောက်ဖွယ်ရာများကို မှာကြားလိုက်၏၊

ဘေးစားပွဲမှ သိုင်းသမား လေးယောက်သည် ကျင်းလီတို့ကို ငွေပေါသော တောသားများဟု ထင်နေ၏။

ကျင်းလီတို့ ဝိုင်းကို ခေါင်းဆောင်ဖြစ်သူက ကွက်ကြည့် ကွက်ကြည့်နှင့် ကြည့်၍ သူ့လူများကို လက်တို့ကာ တိုးတိုးတိုင်ပင်နေသည်။

ကျင်းလီတို့ ရိပ်မိပါသည်၊

သူတို့အား အကဲခတ်နေသည့် သိုင်းသမားများမှာ ဓားကိုယ်စီဖြင့် ဟန်ပါပါ လွယ်ပိုးထား၏။

ထိုလူတို့ တစ်ယောက်တခြားအဖွဲ့ ထိုင်နေကြသည်။

ပထမလူတို့၌ အစိမ်းရောင်ဝတ်ထားသူက

'ငါကိုယ်တိုင် တွေ့ခဲ့တာကွ၊ နှင်းဆီသခင်မ မေဝါး ဟာ အဆိပ်သခင်မ ကောက်ကျင်းရဲ့ အိမ်ဂေဟာထဲကို ဝင်သွားတာဘဲ'

'ဒါဆို နေဦးဒါဦး၊ အဲဒီအဆိပ်သခင်မဆီ ရှိတော့ ရှိသေးလို့လား၊ သိုင်းလောကမှာ ကွယ်ပျောက်သွားတာ ကြာပြီမဟုတ်လား'



အနီရောင်ဝတ် သိုင်းသမားက ငဲ့ထောက်လိုက်ရာအစိမ်းရောင်ဝတ်က....

'မင်းအခုထက်ညံ့သေးတယ်၊ အဆိပ်သခင်မ ကောက်ကျင်း အခုထိရှိလို့ ငါကိုယ်တိုင် သူ့ဂေဟာရောက်ဖူးပါတယ်လို့'

'မင်းက ဘာလို့ ရောက်ဖူးတာလဲ'

အနက်ရောင်ဝတ်က ဖြတ်မေးလိုက်၏၊

အစိမ်းရောင်က

'ငါအကြံကုန်လို့ အမဲပစ်ထွက်ရင်း တောလည်ပြီး တောနက်ကြီးထဲမှာ အိမ်ကြီးတစ်ဆောင်တွေ့လို့စောင့်ကြည့်နေတုန်း ချောင်းလေးထဲက လှေတစ်စင်း ဆိုက်လာတယ်၊ လှေထဲက မိန်းမနှစ်ယောက် ထွက်လာတယ်၊ အဲဒါ နှင်းဆီသခင်မ မေဝါးနဲ့ သူ့အထိန်းတော်မလေးကွ'

'အားပါလေရော ကောက်ကျင်းတွေ့ရော ဘယ်လိုတွေ့တာလဲ'

အဖြူရောင်ဝတ်က ဝင်ပြောလိုက်ရာ အစိမ်းရောင်ဝတ် သိုင်းသမားက....

'ငါ့အထဲ ရှမ်းပျောက်နေတဲ့ အတူကူ မထူးဘူးဆိုပြီး စောင့်ကြည့်နေတာ၊ ကွမ်းတစ်ယာညက်လောက် ကြာတော့ အဘွားအိုကြီး တစ်ယောက်နဲ့ လူထွားကြီးတစ်ယောက် မေဝါးကို လှေဆိပ်အထိ လိုက်ပို့တာတွေ့ရတယ်၊ နောက်တော့ ငါလဲ လမ်းစကို မနည်းရှာပြီး ပြန်လာခဲ့ရတယ်'

'ဒါဆိုရင် နောက်တစ်ခါ အဲ့ဒီနေရာကို မင်းမသွားတတ်ဘူးပေါ့'

အစိမ်းရောင်ဝတ် ပြောမည့်စကားကို ကြိုးလို စိတ်ဝင်စားစွာ နားထောင်နေ၏။

သူသည်လည်း အဲဆိပ်သခင်မ ဂေဟာကို သိချင်၏။

အကယ်၍....

တကယ့်ကျင်းရောက်လာလျှင် သွားသင့် သွားရမည် မဟုတ်ပါလား။

အစိမ်းရောင်ဝတ်က စဉ်းစားပြီး

'အတိအကျတော့ ပြောလို့မရဘူး၊ ဒါပေမယ့် ရန်ယန်မြို့စွန်နဲ့တော့ သိပ်ဝေးမယ် မထင်ဘူး'

အနီရောင်ဝတ်က

'မေဝါးဟာ ချောတယ်ဆို၊ ငါတစ်ခါမှလဲ မမြင်ဖူးဘူး'



အစိမ်းရောင်ဝတ်က

'ချောတယ်၊ ရက်စက်တယ်၊ သူ့က အနက်ရောင် ဂိုက်ချုပ် တစ်ယောက်ပဲ၊ ဓားစွမ်းလဲ သိပ်ထက်တယ်'

အနီရောင်လူက ရယ်မောရင်း ပြောလိုက်၏။

'ဘာပဲပြောပြော သူလဲ ဓားပြ၊ ငါတို့လဲ ဓားပြပဲ၊ ဟား ဟား ဟား'

ကျန်လူများလည်း ဝိုင်းရယ်လိုက်ကြသည်။

ထိုအခါ

တစ်ခြားအဖွဲ့မှ ဝတ်စုံပြာနှင့် သိုင်းသမားတစ်ယောက်ခုန်ထွက်လာပြီး အနီရောင်ဝတ်လူအား လက်ဝါးဖြင့် ရိုက်ချလိုက်သည်။

'ဖျောင်း'

'အား'

အနီရောင်ဝတ်လူမှာ ဓားပွဲအောက် ခွေခွေလေးကျသွားလေ၏။

ကျန်လူလေးယောက်က ဝတ်စုံပြာအား ဒေါသတကြီး မေးလိုက်သည်။

'ဟိတ်သူ ခင်ဗျား ဘယ်လို လုပ်လိုက်တာလဲ'

အပြာနှင့်လူက

'ဆိုင်လိုလုပ်တာပေါ့ကွ၊ မင်းတို့တစ်ဖွဲ့လုံးက နှင်းဆီသခင်မရဲ့ လျှို့ဝှက်ချက်တွေ ပြောပြီး ပြောင်လှောင်နေကြတာ'

အနက်ဝတ်လူက ဒေါသတကြီး မာန်မဲ့လိုက်သည်။

'အ်ဒါ မင်းတို့နဲ့ ဘာဆိုင်လို့လဲ၊ ငါတို့ဘာသာသိလို့ ပြောတာ၊ ဘာဖြစ်လဲ'

အပြာဝတ်က

'ငါတို့ နှင်းဆီဂိုဏ်းရဲ့ ခွဲမှူးတစ်ယောက် ဖြစ်နေလို့ပဲ၊ မင်းတို့က နှင်းဆီသခင်မရဲ့ မကောင်းကြောင်း ပြောနေလို့ပဲ'

သူ၏ စကားဆုံးသောအခါ အစိမ်းနှင့်လူက ရောရယ်လိုက်ပြီး....

'မင်းတို့က လူကောင်းတွေမှ မဟုတ်တာ'

'ဟော....တိတ်စမ်း၊ မဟုတ်တာ မပြောနဲ့၊ ကြားပါတယ်၊ ဟေ့ကောင်တွေ ဒီကောင်တွေကို ဆုံးမလိုက်စမ်း'



အပြာရောင်ဝတ်လူက ဒေါသတကြီး အမိန့်ပေးလိုက်ရာ နှင်းဆီအဖွဲ့သားတို့ လေးယောက် အဖွဲ့အား ဝိုင်းရံလိုက်ကြသည်။

'တို့ရဲ့ လျှို့ဝှက်ချက်တွေသိတဲ့ မင်းတို့ကို တစ်ယောက်မှ အရှင်မထားဘူး'

'ချမ်း'

ဓားဆွဲထုတ်ပြီး လေးယောက်အဖွဲ့အား တိုက်ခိုက်လိုက်ကြသည်။

'ဝုန်း'
'အား'
'အမယ်လေး'
'သေပါပြီဗျ' —

တိုက်ပွဲမှာ ဆိုင်ထဲ၌ ပြင်းထန်စွာ ဖြစ်ပေါ်လာသည်။

ကျင်းလီတို့က ဂရုမစိုက်ပဲ စားသောက်ဖွယ်ရာတို့ကို မြိန်ယှက်စွာ စားနေသည်။

ခဏအကြာ အသံများ တိတ်ဆိတ်သွားသည်။

ကျင်းလီတို့ အကဲခတ်ကြည့်လိုက်ရာ လေးယောက် အဖွဲ့မှာ ကြမ်းပြင်ပေါ် လဲကျနေပြီး အပြာရောင်ဝတ် နှင်းဆီ အဖွဲ့သား ခုနစ်ယောက်မှာ ငါးယောက်သာ ကျန်သည်။

နှင်းဆီဂိုဏ်းခွဲမှူးက ဆိုင်ထဲသို့ တစ်ချက် ပေါ့ကြည့်လိုက်ပြီး....

'ခင်ဗျားတို့ အားလုံး တွေ့ကြတယ်မဟုတ်လား၊ ကျုပ်တို့ နှင်းဆီဂိုဏ်းကို စော်ကား မော်ကား ပြောဆိုလာရင် ဒီလိုပဲ ဆုံးမတတ်တယ်ဆိုတာ မှတ်ထား'

ဝေါနှင့် မောနှင့် ပြောပြီး ဆိုင်ထဲမှ ထွက်သွားကြလေသည်။

ကျင်းလီ သက်ပြင်းချလိုက်သည်။

'အင်း... ဒီဆိုင်ကိုလာတာ မှန်သွားပြီ၊ နှင်းဆီအဖွဲ့ဟာ လူဆိုးလား၊ လူကောင်းလား ခွဲခြားလို့ ရသွားပြီပေါ့'

နှင်းဆီအဖွဲ့သည် စွန်ရဲအဖွဲ့နှင့် ပူးပေါင်းနေကြသည်ကို ဆိုင်ရှင်ပြောပြလို့ သိလိုက်ရသည်။

ထိုအချက်များသည် သူ့အတွက် အလွန် အဖိုးတန်သော သတင်းများပင် ဖြစ်ပေသည်။

* * *



ကျင်းလီနှင့် ဂိုဏ်းခွဲမှူးသုံးယောက်သည် မြင်းကိုယ်စီနှင့် ခုန်းစိုင်းနှင်၍လာခဲ့ကြသည်။

ငါးရက်မြောက်နေ့တွင် ရှန်ဟဲသို့ရောက်ရှိလာသည်။

ရှန်ဟဲသို့ရောက်သည်နှင့် ကျင်းလီက သူ့လူများကို တည်းခိုခန်း၌ အနားယူစေပြီး ပတ္တမြားရောင်းချရန်ကိစ္စကို အေးဆေးစွာ စုံစမ်းလေသည်။

တည်းခိုပြီး သုံးရက်မြောက်နေ့တွင် ကျင်းလီက မနက်ဖြန် ပြန်ကြမည်ဟု ပြောလိုက်သည်။

'အခရောင်းအဝယ်ကိစ္စ ပြီးပြီလား ဂိုဏ်းချုပ်ကြီး'

လုံပီက မေးလိုက်သည်။

ကျင်းလီက ခေါင်းညိတ်၍

'ပြီးပါပြီဂိုဏ်းချုပ်ကြီး၊ ဖေဖေ့သက်ထက်က ရောင်းခဲ့တဲ့ ဈေးထက် ပိုတယ်အတဲ့၊ မနက်ဖန်စောစော ခရီးထွက်ဖို့ ကျုပ် အကုန်စီစဉ်ခဲ့ပြီးပြီ၊ စိတ်ချမ်းချမ်းသာသာ နေကြပါ'

ထိုညက ကျင်းလီတို့ ပျော်ရွှင်စွာနေကြလေသည်။

မနက်လင်းသည်နှင့် ရှန်ဟဲမြို့ဈေးကြီးအတွင်းမှ မြင်းလှည်းခြောက်စီးကို ဂိုဒေါင်ကြီးတစ်ခုထဲမှ ထုတ်လိုက်သည်။

ထိုမြင်းလှည်းများ၏ အပြင်အဆင်ကိုကြည့်လျှင် ကုန်စိမ်း တင်သော မြင်းလှည်းများဟု ထင်ရသည်။

အတွင်း၌ကား ရွှေဒင်္ဂါးများ၊ သေတ္တာအပြည့်နှင့် ငွေသား သေတ္တာအပြည့် တင်ဆောင်လာခြင်းဖြစ်သည်။

ရှေ့ဆုံးမှမြင်းလှည်းအား ကျွင်းလီကိုယ်တိုင် မောင်းနှင် လာသည်။

ဒုတိယမြင်းလှည်းကို အဘိုးအိုလုံပိုကမောင်းပြီး ထိုမြင်း လှည်းနောက်မှ အပိုမြင်းလှည်းတစ်စီးကို တွဲခေါ်လာသည်။

တတိယမြင်းလှည်းကို လိဝမ်တမောင်းကာ သူ့မြင်းလှည်း နှင့် ယှဉ်တွဲ၍ ဘေးမှအပိုတစ်စီးကိုပါ ခေါ်လာသည်။

နောက်ဆုံးမြင်းလှည်းကို စီးမင်ထာ မောင်းနှင်လာသည်။

သူတို့လေးယောက် မြင်းလှည်းခြောက်စီးသည် ဖြည်းဖြည်း ချင်းပင် မောင်းနှင်ခရီးထွက်ခဲ့ကြလေသည်။

* * *



ရွှေစည်းစိမ်စားသောက်ဆိုင်—

ဝမ်အင်မြို့ကလေးမှ အစည်ကားဆုံး သတင်းစုံအကြားရ ဆုံး အရက်ဆိုင်ကလေးဖြစ်သလို ပြဿနာအဖြစ်ဆုံး ဆိုင်လေး လည်းဖြစ်သည်။

သိုင်းလောကသားအချင်းချင်း မည်မျှပင် ပြဿနာဖြစ်စေ ကာမူ ရွှေစည်းစိမ်အရက်ဆိုင်ကလေးမှာ လူစည်းကားလျက်ပင် ဖြစ်သည်။

ဝမ်အင်မြို့ကလေးသည် နယ်ခြားမြို့ကလေးဖြစ်၍ တစ်ကိုယ် တော် ခရီးသွားသိုင်းသမားများ ဓားပြများ ရောက်ရှိလာ တတ်လေ့ရှိသည်။

ယနေ့ညတွင်လည်း ဓားပြနှစ်အုပ်စုသည် လူ့အုပ်စုနှင့်လူ နှစ်ဝိုင်းသောက်နေကြသည်။

ဓားပြများထဲတွင် မြွေပွေးဓားပြသည် နာမည်အကြီးဆုံး ဖြစ်သည်။

သို့သော်

သူတို့သည် စွန်ရဲဂိုဏ်းသားများနှင့် ရန်မလုပ်ချေ၊

စွန်ရဲဂိုဏ်းသားများမှာ အင်အားတောင့်သည်၊

ထို့ကြောင့်

မြွေပွေ့ခါးပြအဖွဲ့သည် စွန်ရဲကိုကျော်းသားများနှင့် ရန်ရှောင်လော့ရှိသည်။

စားပွဲဝိုင်းအသယ်တွင် စွန်ရဲအဖွဲ့သားခြောက်ယောက် ထိုင်နေလေသည်။

စွန်ရဲအဖွဲ့သားများသည်လည်း လစ်လျှင်လစ်သလို ခါးပြတိုက်လေ့ရှိသည်။

ထို့ကြောင့်

ခါးပြအဖွဲ့ဝင်များက သူတို့ကိုကြောက်ကြသည်။

ထိုအခိုက်မှာပင်

အဖြူရောင်ဝတ်စုံ ဝတ်ဆင်ထားသော လူငယ်တစ်ယောက် မြင်းတစ်စီးကို ဆိုင်ရှေ့၌ရပ်လိုက်ပြီး ဆိုင်ထဲဝင်လာလေ၏။

လူငယ်မှာ စာနယသမားဟန်ပန် ရှိသူဖြစ်သည်။

နံရံထောင့်၌ ထိုင်နေသောအဘိုးအိုထံ လျှောက်သွားတော မျက်နှာချင်းဆိုင်ထိုင်ခုံတွင် ခွင့်တောင်းလိုက်သည်။

'ဒီမှာထိုင်မယ်နော်အဘ'

'အို....ထိုင်ပါကွယ်၊ လူလွတ်နေတာပဲ'

လူငယ်နှင့်အဘိုးအိုမှာ ရောက်ရောက်ချင်းပင် ပာဉ်ကျေးသူချင်းအဖြစ် အပြန်အလှန် အသိအမှတ်ပြုလိုက်သည်။



လူငယ်သည် အရက်နှင့်စားသောက်ဖွယ်ရာများ မှာကြားလိုက်သည်။

'စေးပါအဘ၊ ကျွန်တော်ကျွေးပါ့မယ်'

'ရပါတယ်၊ ကျုပ်မှာ လုံလောက်ပါတယ်'

အဘိုးအိုက ပျာပျာသလဲ ငြင်းပယ်လိုက်၏။

စွန်ရဲအဖွဲ့သားများသည် လူငယ်ဝင်လာစဉ်က အကဲခတ်သလို ကြည့်လိုက်ပြီး သူတို့ပြောချင်ရာ ပြောလေတော့သည်။

'အခုတလော သိုင်းလောကမှာ ကျွင်းလီရှဲသတင်းတွေ မွေးပျံ့နေတယ်ဆရာ'

အဖွဲ့သားတစ်ယောက်က ပြောလိုက်သည်။

လူငယ်သည် စွန်ရဲအဖွဲ့သားများပြောသည့်စကားကို နားစွင့်နေလိုက်သည်။

'ဟုတ်တယ်ကွ၊ သူတို့နဲ့ တွေ့သမျှခါးပြတွေဆို ဓားရင်းပြတ်တာချည်းပဲတဲ့၊ တို့စွန်ရဲအဖွဲ့ကိုတောင် သူက စိန်ခေါ်ထားတယ်လို့ ခေါင်းဆောင်က ပြောတယ်'

လက်ထောက်ဂိုဏ်းမှူးစကားကြောင့် တခြားဘက်၌ ထိုင်နေသော ခါးပြအဖွဲ့က ပို၍လန့်သွားသည်။

'ဟိုတစ်လောက နဂါးအဖွဲ့ကို သူက ပြန်ပြီး တည်ထောင်ပြန်တယ်လေ'

'ပထမ နဂါးအဖွဲ့တုန်းက သူ့အဖေ ထူထောင်တာ တိုခေါင်းဆောင့် လက်ချက်နဲ့ ပြိုကွဲသွားသေးတယ်၊ အခု သူ့သားက ထပ်ထူထောင်တော့ တိုခေါင်းဆောင်က မှုမလားကွ'

လက်ထောက်ဂိုဏ်းခွဲမှူးက မခန့်မလေးစား ပြောလိုက်သည်။

သို့သော်

ကျန်အဖွဲ့သားတစ်ဦးက

'မဟုတ်သေးဘူးနော် ဆရာ၊ သူ ယင်နန်နယ်ကို ပြန်ရောက်လာမှ ကျုပ်တို့နဂါးရဲ့အဖွဲ့ ဘယ်အဆီ နာနေပြီမှတ်သလဲ'

'ကျွင်းလီ ဘယ်လောက်တော်ပါစေ၊ သူနဲ့တွေ့လို့ကတော့ အသေခံပြီးလိုက်ကြပစ်မယ်'

လက်ထောက်ဂိုဏ်းခွဲမှူးက ခင့်ကြွားစွာ ပြောလိုက်လေသည်။

ထိုစဉ် စကားသံတစ်ချက် ထွက်ပေါ်လာသည်။



'မင်းမှာ အဲဒီလောက်သတ္တိရှိလို့လား'

'ဟင်'

လက်ထောက်ဂိုဏ်းခွဲမှူး ကြောင်အမ်းအမ်းဖြစ်သွားသည်။

ထို့နောက်....

'ဟေ့ ဘယ်သူတွေလဲကွ၊ ကျုပ်ကိုစော်ကားတာ'

ပြောပြီး ဆိုဆို နောက်သို့ လှည့်ကြည့်လိုက်သည်။

စားပွဲသမားလူငယ်က အရက်ကို မော့သောက်နေ၏။

သူ၏ရှေ့ အဘိုးအိုကတော့ ပြုံးစေ့စေ့နှင့် ခေါင်းညိတ်နေသည်။

'ဟိုအဘိုးကြီး ဘာရယ်နေတာလဲ'

ဂိုဏ်းခွဲမှူးက အဘိုးအိုကို အော်ငေါက်လိုက်သည်။

'ကျုပ်ဖာသာဟေ့ပြီး ရယ်စရာရှိလို့ ရယ်တာပါ'

သူ မကျေမနပ် ဖြစ်သွားသည်။

ထို့နောက်....

မကျေမနပ်ဖြစ်၍ ဆိုင်ထဲကို ကြည့်ပြီး ပြောလိုက်သည်။

'ဒီမှာ အရက်သောက်နေတဲ့ လူအားလုံးကို ကျုပ်ပြောလိုက်မယ်၊ ကျုပ်ကို မစော်ကားနဲ့၊ ကျုပ်ကိုစော်

ကားရင် စွန်ရဲဂိုဏ်းကို စော်ကားရာရောက်တယ်ဆိုတာ သဘောပေါက်ပါ'

'သာမန်ဂိုဏ်းဆိုတဲ့ ခါးပြဂိုဏ်းကို ဘယ်သူမဆို စော်ကားလို့ရတယ်'

သူ ပြောနေစဉ်မှာပင် သူ့နောက်ဆီမှ စကားသံသွက် ပေါ်လာပြန်သည်။

'ဘယ်ကောင်လဲကွ၊ ငါ့ကိုနောက်နေတာ'

ထိုစဉ်....

စားသောက်ခန်းပွဲမှ ခါးပြသုံးယောက်သည် ဝိုင်းသိမ်း၍ ထပြန်ရန် ဟန်ပြင်လိုက်ရာ

'ဝုန်း'

'အား'

သူသည် အစောဆုံးထလာသောသူကို လက်ဝါးဖြင့် ရိုက်ချလိုက်သည်။

ထိုလူမှာ နောက်သို့ လွင့်စဉ်သွားသည်။

'မင်းတို့ မဟုတ်လား၊ ငါ့ကိုလိုက်နောက်နေတာ'

သူက ဒေါသနှင့် ကျန်နှစ်ယောက်ကို ကြိမ်းမောင်းလိုက်ရာ—



'မဟုတ်ပါဘူးဗျာ၊ ကျုပ်တို့အရက်ကုန်လို့ ပြန်ကြမလို့ ထကြတာပါ'

ထိုစဉ်

အဖြူရောင်သူရိပ်တစ်ခု ရောက်ရှိလာပြီး

'ဟေ့လူ အေးလူတွေကို လျှောက်ရမ်းမနေနဲ့ မင်းကို နောက်တာ ကျုပ်ပဲ'

ခပ်တည်တည်နှင့်ပြောနေသော အဖြူရောင်ဝတ် စာပေ သမားသူငယ်ကို အားလုံး အံ့သြစွာ ကြည့်နေကြသည်။

သူ နောက်လှည့်ကြည့်လိုက်သည်။

'ဪ— မင်းကိုး'

'ဟုတ်တယ်၊ ကျုပ်ပဲ'

'တောက် လူပါးဝလို့ မင်းကဘာဖြစ်လို့ ငါ့ကိုလိုက် နေသလဲ ပြောလေ'

'ခင်ဗျား ကျင်းလီကို မြင်ဖူးလား'

စာပေသမားလူငယ်က ပြောပြီး မေးလိုက်သည်။

'မမြင်ဖူးဘူး'

'မမြင်ဘူးဘဲ ဘာလို့လေကျယ်နေရတာလဲ'

'ဘာ ဘာပြောတယ်'

သူ ဒေါသ အလွန်ထွက်သွားသည်။

'တောက်၊ ကျုပ်ကိုစော်ကားတာ လွန်နေပြီ သေပေတော့'

'ဖျောင်း'

'အွး'

ထိုလူ၏ လက်ဝါးလူငယ်ထံ မရောက်မီ လူငယ်က လက်ဝါးဖြင့် ရိုက်ချလိုက်သည်။

သူသည် ပါးစပ်မှ သွေးများကို သုတ်ပစ်ရင်း အံ့သြစွာ ကြည့်နေလေသည်။

'မင်း ဘယ်သူလဲ'

လူငယ်က ရယ်မောလိုက်သည်။

'ငါလား၊ ကျောင်းလေးနဲ့ ပညာသင်ဘက် သူငယ်ချင်းပဲ'

'ဟင်'

'အား'

စွန်ရဲဂိုဏ်းသားများ အထိတ်တလန့် ဖြစ်သွားကြသည်။

ထို့နောက်

သူက သူ့လူများဘက်သို့လှည့်ကာ ပြောလိုက်လေသည်။

'ဝိုင်းတိုက်စမ်း'



'ယား'

စွန်ရဲဂိုဏ်းသားများ ညာသံပေးကာ ပြေးဝင်လာသည်။

'ဝုန်း'

'အား'

'အမယ်လေး'

'သေပါပြီဗျ'

လူငယ်ထံသို့ မရောက်မီ လမ်းတစ်ဝက်မှာပင် လူငယ်၏ လက်ဝါးရိုက်ချက်မိကာ လဲကျသွားကုန်သည်။

သူ မျက်နှာပျက်နေသည်။

လူငယ်က သူ့အား ကြည့်ပြီး

'ဟိတ်လူ ခင်ဗျားဘာလုပ်နေတာလဲ၊ ခင်ဗျားလူတွေ ခေါ်သွားတော့'

'ဟုတ်ကဲ့ ဟုတ်ကဲ့'

သူ ကြောက်ကြောက်နှင့် ဖြေပြီး သူ့လူများကို ခေါ်ကာ ဆိုင်ထဲမှ ထွက်သွားကြတော့သည်။

လူငယ်က နေရာတွင် ပြန်ထိုင်လိုက်သည်။

အဘိုးအိုက သူ့အား တစ်ချက်အကဲခတ်လိုက်ပြီး

'မင်း ကျောင်းကျောင်း မဟုတ်လား'

'ဟင်'

လူငယ်အံ့အားသင့်သွားပြီး အဘိုးအိုကို စူးစိုက်ကြည့်လိုက်သည်။

'အဘကိုလဲ မြင်ဖူးသလိုပဲ'

အဘိုးအိုက ပြုံး၍ ခေါင်းတွတ်လိုက်သည်။

'မင်းဝင်လာတော့ တကယ့်ယောကျ်ားလေးပဲ ထင်နေတာ ကျောင်းလီနဲ့ ပညာသင်ဖက်လို့ပြောမှ မင်းမှန်းသိတာ'

လူငယ် (ဝါ) ကျောင်းကျောင်းက....

'အဘအ ဘယ်သူများလဲ မသိဘူး'

အဘိုးအိုက ပြုံးပြီး–

'နှင်းတောင် ဘိုးဘိုးပါ'

'ဩော်.... သိပြီ၊ နှင်းတောင်အိုးဘိုး၊ ဖေဖေ့ရဲ့ သူငယ်ချင်း သမီးငယ်ငယ်က ခဏခဏ လာဖူးတယ်လေ၊ ဒါကြောင့် မြင်ဘူးပါတယ်လို့'

ကျောင်းကျောင်း ဝမ်းသာနေသည်။

'မင်း အရွယ်ရောက်လာတဲ့ အချိန်ကျတော့ ငါလဲ ထင်းစန်းတောင်ကိုမရောက်ဖြစ်တော့ပါဘူးကွာ၊ ဒါကြောင့် မင်းကို မမှတ်မိတာ၊ မင်းဖေဖေ ခွင့်ပြုလို့ ဒီကိုရောက်လာတာလား'



'တုတ်ကွဲ ဖေဖေ လွှတ်လိုက်လို့ လာတာပါ၊ ဒီကို လာတာလဲ ကျောင်းလီနဲ့ တွေ့ဖို့အဓိကပါ'

ထိုအခါ နှင်းတောင်ဘိုးဘိုးက တောင်ပေါ်မှ ဆင်းလာရသည့်အကြောင်းကို ပြောပြသည်။

'လေပွေသိုင်းသမား ရှမ်းစုက သိုင်းဂိုဏ်းအသစ်ဖွင့်ပွဲ ဖိတ်လို့ ဘဘက ဆင်းလာခဲ့တာ သိုင်းအဖွဲ့အသစ်က အဖွဲ့ချုပ်ကျောင်းလီနဲ့ လေပွေအဖွဲ့ခလ၊ ချန်အန်းမှာလုပ်တာပေါ့'

လူမဝမ်းသာသွားသည်။

'အခုလို သိရတာ ဝမ်းသာပါတယ်၊ သမီးလဲအခုညပွဲ သွားမလားလို့'

ဘိုးဘိုးက....

'သွားချင်သွားလေ၊ ဒါပေမယ့် ကျောင်းလီမရှိဘူး၊ ရှန်ပဲ့ကို ခရီးထွက်သွားတယ်လို့ကြားတယ်'

သို့နှင့်....

သူတို့နှစ်ယောက် အေးဆေးစွာထိုင်၍ စားသောက်နေလိုက်ကြသည်။

* * *

မြင်းလှည်းခြောက်စီး ယင်နန်နယ်သို့ ဝင်ရောက်လာခဲ့ကြ
သည်။

မြင်းလှည်းမောင်းလာသူများမှာ တောသားလေးယောက်
ဖြစ်လေသည်။

သူတို့မှာ တခြားမဟုတ် ကျွင်းလ°တို့ပင်ဖြစ်ကြသည်။

တစ်နေရာသို့ အရောက်....

'ရှူး'

အချက်ပေးသံ ကြားလိုက်ရသည်။

ဓားပြများပင်ဖြစ်မည်ဟု ကျွင်းလ°တို့ တွက်ဆထားခဲ့
သည်။

'အချက်ပေးနေပြီ သူတို့လာတော့မယ်'

ကျွင်းလ°က ပြုံးစိစိဖြင့် ပြောလိုက်၏။

'ဟား ဟား ဟား'
လုံပိတ ဓာမင်ရယ်မော၏။

* * *



'ဟူး...ဟူး'

ချက်ချင်းဆိုသလို သစ်ပင်ကြီးများကြားမှ တစ်ယောက်
ပြီးတစ်ယောက် ထွက်လာသည်။

လူခုနစ်ယောက်ခန့် ဖြစ်လေသည်။

သူတို့သည် ကျွင်းလ°တို့အား လမ်းပိတ်ထားကြသည်။

ကျွင်းလ°က မသိဟန်ဆောင်တာ....

'ဘာကိစ္စရှိလို့ ကျုပ်တို့လှည်းတွေကို တားထားရတာ
လဲ သိပါရစေ'

'ဟား ဟား ဟား'

ဓားပြခေါင်းဆောင်ဖြစ်ဟန်တူသူက ရယ်မောလိုက်သ
သည်။

ပြီးမှ....

'မင်းတို့ကို ဓားပြတိုက်မလို့ အသက် မသေချင်ရင်
ပစ္စည်းထားခဲ့ပြီး သွားတော့'

ကျွင်းလ°က....

'မထားခဲ့ဘူးဆိုရင်ကော'

ဓားပြခေါင်းဆောင်က–

'မင်းသေသွားမှာပေါ့'

သူက ပြုံးလိုက်ပြီး....

'ကျုပ်ကို လာသတ်လေ'

ဓားပြခေါင်းဆောင် ဒေါသထွက်သွား၏။

'ဟေ့- ဒီကောင်၊ ဒီလောက် သေချင်နေမှတော့ သူတို့ဆန္ဒကို ဖြည့်ဆည်းပေးလိုက်ကြစမ်း၊'

ဓားပြများက ဓားကိုယ်စီဆွဲထုတ်ကာ သူတို့အား တိုက်ခိုက်လိုက်လေသည်။

'ဝုန်း—'
'အား—'

'အောင်မယ်လေး—'
'သေပါပြီဗျ....'

ဓားပြများမှာ တောသားများဟု ထင်မှတ်ပြီး တိုက်ခိုက်လိုက်သဖြင့် ကျင်းလုံတို့ လူစု၏ တိုက်ခိုက်မှုကို ခံလိုက်ရလေသည်။

ဓားပြဗိုလ် မျက်နှာပျက်သွားသည်။

'ဟင်.... ဒီကောင်လေးတွေ သိုင်းတတ်တယ်ဟေ့.... သူတို့ကို တစ်ယောက်မှ မလွတ်စေနဲ့'



'မသေး'

ဓားပြများက ဩသံပေးကာ ထပ်မံ တိုက်ခိုက်လိုက်ပြန်သည်။

'ဝုန်း—'
'အား....'
'အောင်မယ်လေး....'

ဓားပြများ မြေပေါ် လဲကျသွားသည်။

ကျင်းလုံက လက်ဝါးကို ပြန်လည် ချုပ်ထိန်းလိုက်၏။

ထိုစဉ်—

ကျင်းလုံ၏ နောက်မှ ဒဏ်ရာရထားသော ဓားပြခေါင်းဆောင်က ဓားဖြင့်ခုတ်ရန် ပြင်လိုက်သည်။

သို့သော်....

လက်နက်ပုန်းတစ်ခုသည် သူ၏နဖူးတွင်စိုက်မိပြီး လဲကျငြိမ်သက်သွား၏။

လက်နက်ပုန်းလာရာဆီသို့ ကျင်းလုံ လှည့်ကြည့်လိုက်ရာ အဖြူရောင် ဝတ်ဆင်ထားသော လူငယ်တစ်ယောက် ဖြစ်နေသည်ကို တွေ့မြင်လိုက်ရသည်။

သူသည် ဝတ်စုံဖြူလူငယ်ထံ လျှောက်သွားပြီး—

'ကျုပ်အသက်ကိုအခုလိုကယ်လိုက်တဲ့အတွက် ကျေးဇူးတင်ပါတယ် မိတ်ဆွေ'

'တကယ်ကျေးဇူးတင်တာလား ကျင်းလီ'

သူ အံ့သြသွားသည်။

'ဟင် ခင်ဗျားက ကျုပ်ကိုသိနေတယ် ဟုတ်လား'

'ခင်ဗျားကို ကျုပ်သိတယ်၊ ကျုပ်ကိုခင်ဗျားမသိဘူး မဟုတ်လား'

ကျင်းလီက သေသေချာချာ အကဲခတ်ကြည့်လိုက်၏

ထို့နောက်—

ခေါင်းခါယမ်းပြီး....

'မသိပါဘူးဗျာ'

အဖြူရောင်ဝတ်စုံနှင့်လူသည် ဦးထုပ်ကို ချွတ်လိုက်လေသည်။

နက်မှောင်သော ဆံပင်များ အထွေးလိုက် ကျလာသည်

ကျင်းလီ အလွန်အံ့သြသွား၏။

'မင်း....မင်း၊ ကျင်းကျင်း မဟုတ်လား'



သူမ ပြုံးလိုက်၏။

'ဟုတ်ပါတယ် အစ်ကို'

သူ ဝမ်းသာသွားသည်။

ကျင်းကျင်းအား ခေါ်ဆောင်ကာ ချန်အန်းမြို့သို့ ခရီးဆက်သွားကြလေသည်။

(ပထမပိုင်း ပြီး၏)

တက္ကသိုလ်သီဟအောင်

# တက္ကသိုလ်သီဟအောင်

# နဂါးလုလင်

## ( ဒုတိယပိုင်း )

## ဒို့တာဝန်အရေးသုံးပါး

ပြည်ထောင်စုမပြိုကွဲရေး .... ဒို့အရေး

တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး .... ဒို့အရေး

အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး .... ဒို့အရေး

* * * * * *

## ပြည်သူ့ သဘောထား

- ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော် တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူ များအား ဆန့်ကျင်ကြ။
- နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူ အဖြစ် သတ်မှတ်ချေမှုန်းကြ။

နိုင်ငံတော် ဖွဲ့စည်းပုံ အခြေခံဥပဒေ ပေါ်ပေါက်ရေးသည် မြန်မာနိုင်ငံသားအားလုံး၏ တာဝန်ဖြစ်သည်။



## တိုက်ပွဲ

ချန်အန်းမြို့။

ကျင်းလီသည် ချန်အန်းမြို့ထဲသို့ ရောက်ရှိလာလေပြီ ဖြစ်သည်။

သူတို့သည် နဂါးစံအိမ်သို့ ချောမောစွာပင် ပြန်လည်၍ ရောက်ရှိလာကြ၏။

ကျင်းလီသည် ရွှေဒင်္ဂါးများကို ငွေတိုက်ထဲသို့ နေရာတကျ ထည့်ထားလိုက်၏။

ကျင်းကျင်းသည် လုံပိတ္တိနှင့် အတန်ကြာ စကားပြောပြီးသောအခါ ဆွေမျိုးသားချင်းပမာ ရင်းနှီးသွားကြလေတော့သည်။

'ဒါထက် ကျင်းကျင်း ဆရာကြီး ရှီဟိုခွင့်ပြုလို့ တောင်အောက်ကို ဆင်းလာတာလား'

ရှမ်းစုက မေးလိုက်သည်။

ကျင်းကျင်းက ပြုံး၍

'ခွင့်ပြုပါတယ်၊ ဒါပေမယ့် ရိုးရိုး ခွင့်ပြုတာ မဟုတ်ပါဘူး'

ထိုစကားကြောင့် ရှမ်းစုက

'ဘယ်လိုများလဲ'

သူမ မျက်နှာ ညှိုးကျသွား၍....

'ကျွန်မ မိဘနှစ်ပါးကို လုပ်ကြံသွားတဲ့ အဆိပ်သခင်မကောက်ကျင်းကိုပါ လက်စားချေဖို့ပါပဲ၊ ကျွန်မဆရာကြီးရှီဟိုကို မိဘတွေမရှိကတည်းက အဖေတစ်ယောက်လို သဘောထားခဲ့တယ်၊ ဆရာ့ကျေးဇူးကိုတော့ ဘယ်တော့မှ မမေ့ပါဘူး'

'ဩ....'

ရှမ်းစု ခေါင်းညိတ်လိုက်၏။

'အင်း....ဆရာကြီးရှီဟိုရဲ့ သိုင်းပညာကို အမွေရလိုက်တဲ့ သခင်လေး ကျင်းလီနဲ့ ကျင်းကျင်းဟာ တစ်နေ့နေ့မှာ ကြီးမားတဲ့ သိုင်းသမားတွေဖြစ်လာမှာပါ'



ရှမ်းစုက ထိုသို့ပြောရင်း ကျင်းလီအား....

'ကျင်းကျင်းဟာ သခင်လေး ကျင်းလီနဲ့ ပညာသင်ဖက်ဖြစ်တယ်၊ ဒါကြောင့် သခင်လေးရဲ့ လူယုံတော်အဖြစ် ကျုပ်က ခန့်ပါတယ်'

ကျင်းလီက ပြုံး၍ သူမအား ကြည့်လိုက်သည်။

ကျင်းကျင်းမှာလည်း ပြုံး၍နေသည်။

....o....

နဂါးစံအိမ်ရှေ့သို့ မြင်းသုံးစီး လာရပ်လေသည်။ တံခါးစောင့်မှူး လက်ထောက်ဂိုဏ်းခွဲမှူးက ထိုမြင်းများကို တားလိုက်သည်။

အလယ်မှ လိုက်ပါလာသူက

'ကျုပ် ကျင်းလီနဲ့တွေ့ချင်တယ်'

ဟု တည်ငြိမ်စွာ ပြောလိုက်သည်။

'ဘာကိစ္စနဲ့ တွေ့ချင်တာလဲ'

လက်ထောက်ခွဲမှူးက မေးလိုက်သည်။

ထိုလူက

'ကျုပ်ဟာ စွန်ရဲ ဂိုဏ်းချုပ် အိကွမ်းပဲ၊ ခင်ဗျားတို့ ဂိုဏ်းချုပ်ကို ကျုပ်တွေ့ချင်တယ်'

ထိုစဉ်...

ရှမ်းစု ရောက်လာသည်။

'ဟော ....ဘာလာ နှောင့်ယှက်တာလဲ'

ရှမ်းစု အိကွမ်းအား အော်ငေါက်လိုက်သည်။

'တိတ်စမ်း၊ ဟော့လူ မင်းက ဒီအဖွဲ့မှာ ဘယ်အဆင့် လို့လဲ'

အိကွမ်းက ဒေါသတကြီး မေးလိုက်သည်။

ရှမ်းစုက ပြုံး၍....

'လေးပွဲဂိုဏ်းချုပ် ရှမ်းစုံ၊ နဂါးဂိုဏ်းရဲ့ နာယက ကြီး၊ ဟဲ....ဟဲ'



အိကွမ်း သဘောကျသွားသည်။

'ဟား ဟား ဟား ကျုပ်ကိုယ်တိုင် သုတ်သင်လိုက်တဲ့ ရှမ်းလေ့ရဲ့အစ်ကိုမဟုတ်လား'

ဆူမဲ့ပြုံး ပြုံးလိုက်သည်။

'ဟုတ်တယ်၊ ကျုပ်အလဲ့ အဲဒါကြောင့် မင်းကို ချင်နေတာ'

အိကွမ်းက

'ကျုပ်က ခင်ဗျားတို့အဖွဲ့ကို ဖြိုပစ်ဖို့ လာခဲ့တာပဲ'

ရှမ်းစုက

'အပြောမကြီးနဲ့၊ မင်းဝင်လာစမ်း၊ ဟော ....စွန်ရဲအဖွဲ့ သားတွေ ဒီထဲဝင်လာတာနဲ့ အကုန်တိုက်ကြ'

အိကွမ်း အဖွဲ့သားတို့အား အချက်ပေးလိုက်ရာ ခြံဝင်းထဲသို့ ဝင်လာကြသည်။

'ထန် ထန် ထန်'

'ချွင် ချွင်'

စွန်ရဲအဖွဲ့သားတို့ ဝင်ရောက်လာသည်နှင့် နဂါး အဖွဲ့သားများက ဆီးကြို တိုက်ခိုက်လိုက်ရာ ပြင်းထန်သော တိုက်ပွဲ ကျက်ချင်းဖြစ်ပေါ်လာသည်။

'ဝှန်း'

'အား'

အော်ဟစ်သံများ ထွက်ပေါ်လာသည်။

ထိုတိုက်ပွဲကို နဂါးအဖွဲ့ဘက်မှ လုံပိနှင့် ဆေးတံလိဝမ်တို့မှ ဆောင်၍ တိုက်ခိုက်နေကြသည်။

'ယား'

'ဂွီး'

'အွန်း'

'အမယ်လေး'

'သေပါပြီဗျ'

လုံပိ၏ သံလက်သည်းကြောင့် ရန်သူများ အတုန်းအရုန်း ကျဆုံးကုန်သည်။

လိဝမ်နှင့် ဗွန်ရဲခွဲမှူး တစ်ယောက် တွေ့ဆုံမိသည်။

'ယား'

'ထန်'

ဗွန်ရဲခွဲမှူးက ဓားဖြင့် ခုတ်ပိုင်းလိုက်သည်။

လိဝမ်က ဆေးတံဖြင့် ရိုက်ထုတ်လိုက်၏။

'ခြွမ်း'

ပြင်းထန်သော ထိတွေ့မှု ဖြစ်ပေါ်လာသည်။

ဗွန်ရဲခွဲမှူး နောက်ဆုတ်သွားသည်။

လိဝမ်သည် ရသည့်အခွင့်အရေးကို လက်လွှတ်မခံဘဲ ဆေးတံကို ဝှေ့ယမ်းလိုက်၏။



'ဝုန်း'

'အား'

ဗွန်ရဲခွဲမှူး အဝေးသို့ လွင့်စင်သွားသည်။

ထိုနောက်

တစ်ချက်နှစ်ချက် လူးလွန့်၍ ငြိမ်သက်သွားလေသည်။

လိဝမ်သည် ဗွန်ရဲခွဲမှူးကို သုတ်သင်ပြီး ပြေးဝင်လာသည့် ဗွန်ရဲအဖွဲ့သားတို့ကို ဆေးတံဖြင့် တရကြမ်း တိုက်ခိုက်လိုက်သည်။

'ဝုန်း'

'အား'

'အမယ်လေး'

'သေပါပြီဗျ'

ဗွန်ရဲအဖွဲ့သားတို့ အထိနာသွားကြသည်။

ရှမ်းခုမှာ ညီဖြစ်သူအတွက် နာကြည်းချက်ဖြင့် အီကွမ်းကို ပြင်းထန်စွာ တိုက်ခိုက်လေသည်။

သို့သော်

ကြာလာသည်နှင့်အမျှ သူ၏ တိုက်စစ်မှာ ခံစစ်ဖြစ်လာခဲ့လေသည်။

'ထန်'

လက်နက်နှစ်ခုထိသံနှင့်အတူ ရှမ်းစု၏ ဓါးမှာ ထက်ပိုင်း ကျိုးသွားလေသည်။

'ဟဲ့ ဟဲ ဟဲ့'

အိကွမ်းသည် သဘောကျစွာ ရယ်မော၍

'ခင်ဗျားလဲ ခင်ဗျားညီနောက် မကြာခင်လိုက်သွားရ တော့မှာပါ'

'ထန်'

အိကွမ်းက လက်နက်မဲ့ဖြစ်နေသော ရှမ်းစုအား ဓါးဖြင့် ခုတ်ချလိုက်သည်။

ထိုစဉ်

လူရိပ်တစ်ခု ကြားမှ ဝင်းရောက်၍ ဓါးချင်း ခံပေးလိုက် လေ၏။

အိကွမ်း ကြည့်လိုက်သည်။

'သြော် ကျင်းလီဆိုတာမင်းလား'

'ဟုတ်တယ်'

ပြောပြောဆိုဆို ဓါးချင်း ပူးကပ်နေရာမှ ကျင်းလီ အတွင်းအားပို့၍ အိကွမ်အား ဓါးဖြင့် ခုတ်ချလိုက်သည်။

'ဌစ်'

'ဟင်'



ကျင်းလီသည် ရှောင်ပြန်ဓါးကွက်ဖြင့် ဓါးကိုဝေ့ယမ်း လိုက်ရာ အိကွမ်း၏ ဘောက်ပြောင်သောအင်္ကျီမှာ နှစ်ပိုင်း စုတ်သွားလေသည်။

အိကွမ်းမှာ နောက်သို့ ကပျာကယာ ခုန်ဆုတ်လိုက်ရလေ သည်။

'ဝှစ်....ဝှစ်....ဝှစ်'

အိကွမ်းသည် နောက်သို့ခုန်ဆုတ်ရင်း လက်နက်ပုန်းဖြင့် ကျင်းလီအား ပစ်ခတ်လိုက်သည်။

'ခြင်....ခြင်....ခြင်'

ကျင်းလီက ဓါးကိုဝေ့ယမ်း၍ လက်နက်ပုန်းများအား ထုတ်ပစ်လိုက်သည်။

အိကွမ်းက လက်နက်ပုန်းဖြင့်ပစ်ခတ်ရင်း နောက်သို့ ကျွမ်း ပစ်ကာ ထွက်ပြေးသွားလေသည်။

'ဟေ့....မပြေးနဲ့'

ကျင်းလီသည် လက်နက်ပုန်းများကိုရှောင်ရင်း အိကွမ်း နောက်သို့ ပြေးလိုက်သွား၏။

သို့သော်

အိကွမ်းမှာ ချက်ချင်း အစပျောက်သွား၏။

'ဝုန်း....'

'အား....'

'အမယ်လေး'

ကျင်းကျင်းနှင့်တွေ့ဆုံသော သိုင်းသမားများ မရှိမလှ ကျဆုံးကုန်သည်။

စွန်ရဲအဖွဲ့သားများသည် ခရာသံကြားသည်နှင့် လွတ်ရာလွတ်ကြောင်း ထွက်ပြေးကြလေသည်။

စွန်ရဲအဖွဲ့သားများ ထွက်ပြေးသွားပြီဖြစ်သည်။

တိုက်ပွဲပြီးဆုံးသွားပြီး ဆူညံသံများ ပျောက်ကွယ်သွားလေသည်။

စွန်ရဲဂိုဏ်းခွဲမှူး နှစ်ယောက်နှင့် ဂိုဏ်းသား ခုနစ်ဆယ်ကျော် ကျဆုံးသည်။

နဂါးအဖွဲ့တွင်မူ အဖွဲ့သားငါးယောက်ခန့်သာ ကျဆုံးလေသည်။

ထိုအချိန်မှာ....

နဂါးဂိုဏ်းခွဲမှူးများက မိမိတို့အဖွဲ့သားများကို ထိန်းသိမ်းနိုင်သောကြောင့်သာ အကျအဆုံးနည်းခဲ့ရခြင်း ဖြစ်လေသည်။

တိုက်ပွဲတစ်ခုလုံးကိုလည်း ဂိုဏ်းခွဲမှူးလေးယောက်တာဝန်ဦးဆောင်တိုက်ခိုက်ခဲ့သည်။

ထိုအချက်ကို နားလည် သဘောပေါက်သော ကျင်းလီက လုံပိနှင့် ကျန်ဂိုဏ်းခွဲမှူးတို့ကို ချီးကျူးစကားပြောလေသည်။

'ခေါင်းဆောင်ကြီးရဲ့ ချီးကျူးစကားကို ကျုပ်တို့က ဂုဏ်ယူပါတယ်၊ ဒါပေမယ့် ရလာလောဆယ် ပင်ပန်း



သွားတော့ အရက်သောက်ပြီး တစ်ရေးလောက် အိပ်လိုက်ချင်တယ်'

လုံပိက ရယ်ရယ်မောမော ပြောလိုက်ရာ ကျင်းကျင်းက ပြုံး၍....

'ဟုတ်ပါတယ် အားလုံးပင်ပန်းနေကြပါပြီ၊ ပျော်ပျော်ပါးပါး စားသောက်ကြပါစေ'

ကျင်းလီ ခေါင်းညိတ်လိုက်၏။

'ကဲ....စီးမင်ရေ စားသောက်ပွဲ ပြင်ဆင်လိုက်ပါကွာ၊ ပျော်ပျော်ပါးပါး စားသောက်ကြရအောင်'

'ကောင်းပါပြီ ခေါင်းဆောင်ကြီး'

လူရှင်းသွားသောအခါ ရှမ်းစုက....

'သခင်လေးရောက်လာပေလို့ အရောက်သာ နောက်ကျရင် ကျုပ်တော့ အိကွမ်းလက်ချက်နဲ့ အသက်ပျောက်နေလောက်ပြီ'

'ကျုပ်အလဲ ညီလေးကိုဆုံးရှုံးရမှာစိုးလို့ ကျင်းကျင်းကိုယ်တိုင် မသွားနိုင်ဘူး၊ ကျုပ်ကိုယ်တိုင် ဝင်လာရတာပဲ'

'ကျေးဇူးတင်ပါတယ် သခင်လေးရယ်'

ကျင်းလီက လက်တာပြလိုက်သည်။

'ကိစ္စမရှိပါဘူး ဦးလေးရယ်၊ ကျုပ်တို့တစ္စေ အားလုံးက အသက်ချင်းလဲပြီး ပေါင်းသင်းလာကြတာ မဟုတ်လား'

ထို့နောက်

သူတို့သည် စားသောက်ခန်းဘက်သို့ လျှောက်လာကြလေသည်။

....o....

## မိတ်ဆွေ

မြို့လယ်ခေါင်တွင် စားသောက်ဆိုင် တည်းခိုခန်းများဖြင့် စည်ကားလျက်ရှိသည်။

နတ်မိမယ် စားသောက်ဆိုင်ထဲ၌ လူစည်ကားနေသည်။

မြို့ပေါ် မြို့လယ်ခေါင်ဖြစ်၍ အချိန်အခါနှင့် ရောင်းချသည့် စားသောက်ဆိုင်ကြီးကို စားပြုတို့မကင်းရဲပေ။

အသက်ငါးဆယ်ခန့်ရှိသော အဘိုးအိုတစ်ယောက် အရက်မူးနေသည်။

သူနှင့်အတူပါလာသော အဖော်နှစ်ယောက်က အဘိုးအို စကားကို နားထောင်ပြီး တဟားဟား ရယ်မောနေကြသည်။

'ကျောင်းလီဟာ စွန်ရဲအဖွဲ့ လာရောက်တိုက်ခိုက်တာကို ပြန်ခုခံလို့ စွန်ရဲခေါင်းဆောင်အိကွမ်၊ ထွက်ပြေးသွားရတယ်ဆို'

ပထမလူက မေးလိုက်သည်။

'ကျောင်းလီကတော့ ဆရာကောင်းတပည့် ပီသပါတယ်များ'

ဒုတိယလူက ချီးမွမ်းလိုက်၏။

'ဒါနဲ့ မင်း ကျောင်းလီကိုမြင်ဖူးလား'

'ဟင့်အင်း၊ ကျုပ်ဆရာနဲ့သူ့ဆရာဟာ အင်မတန် ရင်းနှီးတဲ့ မိတ်ဆွေတွေပါ'

ဒုတိယလူအမေးကို ပထမလူက ဖြေလိုက်၏။

အရက်မူးနေသောအဘိုးအိုသည် ထိုဝိုင်းကို အကဲခတ်လိုက်သည်။

လူသုံးယောက်ဝိုင်းဖြစ်သည်။

အဘိုးအိုနှစ်ယောက်နှင့် လူငယ်တစ်ယောက်ဖြစ်၏။

လူငယ်မှာ သိုင်းပညာအဆင့်မြင့်ကြောင်း ထင်ရှားနေသည်။

'ဒါဆို မင်းတို့ချင်းဆုံရင် မိတ်ဆွေတွေဖြစ်မှာ သေချာပါတယ်'

'ဟုတ်တယ်၊ ကျုပ်ကလဲ ကျောင်းလီလိုလူနဲ့ မိတ်ဆွေဖြစ်ချင်သူပါ'

ထိုစဉ်

သူတို့ဘေးဝိုင်း နှစ်ယောက်အုပ်စုဝိုင်းမှ လူတစ်ယောက်က ထလာပြီး လူငယ်ဝိုင်းတွင် လာရပ်သည်။



'ကျောင်းလီကို ဒီလောက်တောင် ချီးကျူးနေရအောင် မင်းနဲ့သူနဲ့ ဘယ်လိုပတ်သက်နေလို့လဲ'

ထိုလူကို လူငယ်က တစ်ချက်ကြည့်လိုက်ပြီး

'ကျုပ်တို့နဲ့ မပတ်သက်ပေမယ့် တော်တဲ့လူကိုချီးကျူးတာ ဘာဖြစ်လဲ'

ထိုလူက မျက်နှာမဲ့ရွဲ့ကာ သူငယ်အား....

'နေစမ်းပါဦး ခင်ဗျားက ကျောင်းလီအကြောင်းကို ကြွားချင်တာ ဘာဖြစ်တာလဲ'

ထိုလူက

'သူဟာ ကျုပ်တို့နဲ့ ရန်ဘက်'

လူငယ်က

'ခင်ဗျားတို့က စွန်ရဲဂိုဏ်းသားတွေလား'

လူငယ်က ရယ်မောလိုက်သည်။

'နှင်းဆီဂိုဏ်းရောလဲ စွန်ရဲဂိုဏ်းနဲ့ မိတ်ဆွေပဲ ဒုစရိုက်ဂိုဏ်းတစ်ခုပဲ မဟုတ်လား'

ထိုလူ ဒေါသထွက်သွားသည်။

'ဘာပြောတယ်၏၊ တို့ဂိုဏ်းကို ဒုစရိုက်ဂိုဏ်းလို့ စွပ်စွဲရအောင် မင်းက ဘာအထောက်အထားပြနိုင်လို့လဲ မင်းတို့ ဂိုဏ်းကိုသိက္ခာမချနဲ့'

လူသည် မခံနိုင်တော့ပေ။

'ဟော လူ စကားပြောတာ ကြည့်ပြော၊ ကျုပ်တချယ် ရှိကောင်က အခုမှဆင်းလာတာ ခင်ဗျားတို့ သတင်းကို နားမဆံ့အောင် ကြားနေရတယ်'

'ဟာ ဒီကောင်လျှာရှည်တယ်ကွာ'

နှင်းဆီဂိုဏ်းသားက ဒေါသထွက်ပြီး လူငယ်အားရိုက်ချလိုက်လေသည်။

'ဝုန်း'

'အား'

သူထံ ရှောင်တိမ်းခြင်းမပြုဘဲ လက်ဝါးဖြင့် ခံဝေးလိုရာ ထိုလူလက်မှာ လှုပ်ရှား၍ မရတော့ပေ။

'ဟား ဟား ဟား'

အရက်မူးနေသော အဘိုးအိုက ရယ်မောလိုက်သည်။

နှင်းဆီအဖွဲ့သားမှာ ရှက်ရှက်နှင့်အဘိုးအိုအား

'အဘိုးကြီး ခင်ဗျားဘာရယ်တာလဲ ကျုပ်ကလူမရွှေ့ဘူးနော်'

'ဟား ဟား ဟား ငါ့လက်ဝါးကလဲ လူမရွှေ့ဘူး'

အဘိုးအို ရယ်မောရင်း ပြောလိုက်သည်။

'ခွမ်း'

နှင်းဆီအဖွဲ့သားသည် ကျန်တစ်လက်ဖြင့် ဓားဆွဲထုတ်လိုက်ပြီး သူ့အား ခုတ်ချလိုက်သည်။



ထိုလူမှာ အဝေးသို့ လွင့်စဉ်သွားပြီး ငြိမ်သက်သွားသည်။

ကျန် နှင်းဆီအဖွဲ့သားများသည် ဝုန်းခနဲထလာပြီးအရက်မူးနေသော အဘိုးအိုထံ တစ်ဟုန်ထိုး ပြေးသွားသည်။

သူက အရက်ကိုမော့သောက်လိုက်ပြီး လက်ဝေ့ရမ်းသည်။

'ဝုန်း'

'အား'

'အမယ်လေး'

'သေပါပြီဗျ'

စွန်ရဲအဖွဲ့သားများ အော်ဟစ်ညည်းတွားရင်း လဲကျသွားကုန်သည်။

သူသည် အေးဆေးစွာပင် အရက်အိုး မော့သောက်လိုက်ပြီး

'ဟိတ်ကောင်တွေ၊ နဂါးဂိုဏ်းခွဲမှူး လုပ်ဆိုတာငါပဲ'

'ဟင်'

ဆိုင်ထဲရှိလူများအားလုံး အံ့အားသင့်သွားကြသည်။

သူသည် ကျန်နှင်းဆီအဖွဲ့သားများဘက်လှည့်ကာ

'ဟိတ်ကောင်တွေ ငါစိတ်မဆိုးခင် ခပ်မြန်မြန်ထွက်သွားကြ'

'ဟုတ်...ဟုတ်ကဲ့'

နှင်းဆီအဖွဲ့သားများ ချက်ချင်းပြေးထွက်သွားသည်။

သူသည် လူငယ်သုံးယောက်ဝိုင်းသို့သွား၍ မိတ်ဆက်လိုက်သည်။

လူငယ်မှာ နှင်းတောင်ဘိုးတိုး၏ တပည့် လုရှောင်ဖုံးဆိုသူ ဖြစ်သည်။

ကျင်းလီအား အလွန်လေးစားသူ ဖြစ်လေသည်။

သို့ဖြင့်

သူတို့နှစ်ဦးပေါင်း၍ လုံပိက နဂါးအဖွဲ့သို့ဝင်ထွက်နိုင်ကြောင်း မိသဆွေတော်ခင်းတစ်ယောက်အဖြစ် ကြိုးဆိုမည်ဖြစ်ကြောင်း ပြောသည်။

လုရှောင်ဖုံးကလည်း တတ်နိုင်သလောက် ကူညီမည်ဖြစ်ကြောင်း ပြောပြသည်။

ထိုနောက်

သူတို့စားသောက်ရင်း စကားစမြည် ပြောဆိုနေကြသည်။

.....၀.....



ညဉ့်နက်မှ လုံပိ နဂါးစံအိမ်သို့ပြန်လည်ရောက်ရှိလာသည်။ သူသည် သူ၏အဆောင်သို့ ပြန်လှည့်လာခဲ့သည်။

အတွင်းဘက်အထူးခန်း၌ မီးရောင်များ လင်းလက်နေသည်ကို တွေ့ရ၍ ကျင်းလီနှင့်ရှမ်းစုတို့ စကားပြောနေကြသည်ကို တွေ့ရလေသည်။

လုံပိ အိပ်ဆောင်အတွင်းသို့ ချိုးကွေ့အနီးတွင် လူရိပ်တစ်ခုကို ဖျတ်ခနဲ တွေ့လိုက်ရသည်။

'ဟိတ် ဘယ်သူလဲ'

'ဝှစ်'

'ဒေါက်'

သူ၏မေးသံနှင့်အတူ ဓားမြှောင်တစ်လက် နံရံကိုလာစိုက်သည်ကို တွေ့လိုက်ရသည်။

သူ လူရိပ်နောက်သို့ လိုက်မည်အပြုရှိ ဟန်ပြန့်လိုက်၏။

'လိုက်မနေနဲ့တော့ အဘ'

အသံလာရာဆီသို့ လှည့်ကြည့်လိုက်ရာ ကျင်းလီဖြစ်နေသည်ကို တွေ့မြင်လိုက်ရသည်။

သူလည်း ခြေလှမ်းတုံ့သွားသည်။

ကျင်းလီသည် ခေါင်းမိုးနားနံရံ၌ စိုက်နေသောဓားမြှောင်ကို ခုန်၍ နှုတ်ယူလိုက်သည်။

ဓာတ်ပုံ၌ စာတစ်စောင်ပါလာသည်။

'စာပါလာတယ်ဟုတ်လား ဂိုဏ်းချုပ်'

လုံပိ ကျင်းလုံအား မေးလိုက်သည်။

'ဟုတ်တယ်'

ကျင်းလီက အထူးဆောင်အဝသို့ လျှောက်သွား၏။

လုံပိသည် အမူးဖျားပင်ပြေသွားတော့ ကျင်းလီနောက်မှ ကပ်လိုက်သွားသည်။

အခန်းထဲတွင် ရှမ်းစုနှင့်ကျင်းကျင်းတို့က စောင့်နေလေသည်။

'ဘာများထူးခြားလို့လဲ သခင်လေး'

ရှမ်းစုတမေးလိုက်ရာ ကျင်းလီက ခါးမြောင်အား စားပွဲပေါ် ပစ်တင်လိုက်ရင်း....

'စာတစ်စောင်ရောက်လာတယ် ဦးလေး၊ စွန်ရဲဂိုဏ်းကပဲ'

သို့ဖြင့်

ကျင်းလီက စာကိုဖြန့်၍ဖတ်လိုက်ရာ....



ကျင်းလီ....

'မင်းအဖေကို အသက်မသေဘဲ ဆုံတွေ့ချင်ရင် ရတနာမြေပုံတစ်ပိုင်းနဲ့ လာလွှဲပါ၊ ခုနစ်ရက်အတွင်း စောင့်နေမယ်'

စွန်ရဲဂိုဏ်းချုပ်
ဘိကွမ်း

စာကိုဖတ်ပြီးသောအခါ ကျင်းလီ သက်ပြင်းချလိုက်သည်။

'ဒီစာအရ ဖေဖေဟာ သူ့ဆီမှာချုပ်နှောင်ခံထားရတဲ့ သဘောပဲ၊ ဦးလေးတို့အမြင်ကော'

ရှမ်းစုက တစ်ချက်စဉ်းစားပြီး

'ကျုပ်ကတော့ မင်းအဖေကျင်းလုံကို မသတ်ဘဲ အခု အချိန်ထိ ဖမ်းထားတယ်ဆိုတာ သိပ်မယုံဘူး၊ ဒီစာဟာ ကျုပ်တို့ကို လှည့်စားတာဖြစ်နိုင်တယ်'

ကျင်းကျင်းက ကြားဖြတ်၍

'အစ်ကို အဖေ အချုပ်နှောင်ခံထားရတာ ဟုတ်မဟုတ် သိချင်ရင် သူ့ဂိုဏ်းကို ဝင်စီးပြီးတိုက်ခိုက်လိုက်ရင် သိရမှာပဲထင်တယ်'

ကျင်းလီ ခေါင်းညိတ်လိုက်သည်။

ထို့နောက်

တစ်ချက် စဉ်းစားပြီး

'ဟုတ်တော့လည်း ဟုတ်ပါတယ်၊ ဒုစရိုက်သမားတွေ ချုပ်ငြိမ်းဖို့ အချိန်တန်ပြီ'

'ဒီလိုဆိုရင် သခင်လေးက ဘယ်လိုလုပ်ချင်သလဲ'

ရှမ်းစုကိုယ်တိုင်လည်း ထိုကိစ္စနှင့်ပတ်သက်၍ စိတ်အားသန်နေပြီဖြစ်၍ မေးလိုက်သည်၊

ကျင်းလီက

'ကျုပ်ကတော့ လူစောင့်မယ်ဆိုတဲ့ ခုနစ်ရက်မတိုင်ခင်မှာ စွန်ရဲဂိုဏ်းကို ဝင်ရောက်ဖြိုခွင်းဖျက်ဆီးချင်တယ်'

လုံပိုက ဝမ်းသာအားရဖြင့်

'ဒါ အကောင်းဆုံးအစီအစဉ်ပဲ'

ရှမ်းစုက လူကြီးပီပီ စဉ်းစားပြီးပြောလိုက်၏၊

'သူတို့က လူအင်အားများတယ်၊ အီကွမ်းဟာ ကြောက်စရာကောင်းတယ် သခင်လေး'

ကျင်းလီက စွန်ရဲဂိုဏ်းနှင့်နဂါးဂိုဏ်း အရည်အချင်းခြင်း မတူညီကြောင်း ပြောသည်၊

'စွန်ရဲဂိုဏ်းဟာ လူအင်အားပဲကောင်းပါတယ်၊ နဂါးဂိုဏ်းလောက် အရည်အချင်းမရှိပါဘူး၊ ကျုပ်တို့ဘက်



က လက်ရွေးစင်သိုင်းသမားတွေသာ ခေါ်ထုတ်ပြီး တိတ်တဆိတ် ဖောက်ထွင်းတဲ့နည်းစနစ်နဲ့ တိုက်ခိုက်ရမှာပဲ၊ အီကွမ်းကိုဖြိုခွင်းဖို့တော့ ကျုပ်တာဝန်ယူပါတယ်'

'ဒီလိုဆိုရင် ကျုပ်တို့ အမြန်ဆုံး အစီအစဉ်ဆွဲရအောင်'

ရှမ်းစုက ဝင်ရောက်ပြောလိုက်သည်၊

ထို့နောက်

ကျင်းလီက ချက်ချင်းပင် ဂိုဏ်းခွဲမှူးလုံပိုကို လက်ထောက်ဂိုဏ်းခွဲမှူးများအား ခေါ်ခိုင်းလိုက်သည်၊

'ဒေါင်....ဒေါင်....ဒေါင်'

လုံပိုက အချက်ပေးရန် ဂိုဏ်းခွဲမှူးများနှင့် လက်ထောက်ဂိုဏ်းခွဲမှူးများကိုခေါ်လိုက်ရာ မကြာမီအချိန်အတွင်းမှာပင် အထူးအစည်းအဝေးခန်းသို့ သိုင်းသမား လေးဆယ်ကျော် ရောက်ရှိလာကြသည်၊

ထိုအခါ

ကျင်းလီက နောက်သုံးရက်မြောက်နေ့တွင် စွန်ရဲအဖွဲ့ကို ခိုင်းတော့မည့်အကြောင်းပြော၍ အစီအစဉ်များကို အသေးစိတ် ရှင်းပြလိုက်လေသည်၊

* * *

နဂါးအဖွဲ့၏ စံအိမ်တော်ဘီခါးဝတွင် လက်ထောက်ဂိုဏ်းခွဲမှူးတစ်ယောက်နှင့် သိုင်းသမားရှစ်ယောက် စောင့်နေကြသည်။

ထိုစဉ်မှာပင်

မြင်းဒုန်းစိုင်းစီးလာသော အဖြူရောင်ဝတ်စုံ သိုင်းသမားလူငယ်တစ်ယောက် နဂါးစံအိမ်တံခါးဝ၌ မြင်းကို ရပ်တန့်လိုက်လေသည်။

ထို့နောက်

လူငယ်သည် မြင်းပေါ်မှခုန်ဆင်းပြီး စံအိမ်အတွင်းသို့ဝင်ရန် ဟန်ပြင်လိုက်သည်။

'ရပ်'

လူငယ်သည် လက်ထောက်ဂိုဏ်းခွဲမှူး၏ တားဆီးသံကြောင့် ခြေလှမ်းရပ်လိုက်သည်။

'အပြင်လူမဝင်ရဘူး၊ ကျုပ်တို့အဖွဲ့မှာ အရေးကြီးတဲ့ အစည်းအဝေးပွဲလုပ်နေတယ်'

လူငယ်ကပြုံးလိုက်ပြီး

'ကျုပ်...ရန်သူမဟုတ်ဘူး၊ မိတ်ဆွေပါ'

'ဘယ်လိုလူဖြစ်ဖြစ် ကျုပ်ကတော့အခုအချိန်မှာ အဝင်မခံနိုင်ဘူး'



လူငယ်က ပြုံးချိုလျှောက်လာရာ ဂိုဏ်းခွဲမှူးက ဓားဆွဲထုတ်လိုက်သည်။

လူငယ်က တည်ငြိမ်စွာဖြင့်

'ဦးလေးလုံပီကို ကျုပ်တွေ့ချင်တယ်'

ပြောရင်း လူငယ်သည် ဝင်းအတွင်းရောက်ရှိလာ၏။

လက်ထောက်ဂိုဏ်းခွဲမှူးသည် လူငယ်အား တိုက်ခိုက်ရန်ဟန်ပြင်လိုက်စဉ်...

'ဟေ့....ရပ်လိုက်စမ်း'

အမိန့်ပေးသံနှင့်အတူ လေးပွသိုင်းသမားရှမ်းစု ရောက်ရှိလာသည်။

ရှမ်းစုက လူငယ်ကိုကြည့်ကာ

'မောင်ရင်က ဘယ်သူမျှားလဲ၊ ဘာကိစ္စရှိလို့'

လူငယ်က....

'ကျွန်တော်က နှင်းတောင်အဘိုးရဲ့တပည့် တစ်ကိုယ်တော်သိုင်းသမား လုရှောင်ဖုံးပါ၊ ဆရာက နဂါးဂိုဏ်းကိုရောက်ရင် ကျင်းလီနဲ့ဝင်တွေ့ဖို့မှာလိုက်လို့ပါ'

ပြောပြီး ရှမ်းစုအား အရိုအသေပေးလိုက်သည်။

'ဩော်....နှင်းတောင်ဘိုးဘိုးရဲ့တပည့်ကိုး၊ မင်းဆရာနဲ့ ကျုပ်တို့ဂိုဏ်းချုပ်ဟာ ရင်းနှီးပြီးသားပါ၊ ကျုပ် နောက်လိုက်ခဲ့ပါ၊ ဂိုဏ်းချုပ်ရှိပါတယ်'

အဆောင်ရောက်သည်နှင့် လုံပိအား အရင်တွေ့ရလျှင် လုရှောင်ဖုံးဝမ်းသာအားရ လုံပိအား လက်ဆွဲနှုတ်ဆက်လိုက်လေသည်။

'ဩော်....လုံပ်နဲ့ မိတ်ဆွေတွေကိုး'

'ဟုတ်ပါတယ်၊ ကျုပ်နဲ့ စားသောက်ဆိုင်တစ်ဆိုင်မှာ ဆုံမိကြတာပါ'

လုံပိကပြောရင်း လုရှောင်ဖုံးအား အထူးဆောင်ဝသို့ ခေါ်လာသည်။

အထူးဆောင်ဝတွင် ကျင်းလီမှာစာပေကျမ်းကြီးတစ်ခုကို စိတ်ဝင်စားစွာ ဖတ်နေသည်။

ချင်းတောင်သိုင်းသမား လုရှောင်ဖုံးကို လုံပိက ကျင်းလီနှင့် မိတ်ဆက်ပေးလိုက်သည်။

လုရှောင်ဖုံးက ကျင်းလီအား လေးစားမှုအပြည့်ဖြင့် နှင်းတောင်ဘိုးဘိုး၏ အမှတ်တံဆိပ်ဖြစ်သော ပုံလွှားရှပ်ကို ပြသလိုက်သည်။



'နှင်းတောင်ဘိုးဘိုးကတော့ ကျုပ်နဲ့ လူရင်းတွေပါ၊ အထူးသဖြင့် ကျုပ်နဲ့ ပညာသင်ဘက် ကျင်းကျင်း နဲ့ဆိုပိုပြီး ရင်းနှီးပါတယ်'

ကျင်းလီက ကျင်းကျင်းဘက်လှည့်၍ မိတ်ဆက်ပေးလိုက်လေသည်။

လုရှောင်ဖုံးက ခေါင်းတစ်ချက်ညိတ်ပြလိုက်ရင်း....

'ကျင်းကျင်းက ထင်းစန်းသိုင်းသမား ရှိဟိုရဲ့သမီးလား'

သူမက ပြုံးလိုက်ပြီး....

'ဟုတ်ပါတယ်ရှင်'

လုရှောင်ဖုံးက....

'ကျွန်တော်ဆရာ ပြောပြထားလို့ ကျင်းလီနဲ့ ကျင်းကျင်းကို လေးစားပါ၊ ကျွန်တော်ကိုလဲ လူရင်းလို သဘောထားပြီး ဘယ်အရာကိုမဆို တိုင်ပင်နိုင်ပါတယ်'

ကျင်းလီက အတန်ကြာအောင် စဉ်းစားလိုက်ပြီး....

'နှင်းတောင်ဘိုးဘိုးက ဘာမှာများမှာလိုက်သေးလဲ'

'ဆရာကတော့ ခင်ဗျားတို့ မင်္ဂလာပွဲကို မရောက်ရောက်အောင်လာခဲ့မယ်လို့ ပြောပါတယ်၊ ကျွန်တော်တို့လဲ ကျင်းလီနဲ့ပတ်သက်ပြီး ဒုစရိုက်နှိမ်နင်းရေး လုပ်ငန်းတွေမှာ လက်တွဲပြီး လုပ်ဆောင်ရမယ်လို့ မှာကြားလိုက်ပါတယ်'

ကျင်းလီ ဝမ်းသာသွားသည်။

"အခုလိုကြားရတာ ဝမ်းသာပါတယ် ခင်ဗျား။ ရောက်လာတာ အတော်ပဲဗျာ။ ကျုပ်လဲ အနက်ရောင်အဖွဲ့အစည်းတစ်ခုကို ရက်မိုင်းအတွင်း ချေမှုန်းဖို့အစီအစဉ် တစ်ခုရှိတယ်"

ကျင်းလီက ထိုသို့စကားစပြီး စွန်ရဲဂိုဏ်းအား သုံးရက်အတွင်း အပြီးအပိုင်ချေမှုန်းတော့မည်ဖြစ်ကြောင်း ပြောပြလိုက်ရာ လုရှောင်ဖုံးက သူလည်း တစ်တပ်တစ်အားပါဝင်ကူညီမည်ဖြစ်ကြောင်းပြောလေသည်။

လုရှောင်ဖုံး ရောက်လာသောကြောင့် ကျင်းလီအတွက် အားတစ်ရပ် တိုးလာသည်။

ထိုညက သူတို့သည် ဧည့်သည်တော် လုရှောင်ဖုံးအား အရက်စားသောက်ဖွယ်ရာများနှင့်ဧည့်ခံလေသည်။

ရှမ်းစုသည် ကျင်းလီ၏ အရှိန်နှင့်စည်းရုံးမှုတို့ကိုအလွန် အံ့သြသွား၏။

နင်းတောင်အိုးဘိုး၏ တပည့်ရင်းဖြစ်သူ လုရှောင်ဖုံးအား စည်းရုံးလိုက်နိုင်သောကြောင့် သူတို့ ဂိုဏ်းအင်အားများစွာ ရရှိသည်ထက် အဖိုးတန်လှသည် မဟုတ်ပါလော။

* * *

## အကျဉ်းသား

ကျင်းလီသည် စွန်ရဲဂိုဏ်းအား ဖြိုခွင်းရန် အစီအစဉ်များ ချမှတ်နေ၏။

သူသည် ဂိုဏ်းခွဲမှူးကြီးများ၊ လက်ထောက်ဂိုဏ်းခွဲမှူးတို့နှင့် တစ်ကိုယ်တော် သိုင်းသမားတို့ကို ရွေးချယ်လိုက်၏။

ဂိုဏ်းမှူးကြီး ၄ ဦးဖြစ်သော သံလက်သည်းလုံပိ၊ ကျားပွတ် ရှောင်စွမ်း၊ ဆေးတံ လီဝမ်နှင့် မုံးကြီးဝေး ဝမ်ဟုန်တို့ကို အဓိကထားလျက် အဖွဲ့လေးဖွဲ့ ခွဲကာ တိုက်ကွက်လေးကွက်ဆင်ရန် စီစဉ်သည်။

အဖွဲ့တစ်ဖွဲ့သည် လက်ထောက်ဂိုဏ်းခွဲမှူး ခြောက်ဦးစီနှင့် လက်ရွေးစင်သိုင်းသမား ခြောက်ဦးစီပါသည့် ဆယ့်နှစ်ဦးဖွဲ့ ဖြစ်သည်။

ကျင်းလီ၊ ရှမ်းစု၊ လုရှောင်ဖုံး၊ ကျင်းကျင်းတို့က ရှေ့ဆုံးမှ ထိုးဖောက်ကြမည် ဖြစ်သည်။

ကျင်းလီသည် ညနေပိုင်းအချိန်ကတည်းက စွန်ရဲဂိုဏ်းဌာန ချုပ်စခန်းကို ဖြိုခွင်းရန် အစီအစဉ်များကို ပြုလုပ်၍ ဂိုဏ်းသား အားလုံးကို ရှင်းပြနေသည်။

'ကျုပ်တို့က စွန်ရဲတောင်ကုန်းပေါ် မိုးမလင်းခင် စီးမိအောင် သွားမယ်၊ မိုးလင်းတာနဲ့ တိုက်ပွဲအားလုံး ပြီးစီးနေရမယ်၊ ကျုပ်တို့ အင်အားဟာ သူတို့ထက် ဆယ်ပုံတစ်ပုံလောက် နည်းပါတယ်....

'ဒါပေမယ့် ကျုပ်တို့ လူတွေဟာ အရည်အချင်းပြည့်ဝ ပြီးသားဖြစ်တယ်၊ ကျုပ်တို့က လျှို့ဝှက်တိုက်ခိုက်မှာမို့ တိုက်ပွဲကို ရှုတ်တရက် ဖန်တီးဖြစ်ပေါ်တာမျိုးပဲ ဖြစ်မယ်'

သူ၏ စကားကို အဖွဲ့သားတို့က ငြိမ်သက်စွာ နားထောင်နေကြသည်။

အခန်းထဲ၌ အပ်ကျသံကြားရလောက်အောင်ပင်တိတ်ဆိတ်နေသည်။

'အခုအချိန်ကစပြီး ဂိုဏ်းသားအားလုံး မိမိတို့လက်နက် တွေကို ပြင်ဆင်ပါ၊ ကျုပ်တို့က မှောင်စာနဲ့ ဒီကထွက်မယ်'



ကျင်းလီ စကားဆုံးသောအခါ ဂိုဏ်းခွဲမှူးများနှင့် လက်ထောက် ခွဲမှူးများ၊ သိုင်းသမား အချို့တို့သည် မိမိတို့နေရာသို့ ပြန်၍ လက်နက်တို့ကို အသေအချာ စစ်ဆေးကြသည်။

ထိုအခါ

ကျန်ခဲ့သော ရှမ်းစု၊ လုရှောင်ဖုံးနှင့် ကျင်းကျင်းတို့ ကြီးမားသော တာဝန်တို့ကို ယူကြရန် စီစဉ်ကြသည်။

ရှမ်းစုက အကျဉ်းသား အားလုံးကို ရှင်းလင်းဖောက်ထွင်းရန် တာဝန်ယူလိုက်သည်။

လုရှောင်ဖုံးက ရှေ့ပြေးထွက်၍ ကင်းသမားတို့ကို ရှင်းလင်းရန် တာဝန်ယူလိုက်သည်။

ကျင်းကျင်းအား သူနှင့်အတူ လိုက်ပါရန် ကျင်းလီကခေါ်ထားလိုက်သည်။

သို့ဖြင့်....

သူတို့ နဂါးဂိုဏ်း ဆက်ရွေးစင် သိုင်းသမားတို့သည် မြင်းကိုယ်စီနှင့်၍ ချန်အန်းမြို့ပြင်မှ မှောင်ရီပျိုးစ အချိန်တွင် စွန်ရဲစခန်းရှိရာ စွန်ရဲတောင်ကုန်းသို့ ထွက်လာခဲ့ကြသည်၊

ထိုတောင်ကုန်းသည် ယင်နန်အစွန်အဖျားရှိ တောင်ကုန်းကြီး လေးခုအနက် အမြင့်မားဆုံးနှင့် အမတ် စောက်ဆုံးတောင်ကုန်းကြီးဖြစ်သည်။

တောင်ကုန်း ခြေရင်း၌ ထင်းရှူးတောငယ် တစ်ခုရှိလေသည်။

ထင်းရှူးတောလွန်သောအခါ ကွေ့ကောက်သည့် တောင်တက်လမ်းများမှ တက်ကြရသည်။

ထိုကွေ့ကောက်သော လမ်းများကို အသုံးမပြုလျှင် မတ်စောက်သော ကျောက်နံရံကြီးများကို တွယ်တက်ကြရမည်ဖြစ်သည်။

စွန့်ရဲအဖွဲ့သည် သူ၏ နယ်နမိတ်ဖြစ်သော ထင်းရှူးတောစပ်ကပင် ကင်းသမားများ ချထားသည်။

ကျောင်းလီ၊ လုရှောင်ဖုံး၊ ရှမ်းစုနှင့် ကျောင်းကျောင်းတို့သည် တောင်ခြေသို့ရောက်သည်နှင့် မြင်းများကိုရပ်တန့်၍ မြင်းများပေါ်မှ ဆင်းလိုက်ကြ၏။

နောက်မှလိုက်လာသော အဖွဲ့လေးဖွဲ့မှ သိုင်းသမားတို့သည်လည်း မြင်းပေါ်မှ ဆင်းလိုက်ကြသည်။

အားလုံးမှာ လက်ရွေးစင် သိုင်းသမားများ ဖြစ်ကြသည်။

သန်းခေါင်ယံ အချိန်သို့ပင် ရောက်နေလေပြီ။

ထိုအချိန်သည် ကင်းသမားတို့ အိပ်မောကျနေသည့်အချိန်မျိုး ဖြစ်၏။



ထင်းရှူးတောထိပ်သို့ ရောက်သောအခါ မီးရောင်ကိုတွေ့၍ အားလုံး ခြေလှမ်းရပ်လိုက်ကြသည်။

ကင်းသမား လေးယောက်သည် မီးဖိုတစ်ခုကို ဖိုလျက် ဝိုင်းဖွဲ့ထိုင်နေကြသည်။

'ရှူး ကျုပ်သွားမယ်'

လုရှောင်ဖုံးသည် ထိုမျှသာပြောရင်း လှစ်ခနဲ ပြေးထွက်သွားလေသည်။

'ဝုန်း'
'အား'
'အမယ်လေး'
'သေပါပြီဗျ'

စက္ကန့်ပိုင်းအတွင်း အော်သံ သဲ့သဲ့များကို ကြားလိုက်ရသည်။

လုရှောင်ဖုံးသည် လျှင်မြန်စွာ လှုပ်ရှားလိုက်ခြင်း ဖြစ်သည်။

'ရှူး'

ထိုနောက်

အချက်ပေးသံ ကြားလိုက်ရပြီး ကျောင်းလီတို့ တင်းစခန်းမှ ဖြတ်ခဲ့သည်။

အစောင့်တို့မှာ ဒဏ်ရာကိုယ်စီနှင့် သေဆုံးနေကြသည်။

‘ရှီး’

‘ဖောင်း’

အချက်ပေး မီးကျည်တစ်ခု ဖောက်လွှတ်လိုက်သည်။

ကျင်းလီတို့ အားလုံး သစ်ပင်များ နောက်ကွယ်သို့ ပြေးပုန်းလိုက်ကြသည်။

ထိုသို့ မီးကျည်လွှတ်ခြင်းမှာ မသင်္ကာစရာ တစ်စုံတစ်ရာတွေ့၍ ဖြစ်သည်။

သို့မဟုတ်ပါက အခြားတင်းများကို သတင်းပို့ခြင်းလည်း ဖြစ်သည်။

လုရှောင်ဖုံးသည် လင့်စင်ပေါ်မှ ကင်းသမား လေးဦးကို တွေ့လိုက်သည်နှင့် အနီးရှိ သစ်ပင်တစ်ပင် ပေါ်သို့ လွှားခနဲ ခုန်တက်လိုက်၏။

သစ်ပင်ပေါ် ရောက်သည်နှင့် မှုတ်ပြောင်းကို အသုံးပြုနေ မြားငယ် လေးချောင်းကို တစ်ပြိုင်နက် မှုတ်ထုတ်လိုက်လေသည်။

‘အား’
‘အင့်’
‘အီး’
‘အု’



မသဲမကွဲ ညည်းညူသံများ ထွက်ပေါ်လာသည်။

လုရှောင်ဖုံးသည် ကျင်းလီထံပြန်လာပြီး မေးလိုက်လေသည်။

‘တောင်ခါးစန်းမှာ ကင်းတဲကြီးတစ်တဲနဲ့ ကြားကင်း တဲသုံးတဲပဲရှိတော့တယ်၊ အဲဒီကင်းတဲ့အထဲက လူအင်အားများတယ် ဝင်ပြီးတိုက်ခိုက်ရလိမ့်မယ်’

ကျင်းလီ ခေါင်းညိတ်လိုက်သည်။

‘ဒီလိုဆို ကျုပ်ကိုယ်တိုင်တိုက်မယ်’

လုရှောင်ဖုံး ခေါင်းညိတ်ပြလိုက်သည်။

ကျင်းလီစကားဆုံးသည်နှင့် လုရှောင်ဖုံးတို့ အမှောင်ထဲသို့ ဝင်ရောက်ပျောက်ကွယ်သွားကြသည်။

ရှမ်းစုနှင့်ကျင်းကျင်းကို အဖွဲ့သားများဖြင့် နောက်မှ လိုက်လာကြသည်။

ကျင်းလီနှင့် လုရှောင်ဖုံးတို့သည် တောင်ကုန်းတစ်ကုန်းကွေ့သို့ ရောက်ရှိလာသည်။

ထိုကွေ့တွင် အစောင့်ကင်းတဲတစ်တဲရှိသည်ကို သိထားသောကြောင့် သတိနှင့်လှုပ်ရှားကြသည်။

နှစ်ယောက်စလုံးသည် သစ်ပင်ပေါ်မှ တစ်ပင်ပြီးတစ်ပင် ကူး၍ သွားကြသည်။

ကင်းသမားများက အသယ်နှစ်ယောက်ခန့်ရှိပြီး မီးဖိုကြီး တစ်ဖို ဖိုထားသည်။

ငိုက်မြည်းနေကြလေသည်။

အခြေအနေအရ ပြောင်ဝင်တိုက်ခိုက်ရမည်ဖြစ်ရာ ကျင်းလိ နှင့် လုရှောင်ဖုံးတို့သည် အစောင့်များဆီသို့ လွှားခနဲ ခုန်ဝင် တိုက်ခိုက်သလိုက်ကြသည်။

'ဟေ …ဘယ်သူတွေလဲကွ'

'ဂွစ်….ဂွစ်….ဂွစ်'

'အား'

'အမယ်လေး'

'သေပါပြီဗျ'

အစောင့်များ ရှုတ်ရှုတ်သဲသဲဖြစ်သွား၏။

သို့သော်

လုရှောင်ဖုံးပစ်လွှတ်လိုက်သော လက်နက်ပုန်းလေးများက လူသုံးယောက်အား ထိမှန်သွားသည်။

'ဝုန်း….ဝုန်း'

'အား'

'အင့်'



ပြေးဝင်လာကြသော သိုင်းသမားများကို ကျင်းလိက လက်ဝါးဖြင့်ရိုက်ချလိုက်သည်။

လုရှောင်ဖုံးမှာ ဓားရှည်ကိုဆွဲထုတ်လိုက်ပြီး တရကြမ်း တိုက်ခိုက်သည်။

'အား'

'အမယ်လေး'

'သေပါပြီဗျ'

ကင်းသမားများ တစ်ယောက်ပြီးတစ်ယောက်လဲကျသွား လေသည်။

ချက်ချင်းပင် ကင်းစခန်းတစ်ခုလုံး ငြိမ်သက်သွားလေ တော့သည်။

'ရှူး'

'ဖောင်း'

အလယ်ကင်းဆီမှ ကောင်းကင်ဆီသို့ အချက်ပြမီးကျည်ပစ် လိုက်သောကြောင့် ဘောတစ်ခုင်တောင်အနှံ့ မီးကျည်လမ်း တစ်လျှောက် လင်းထိန်သွားသည်။

ကောင်းကင်၌ လုံးဝလူမရှိတော့။

ကျင်းလိနှင့်လုရှောင်ဖုံးလက်ချက်ကြောင့် အစပျောက် သွားပြီ ဖြစ်သည်။

ထို့ကြောင့်—

မသင်္ကာဖွယ်မြင်ဟန်တူပေသည်။

လူရိပ်နှစ်ခုသည် အစောင့်များထံ လှစ်ခနဲ ရောက်ရှိလာသည်။

'ဟိတ် ရပ်'

သတိကောင်းသော ကင်းသမားခေါင်းဆောင်သည် ထိုမျှပင်ပြောနိုင်ပြီး လုရှောင်ဖိုး၏လက်ချက်ကြောင့် လဲကျသွားသည်။

'ဝုစ်'
'အား'

တစ်ဆက်တည်းပင်—

ကျင်းလီ၏ လက်ဝါးတွင် အတွင်းအား စုစည်းပြီး အဆက်မပြတ်စေ့ယမ်းလိုက်ရာ—

'ဝုန်း'

'အား'

'အမယ်လေးဗျ'

အစောင့်များ တစ်ယောက်ပြီး တစ်ယောက် လဲကျသွားလေသည်။



မကြာမီပင် ငြိမ်သက်သွားသည်။

'ရှီ....'

ကျင်းလီက ရှမ်းစုတို့အား အချက်ပေးလိုက်သည်။

ထို့နောက်....

ကျင်းလီက တောင်ထိပ်ပေါ်ကို လွှားခနဲခုန်တက်သွားသည်။

နောက်မှ ရှမ်းစုဦးဆောင်သော နဂါးဂိုဏ်းအဖွဲ့ဝင်များ လိုက်လာကြသည်။

တောင်ထိပ်ပေါ်တွင် သူတို့အဖွဲ့လေးဖွဲ့စုံစည်းမိလေသည်။
စွန်ရဲ့စံအိမ်ကြီးသည် ထီးထီးမားမား တည်ရှိနေသည်။

စံအိမ်ကြီးအလယ်ကို ဆက်သွယ်ထားသော လမ်းနှင့်အတူအားတွင် အစောင့်နှစ်ဆောင်ရှိလေသည်။

ထို့ကြောင့်....

ထိုအစောင့်များနှင့် စံအိမ်ကြီးကို ဖြတ်တောက်ရန် ညာဘက်လမ်းကို ပိတ်ဆို့တိုက်ခိုက်ရန် ဂိုဏ်းခွဲမှူး ဟုန်ကျင်းနှင့် အဖွဲ့ကို လွှတ်လိုက်လေသည်။

ဂိုဏ်းခွဲမှူးကြီး လုံပိန့်နှင့် ဝမ်းလီတို့နှစ်ဖွဲ့က စံအိမ်ကြီးဆီသို့ ဘယ်ညာ နှစ်ဖက်ညှပ်၍ ဝင်ရောက်ကြရန်ဖြစ်လေသည်။

ကျင်းလ°၊ လုရှောင်ဖုံး၊ ကျင်းကျင်းနှင့် ရှမ်းစုတို့ ကိုယ်တိုင်ကမ ရှေ့တည့်တည့်ကပင်ဝင်ရောက်ကြရန် ကျင်းလ°က ချက်ချင်းစီစဉ်ပြီး စွန်ရဲစံအိမ်ကြီးဆီသို့ အုပ်စုများခွဲကာ ဝင်ရောက်လိုက်လေသည်၊

အချိန်ကား သန်းခေါင်ယံကျော်လေပြီဖြစ်သည်၊

စွန်ရဲစံအိမ်၏ ညာဘက်အဆောင်သို့ သွားသော လမ်းကို ဂိုဏ်းခွဲမှူး ဝမ်းဟန်နှင့်အဖွဲ့က ပိတ်ဆို့လိုက်ကြသည်၊

'ဒေါင်....ဒေါင်....ဒေါင်'

အချက်ပေး ခေါင်းလောင်းသံနှင့်အတူ အဆောင်ထဲ အတွင်းမှ စွန်ရဲအဖွဲ့သားများ ပြေးထွက်လာကြသည်၊

ဂိုဏ်းခွဲမှူးကြီး ဝမ်းဟုန်တို့ အုပ်စုနှင့်လမ်းခွဲတွေ့ဆုံမိလေသည်၊

'ချွင်–ချွင်'

ချက်ချင်းပင် ပြင်းထန်သောတိုက်ပွဲဖြစ်သွားသည်၊

စွန်ရဲ အဖွဲ့သားများသည် လူအင်အား အလုံးအရင်းဖြင့် ဝင်ရောက်တိုက်ခိုက်ကြလေသည်၊

ကျင်းလ°က လက်နက် လုံးဝမထုတ်သေးဘဲ လက်ဝါး နှစ်ဖက်ဖြင့် တိုက်ခိုက်လိုက်လေသည်၊



'ဝုန်း–ဝုန်း'

'အား....'

သူ၏ သက်ဝါးရိုက်ချက်မှာ ပြင်းထန်လွန်းသဖြင့် စွန်ရဲ အဖွဲ့သားများ လွင့်စင်သွားကြ၏၊

ကျင်းလ°နှင့် လုရှောင်ဖုံးတို့ စံအိမ်အတွင်းသို့ဝင်သွားကြလေသည်၊

* ÷ *

ဝင်းတံခါးကို စောင့်ကြပ်နေသော စွန်ရဲအဖွဲ့သားဆယ်ယောက်ခန့်နှင့်ဂိုဏ်းခွဲမှူးနှစ်ယောက်ထွက်လာပြီး ကျင်းကျင်းနှင့် ရှမ်းစုအား တိုက်ခိုက်လိုက်လေသည်။

'ဝုန်း....'
'အား–'
'အမယ်လေး....'
'သေပါပြီဗျ....'

အဖွဲ့သားများမှာ ကျင်းကျင်း လက်ချက်ကြောင့် ကျဆုံးသွားကြသည်။

နောက်ဆုံး....

ဂိုဏ်းခွဲမှူးနှစ်ယောက်သာလျှင် ကျန်ခဲ့တော့သည်။

ဂိုဏ်းခွဲမှူးတစ်ယောက်နှင့် ကျင်းကျင်းတို့ ရင်ဆိုင်လိုက်သည်။

ကျန်တစ်ယောက်နှင့် ရှမ်းစုတို့ ရင်ဆိုင်မိကြသည်။

'ချွင်....'
'အား....'

ကျင်းကျင်း၏ လက်ချက်ကြောင့် ဂိုဏ်းခွဲမှူးတစ်ယောက်မှာ မြန်ဆန်စွာ ကျဆုံးသွားလေသည်။

ကျန်ဂိုဏ်းခွဲမှူးမှာလည်း ရှမ်းစု၏ ဓားချက်မိတော့ကျဆုံးသွားလေသည်။



'ဝှစ်....'

'အား....'

ကျင်းလီသည် တံခါးဝမှရန်သူများကိုတိုက်ခိုက်လိုက်ပြီး ဝင်တံခါးအား လက်ဝါးဖြင့် ရိုက်ချလိုက်သည်။

'ဝုန်း'

သစ်သားဖြင့်ပြုလုပ်ထားသောတံခါးမှာ ကျိုးပဲ့သွားလေသည်။

ကျင်းလီတို့နှစ်ယောက် စံအိမ်ထဲသို့ လှမ်းဝင်သွားကြသည်။

ခန်းမဆောင်အလယ်သို့ရောက်သောအခါ....

အညိုရောင်ဝတ်စုံဝတ်ဆင်ထားပြီး ကုလားထိုင်တစ်လုံး၌ ထိုင်နေသောအိုကွမ်းကို တွေ့ရသည်။

အိုကွမ်း၏နောက်တွင် လက်ရွေးစင်သိုင်းသမားလေးဦးတို့ စီတန်း၍ရပ်နေသည်။

အိုကွမ်းသည် ကျင်းလီအား တစ်ချက်ကြည့်လိုက်ပြီး–

'ကျင်းလီ မင်း နောက်ဆုံးတော့ ငါ့ဆီရောက်လာရတာပဲမဟုတ်လား'

'ဟုတ်တယ်၊ ကျုပ်ခင်ဗျားကို ဆုံးမဖို့လာတာပဲ'

'ဟား ဟား ဟား'

အိကွမ် အားပါးတရ ရယ်လိုက်သည်။

အိကွမ်းသည် ကျွင်းလီတို့လေးဒေါက်ကိုကြည့်ပြီး အသင့်သေးစွာဖြင့် ရယ်လိုက်ခြင်းဖြစ်သည်။

ထို့နောက်–
သည်းထန်စွာဖြင့်
'ဒီမှာကျွင်းလီ မင်းရောက်နေတယ်ဆိုတာ ဘယ်သူပိုင်နက်လဲဆိုတာ မင်းတွက်မိရဲ့လား'

ကျွင်းလီ ခေါင်းတဆတ်ဆတ်ညိတ်ရင်း

'စံအိမ်ပတ်ပတ်လည်မှာရှိတဲ့ စွန်ရဲအဖွဲ့သား အားလုံးကျဆုံးကုန်ပြီ၊ ခင်ဗျားတို့ပဲ ကျန်တော့တယ်ဆိုတာ ခင်ဗျားသိရဲ့လား'

ကျွင်းလီစကားကြောင့် အိကွမ်၊ မျက်နှာပျက်သွားလေသည်။

သို့သော်....

ချက်ချင်းပြင်လိုက်ပြီး
'ဒါတွေထားလိုက်ပါ၊ မင်းအခုလာတာ မင်းအဖေနဲ့ မြေပုံစာရွက်တစ်ပိုင်းလဲဖို့ မဟုတ်လား၊ ဘယ်မှာလဲ မင်းမြေပုံစာရွက်'



ကျွင်းလီ ရယ်မောလိုက်သည်။

'အိကွမ်း ခင်ဗျားလှည့်တာ အကုန်ပဲလား၊ ကျုပ်မရူးသေးဘူး၊ ကျုပ်အဖေနဲ့မြေပုံလဲမယ် ဒီမှာမြေပုံ'

ကျွင်းလီအိတ်ထဲမှ မြေပုံစာရွက်ပြလိုက်ပြီး ပြန်သိမ်းလိုက်သည်။

'ကျုပ်အဖေကို အခုခေါ်လိုက်ပါ၊ ကျုပ်ခင်ဗျားကို မြေပုံပေးမယ်'
အိကွမ်းငိုင်၍ စဉ်းစားလိုက်သည်။

ကျွင်းလီ စိုက်ကြည့်လိုက်ပြီး

'ကျုပ်အဖေကို ခင်ဗျားဖမ်းတာ မဟုတ်ဘူး၊ ခင်ဗျားသတ်လိုက်တာ မဟုတ်လား'
သူ ခေါင်းကို သွက်သွက်ခါအောင် ယမ်းလိုက်သည်။

'ငါမသတ်ဘူး'

သူဘာယ်လိုငြင်းစေကာမူ ဖခင်အားထုတ်မပေးနိုင်သည်မှာ သေချာသည်။

ထို့ကြောင့်....
ကျွင်းလီက အတိအကျ ငင် စွပ်စွဲကာ ကြိမ်းမောင်းလိုက်၏။
'ကျုပ်အဖေကို ခင်ဗျားသတ်တာ ခင်ဗျားကိုလဲ ကျုပ်သတ်ရမှာပဲ'

'မင်းထမျှား ငါ့ကိုသတ်မလို့တဲ့ မင်းကိုလဲ ငါကအရှင်
မထားဘူးကွ'

ပြောရင်း ကုလားထိုင်မှ ခုန်ဆင်းလိုက်သည်။

ထို့နောက

ဓားဆွဲထုတ်ကာ ကျင်းလီကို တိုက်ခိုက်လိုက်သည်။

'ဝှီး'

သူ လျင်မြန်စွာ ရှောင်တိမ်းလိုက်သည်။

တဆက်တည်းမှာပင်

ဓားဆွဲထုတ်လိုက်ပြီး ဓားအိမ်ကို အိကွမ်းထံ ပစ်လွှတ်လိုက်သည်။

အိကွမ်းခုန်ရှောင်လိုက်ရာ နောက်မှရပ်နေသော ကိုယ်ရံ တစ်ယောက်ကို ထိမှန်သွားလေသည်။

'အား'

ကိုယ်ရံတော်မှာ စူးရှစွာအော်ဟစ်ရင်း လဲကျလေသည်။
အိကွမ်း မျက်နှာပျက်သွားသည်။

'ဩော်.... မင်းပညာက မသေးပဲကိုး ငါ့ရဲ့ဝက်ပါ
ဓားချက်ကိုလဲ မြည်းကြည့်ပါဦး'

အိကွမ်းပြောရင်း သူ့ထံ ခုန်ဆင်းလိုက်သည်။



သူက ရွှေရောင်ဓားဖြင့် ပြန်လည်ခုခံလိုက်သည်။

'ထန်း'

ဓားနှစ်လက်ဆုံမိပြီး ကျယ်လောင်သောအသံ ထွက်လာ၏။ နှစ်ယောက်စလုံး နောက်ဆုတ်လိုက်ကြသည်။

ထိုအချိန်တွင်

လုရှောင်ဖုံး၊ ကျင်းကျင်းနှင့် ရှမ်းစုတို့ ကိုယ်ရံတော် သုံးယောက်နှင့် တိုက်ခိုက်နေလေသည်။

ထို့ကြောင့်

ခန်းမဆောင်အတွင်း ပြင်းထန်သော တိုက်ပွဲဖြစ်လာသည်။

'ချွင် ချွင်'
'အား'

ဓားချင်းထိမိသံ၊ အော်သံများထွက်ပေါ်လာသည်။

ကျင်းကျင်းလက်ချက်ကြောင့် ကိုယ်ရံတော်တစ်ယောက်ကျဆုံးသွားသည်။

မကြာမီအချိန်အတွင်းမှာပင်
'ဂွန်း'
'အား'

လုရှောင်ဖုံးနှင့်ရှမ်းစုတို့မှာလည်း ကိုယ်ရံတော်များကိုသုတ်သင်ရှင်းလင်းပြီး ဖြစ်သည်။

ထိုစဉ်မှာပင်

စိမ်းစိမ်းအပြင်ဘက် တိုက်ပွဲများ ပြီးဆုံးပြီဖြစ်သောကြောင့် လုံမိနှင့် လီဝမ်းတို့အဖွဲ့နှစ်ဖွဲ့သည် ခန်းမဆောင်ထဲသို့ဝင်ရောက်လာလေသည်။

ကျင်းလီနှင့်အိကွမ်တို့မှာလည်း အကြိတ်အနယ်တိုက်ခိုက်၏။

'ဝှစ်....ဝှစ်'

အိကွမ်းသည် ထင်ဝမ်သိုင်းကွက်ခြောက်ဆယ့်လေးကွက်ကို သုံး၍ သွက်လွက်စွာ တိုက်ခိုက်သည်။

သူသည် ပြင်းထန်စွာ ခုခံတိုက်ခိုက်နေသည်။

တကြိမ်တွင် ဓားနှစ်လက်ပူးကပ်သွားသလို လူချင်းပူးကပ်သွားသည်။

'ခြွမ်း'
'ချလွင်'

နှစ်ဦးစလုံးလက်ထဲမှ ဓားများ လွတ်ကျလေသည်။

'ဟဲ့ ဟဲ ဟဲ'

အိကွမ်းသည် ရယ်မောရင်း လက်နက်မဲ့ဖြစ်နေသော သူ့ကိုကြည့်ကာ ကျောမှအပိုဓားတစ်ချောင်းကို ထုတ်ယူလိုက်၏။

ထိုအခါ



သူကလည်း သူ့ခါးတွင် ချိတ်ဆွဲထားသော ဓားတိုကို ဆွဲထုတ်လိုက်သည်။

အိကွမ်း၏ဓားသည် အရောင်ဟဖိတ်ဖိတ် တောက်ပနေသလောက် သူ၏အမည်းရောင်ဓားမှာလည်း အရောင်လုံးဝမထွက်ဘဲရှိနေသည်။

သို့သော်

သူသည် ဓားတိုဆွဲထုတ်လိုက်သည်နှင့် အိကွမ်း၏ရင်ဝဟွင်ဝေဒနာ ခံစားလိုက်ရသည်။

သို့သော် သူ့ကိုအထင်မကြီးတဲ့ တရကြမ်းတိုက်ခိုက်လိုက်သည်။

'ထန်း'

ဓားနှစ်ချောင်း ထိမိလိုက်သည်နှင့် မီးပွားများထွက်ပြီး အိကွမ်း၏ဓားမှာ အသွားလိမ်သွားသည်။

အိကွမ်း တုန်လှုပ်သွားသည်။

အံကြိတ်တင်းတင်းကြိတ်ကာ နောက်တစ်ကြိမ် ပူးကပ်သွားသည်။

အိကွမ်းသည် ဓားကိုပြန်ခွာ၍မရချေ။

ထို့ကြောင့်....

ဓါးဆီသို့ အတွင်းအားပို့လွှတ်က၍ သူ့အားနောက်သို့ ဟွန်းလွှတ်ရန် စကြံ့ည်မိသည်။

ထိုစဉ်မှာပင်

သူ ဓါးမှည်း၏လက်ကိုင်မှ အလှူယ်တုကို နှိပ်ချတော့၏။

'ချွမ်'

'အခွ်း'

ကျောင်းလီ၏ဓါးမည်းလေးမှ အတိုမှ ခုက်ချင်းဓါးရှည် တစ်လက်အတိုင်းအတာအထိရှည်သွားရာ ဒီကွမ်း၏လည်မျို အား ထိုးစိုက်မိသား ဖြစ်သွားသည်။

'မင်း....မင်း'

အိကွမ်း မျက်လုံးပြူးကြီးဖွင့်ကြည့်ကာ ကြမ်းပြင်ပေါ် လဲကျပြိမ်သက်သွားသည်။

ထိုအချိန်မှာပင်....

စွန်ရဲအဖွဲ့သားများအား လုံပိတ္တိက အစးလုံးသုတ်သင် လိုက်ပြီဖြစ်သည်။

ထိုစဉ်....

မြေအောက်ခန်းဆီမှ ပြေးတက်လာသောခြေသံကို ကြား၍ လှမ်းကြည့်လိုက်ရာ ရှမ်းစုသည် လူတစ်ယောက်အား ပခုံး ပေါ်တင်၍ ထမ်းလာသည်ကို တွေ့လိုက်ရသည်။



ရှမ်းစုက ထိုလူအား ကြမ်းပြင်ပေါ်သို့ချလိုက်ပြီး

'အကျဉ်းခန်းထဲမှာ ဘယ်သူမှမရှိဘူး၊ သူတစ်ယောက် တည်းပဲရှိတယ်'

'ဟင်'

ကြမ်းပြင်ပေါ်၌ မလှုပ်မယှက်ငြိမ်နေပြီး သူ့အား ငေး ကြည့်နေသော အကျဉ်းခန်းထဲမှ ထယ်တင်လာသူကို ကြည့် လိုက်ရာ ကျောင်းလီ အံ့ဩသွားသည်။

အဘယ်ကြောင့်ဆိုသော်

ထိုလူမှာ သူဖခင်၏မိတ်ဆွေ လုံဟွာဖြစ်နေသောကြောင့် ပင်။

'ဦးလေးလုံဟွာ ကျွန်တော်ကျောင်းလီလေ'

သူ စိတ်ထခိုက်စွာမေးလိုက်သည်။

လုံဟွာက ဘာမှမပြောဘဲငေးကြည့်နေတယ်'

'အစ်ကို သူ့သွေးကြောပိတ်ခံထားရတယ်'

ကျောင်းကျောင်းက သူ့အနီးကပ်၍ သတိပေးလိုက်တော့မှပင်–

ကျောင်းလီသည် လုံဟွာအား သွေးကြောဖွင့်ပေးလိုက်ရ သည်။

သေနတ်ကြောင်ပြန်ပွင့်လာသည်နှင့် လုံဟွာက

'ကျင်းလီ ငါကိုကယ်တဲ့အတွက် ကျေးဇူးတင်ပါ
တယ်'

ကျင်းလီက

'ကိစ္စမရှိပါဘူး၊ ကျွန်တော်က ဦးလေးကို အခုလိုတွေ့ရမယ်လို့ မထင်မိဘူး'

လုံဟွာ သက်ပြင်းချလိုက်သည်။

'ဒါတွေ အသာထား၊ နောက်မှ အကြောင်းစုံ ရှင်းပြမယ်၊ လောလောဆယ် ဟိုအထူးဆောင်ထဲက ပုရပိုက်ထဲမှာ မြေပုံပိုင်းတွေယူလိုက်ပါ'

ကျင်းလီ အထူးဆောင်ထဲဝင်လိုက်သည်။

စားပွဲပေါ်၌ ရွှေပုရပိုက်ဘူးတစ်ခုကိုတွေ့၍ဖွင့်လိုက်ကြည့်ရာ မြေပုံနှစ်ပိုင်းကို တွေ့ရသည်။

သူသည် ရွှေပုရပိုက်ဘူးကိုယူကာထွက်လာပြီး နဂါးဂိုဏ်းသားအားလုံးကို စခန်းသို့ပြန်ရန် အမိန့်ပေးလိုက်၏။

တစ်လမ်းလုံး၊ အကြောဖွင့်ကာစဖြစ်သော လုံဟွာကိုထိန်းမတ်ခေါ်လာခဲ့သည်။

လုရှောင်ဖုံးက နောက်မှကျန်ခဲ့ကာ စွန်ရဲစံအိမ်ပတ်ပတ်သည်ကို ယမ်းများဖြင့် ဖောက်ခွဲလိုက်သောကြောင့် သူတို့နောက်မှ စွန်ရဲစံအိမ်မှာ တဝေါဝေါလျက် ကျန်ရစ်ခဲ့လေတော့သည်။

* * *

## စွန်ရဲသခင်

ကျင်းလီသည် နဂါးစံအိမ်အတွင်းသို့ ပြန်လည်ရောက်ရှိလာသည်။

မိမိအဖွဲ့ကားတို့ကို စစ်ဆေးလိုက်ရာ လွက်ရွှေးစင်သိုင်းသမားရှစ်ယောက်နှင့် လက်ထောက်ဂိုဏ်းခွဲမှူး လေးယောက် ကျဆုံးကြောင်း သိရသေသည်။

မည်သို့ပင်ဆိုစေ၊

အလွန်ဆိုးသွမ်းရမ်းကားနေသည့် စွန်ရဲဂိုဏ်းပြိုကွဲပျက်စီးသွားပြီဖြစ်သည်။

ထို့ကြောင့်–

စွန်ရဲဂိုဏ်းဟူသည် ကွယ်ပျောက်သွားပြီဖြစ်သည်။

ဤသတင်းသည် နောက်တစ်နေ့မှစ၍ သိုင်းလောကတစ်ခုလုံး သတင်းလွှင့်သွားသည်။

ထို့အတူပင် နဂါးဂိုဏ်းလည်း နာမည်ကြီးလာသည်။

ကျောင်းလိသည် အဖွဲ့သားတို့ကို စစ်ဆေး၍ စားသောက်ပွဲ တစ်ခုပြုလုပ်ခိုင်းထားသည်။

နဂါးဂိုဏ်းသားတို့ အောင်ပွဲခံသော အထိမ်းအမှတ်ပြု ပျော်ရွှင်စားသောက်နေကြသည်။

• • •



အထူးခန်းမဆောင်ထဲတွင် လုံဟွာ၊ ကျောင်းလိနှင့်ကျောင်းကျောင်းတို့ စကားပြောနေကြသည်။

ကျောင်းလိက

'ဦးလေးလုံဟွာကို သေဆုံးသွားပြီလို့ ထင်မှတ်ခဲ့တာ မမျှော်လင့်ဘဲ အကျဉ်းသားတစ်ယောက်ဆိုနေနဲ့ တွေ့ရလို့ ကျွန်တော်အံ့သြသွားတယ်'

လုံဟွာက ရယ်မောပြီး

'ဒါတင်ဘယ်ဟုတ်မလဲ မင်းဖေဖေကျောင်းလုံလဲ အခုထိ အသက်ရှင်လျက် ရှိသေးတယ်'

'ဗျာ တကယ်လား ဦးလေးလုံဟွာ'

သူ အံ့အားတကြီး မေးလိုက်သည်။

လုံဟွာက ခေါင်းညိတ်ပြရင်း

'ဒီအကြောင်းတွေကို မင်းသိအောင် ပြောပြပါ့မယ်'

'ဟုတ်ကဲ့– ကျွန်တော်လည်း သိချင်ပါတယ်'

သို့ဖြင့်

လုံဟွာသည် ကျောင်းလိုနှင့် ခွဲခွာခဲ့သည်မှစ၍ ပြောပြလေသည်။

....o....

လုံဟွာသည် ကျင်းလုံတို့နှင့် လမ်းခွဲထွက်လာပြီးနောက် အိုမေတောင်ပေါ်တွင် သိုင်းဂိုဏ်းတစ်ဂိုဏ်း တည်ထောင်လေ သည်။

မကြာမီပင်....

အိုမေတောင်ပေါ် သိုင်းအဖွဲ့၌ လူအင်အား များပြားလာ သည်။

အိကွမ်းသည် အစဉ်တက်ကြွသူဖြစ်သည့်အလျောက် ရောက် ရှိလာနေသော သက်ကြီးဝါကြီး သိုင်းသမားတို့ထံမှ ရတတ်သမျှ သိုင်းပညာတို့ကို သင်ယူလေသည်။

ထို့သို့

အိုမေတောင်ပေါ်သို့ သိုင်းအဖွဲ့သည် တစ်နှစ်ကျော်ကျော် တွင် စည်စံ့ခိုင်မြဲလျက် အများအကျိုးပြု သိုင်းအဖွဲ့ကြီးအဖြစ် လူသိများလာသည်။

တစ်နေ့တွင်

အိကွမ်းသည် လုံဟွာ၏အထူးခန်းသို့ ဝင်ရောက်တိုင်ပင် စလသည်။

'ကျွန်တော့်ရဲ့သိုင်းပညာဟာ အဆင့်မြင့်ပညာ ဆိုရ
မယ့် ကျွန်တော်တစ္စ သိပ်ကိုအားမရသေးဘူး၊ သိုင်း
အဖွဲ့ကြီးတစ်ခုကို ဦးစီးသူဟာ ဒီထက်မက အစွမ်းထက်
ဖို့ လိုအပ်လိမ့်မယ်လို့ ထင်ပါတယ်ဦးလေး'



အတွေ့အကြုံ အတော်ရလာပြီဖြစ်သော အိကွမ်းက ထိုသို့ ပြောသောအခါ လုံဟွာမှာသည်း သဘောပေါက်လာသည်။

'ဒီတော့ ငါ့တူဟာ ဘယ်လိုအစီအစဉ်ရှိလို့လဲ'
'ဒီထက်မက ပိုပြီး အဆင့်မြင့်တဲ့ သိုင်းပညာတွေ
ရအောင် ကျွန်တော် ခရီးထွက်လေ့လာချင်တယ်၊
ဆရာကောင်းတွေဆီမှာ တပည့်ခံချင်တယ်'

ထိုညက လုံဟွာသည် သူ့တူအိကွမ်းကို အလွန်အားကိုး ယုံကြည်စွာဖြင့် ရတနာအကြောင်း ဆယ်နှစ်ကြာလျှင် သုံးဦး ပြန်ဆုံရမည်ဖြစ်၍ ထိုနှစ်မပြည့်မီ အရောက်ပြန်လာရန် စသည် ဖြင့် မှာကြားလေသည်။

နောက်တစ်နေ့ နံနက်လင်းသည်နှင့် ခရီးထွက်ရန် ခွင့်ပြု လိုက်သည်။

—o—

တစ်နှစ်ကျော်ကျော်ခန့် ကြာသောအခါ အီကွမ်းသည် အိုမေတောင်ပေါ်သို့ ပြန်လည်ရောက်ရှိလာသည်။

သူသည် သိုင်းပညာများ တိုးတက်လာသည်။

သို့သော်

အနေအထိုင်အပြောအဆို ကြမ်းတမ်းလာ၏။

အထူးသဖြင့် အသုံးအစွဲကြမ်းလာသည်။

သူ မြို့ထဲသို့ထွက်လျှင် နောက်လိုက်နောက်ပါ တပည့်များနှင့် စားသောက်ပျော်ပါးကာ ငွေကို တရဝေသုံးစွဲခဲ့လေတည်း။

နောက်ဆုံးတွင် တစ်ဦးတစ်ယောက်နှင့် ရန်ဖြစ်လာချင်းပင်ဖြစ်သည်။

အချိုးပြောင်းလဲလာသော အီကွမ်းကို အကဲခတ်နေသည့် လုံဟွာသည် အသုံးအစွဲကြမ်းခြင်းနှင့် ရမ်းကားခြင်းတို့ကို ဆုံးမခဲ့လေသည်။

'ဦးလေးမှာ သုံးကုန်အောင် ရွှေတွေငွေတွေရှိနေတာ ကျွန်တော်မသုံးရင် ဘာဖြစ်မလဲ၊ ရန်ဖြစ်တယ်ဆိုတာလဲ သိုင်းပညာအရည်အချင်းကို မပြတ်လေ့ကျင့်နေတာ ဦးကြီးရဲ့'

သူ့အားပြောလျှင် ဆင်ခြေဖြန်ပေးတတ်သည်။

ညတစ်ည....



ထိုညသည် လုံဟွာမမျှော်လင့်သောည ဖြစ်သည်။

ထိုညက အီကွမ်းသည် ညဉ့်အတော်နက်မှ ပြန်ရောက်လာသည်။

လူမရောက်ခင်ကတည်းက အပြင်မှပြန်လာသော လုံဟွာက အီကွမ်းတို့လူစု ယင်နန်အစွန် ဂုယ်အစွန်တစ်ဂေါရာမှ ကုန်သည်များကို စားပြတိုက်ခဲ့ကြကြောင်း သတင်းကြားလာခဲ့၍ ဖြစ်သည်။

ထို့ကြောင့်

လုံဟွာသည် ဒေါသနှင့် တူဖြစ်သူအီကွမ်းအား ကြိမ်းမောင်းရန် စောင့်နေလေသည်။

ညဉ့်နက်မှပြန်လာသော အီကွမ်းသည် တိုက်ရာပါပစ္စည်းများနှင့် သူ့အခန်းထဲသို့ဝင်လာသည်။

လုံဟွာက

'အီကွမ်း၊ မင်း ဘာတွေလုပ်လာသလဲ ပြောစမ်း'

'ကျွန်တော် ဘာမှမလုပ်ပါဘူးဦးလေး၊ အရက်နည်းနည်း အမူးလွန်တာပဲရှိတယ်'

'အေး...ဒါတော့ မင်းပစ္စည်းတွေသိမ်းပြီးရင် ဒီကို လာခဲ့ဦး'

လုံဟွာသည် ခန်းမဆောင်အလယ်ရှိ ထိုင်ခုံတွင် ထိုင်စောင့်နေသည်။

မကြာမီ

အိကွမ်း ရောက်ရှိလာသည်။

'ဒီမှာအိကွမ်း၊ မင်း ကုန်သည်တွေကို ဓားပြတိုက်လာတယ် မဟုတ်လား'

အိကွမ်း မျက်နှာပျက်သွားသည်။

သို့သော်

ချက်ချင်း ပြန်တည်လိုက်ပြီး

'ဦးလေးသိသားနဲ့၊ ဘာလို့ မေးနေရတာလဲဗျာ'

လုံဟွာ အံ့ဩသွားသည်၊

'ဟော့....ငါသိုင်းဂိုဏ်းကို အခုလို ထူထောင်တာဟာ ဒုစရိုက်သမားတွေကို နှိမ်နင်းဖို့ကွ၊ မင်းကစပြီး မကောင်းမှုတွေလုပ်နေတယ်ဆိုတော့ ငါ ဘယ်လိုလုပ်ရမလဲ'

'ဒါဆိုလဲ ကျွန်တော် ဒီဂိုဏ်းရဲ့ အဖွဲ့သားအဖြစ်က နှုတ်ထွက်တယ်'

ပြောပြောဆိုဆို အိကွမ်းကလှည့်ထွက်ရန် ဟန်ပြင်လိုက်သည်။

'မင်းကို ဒီအတိုင်း ငါမလွှတ်နိုင်ဘူးကွ'

ဟု ပြောရင်း လုံဟွာက လက်ဝါးနှင့်လှမ်းရိုက်လိုက်သည်၊

သို့သော်



သူ၏လက်ဝါး အိကွမ်းထံသို့မရောက်မီ အိကွမ်းက သူ့ကို သေနတ်ထိုးပိတ်လိုက်သည်။

'အင့်'

လုံဟွာ မသဲ့မကွဲညည်းညူရင်း လဲကျသွား၏။

'ဟား....ဟား....ဟား'

အိကွမ်းက သဘောကျစွာ ရယ်မောလိုက်သည်၊

'ဒီမှာ ဦးလေးလုံဟွာ၊ ကျုပ်ရလာတဲ့ စွန်ရဲသိုင်းဟာ ဦးလေးပညာထက် သာတယ်ဆိုတာ တွေ့ပြီမဟုတ်လား၊ စွန်ရဲသိုင်းဟာ ဝန်သခင်ဆိုတဲ့ ဓားပြခေါင်းဆောင် ကျူရိတစ်ယောက်တည်းပိုင်တဲ့ သတ္တိဗျ၊ အဲဒီပညာကို မွေးစားဘဝနဲ့ ကျုပ်က တစ်နှစ်တိတိသင်ယူလာခဲ့တာပဲ၊ ဒီလိုစမ်းလို့ဘယ်ရမလဲ'

ထိုသို့ပြောဆိုတော့မှ တစ်နှစ်လုံးပင်လယ်ဓားပြတို့နှင့်အတူ နေခဲ့ပြီး အိကွမ်းလူဆိုးဖြစ်လာသည်ကို သိလိုက်ရသည်၊

ထိုနေ့မှစ၍

သူသည် လုံဟွာကို အကျဉ်းချထား၍ဂိုဏ်းကို စွန်ရဲဂိုဏ်းဟု အမည်ပြောင်း၍ မကောင်းမှုဒုစရိုက် လုပ်ငန်းတို့ကို လုပ်ကိုင်တော့သည်။

* * *

သူ့ကို အကျဥ်းချထားပြီး မကြာမီပင် ပတ္တမြားတစ်လုံး နှင့်မြေပုံစာရွက်ကို အိုကွမ်း အပိုင်စီးလိုက်သည်၊

သူ့ကိုချိန်းဆိုသော နေ့သို့ ရောက်သောအခါ အိုကွမ်း ကိုယ်တိုင်သွားလေသည်၊

နောက် ရက်ပိုင်းအတွင်းမှာပင် အကျဥ်းခန်းထဲသို့ လူ တစ်ယောက် ရောက်ရှိလာသည်၊

ထိုလူကိုတွေ့လိုက်ရသောအခါ လုံဟွာ အံ့ဩသွားလေ၏၊

'ဟင်– ကျင်းလုံ'

ထိုလူက သူ့ကိုသေသေချာချာစိုက်ကြည့်လိုက်၍ -

'ဟင်.... လုံဟွာ'

နှစ်ယောက်သား မယုံကြည်နိုင်စွာ မိမိတို့ ဖြစ်ပျက်ခဲ့သည် များကို အပြန်အလှန် ပြောဆိုနေကြသည်၊

ထိုအခါ

အိုကွမ်းသည် မြေပုံပါလာသည်ဟု ယူဆကာ ကျင်းလုံကို မေပါးနှင့်ပူးပေါင်းကာ အကောက်ကြံလိုက်ခြင်း ဖြစ်သည်၊

ကျင်းလုံသည် ဤအကြောင်းကို ကြိုတင်ရိပ်မိသောကြောင့် မြေပုံကို ယူမသွားဘဲ အဖမ်းဆီးခံခဲ့သည်၊

ထိုသို့စခန်းထိ ဖမ်းဆီးခဲ့သည်မှာ သူ၌အကြံအစည်ရှိ၏၊ မေပါးမှာ ကျင်းလုံကို တစ်ဖက်သတ်ကြိုက်ခဲ့သည်၊

*



သူက သူမကို ဥပေက္ခာပြုသောအခါ ရှက်ရှက်နှင့်အငြိုး ထားလေသည်၊

ကျင်းလုံကို အိုကွမ်းက ဖမ်းချုပ်မိသောအခါ သူမတွင် ရှိသော မြေပုံတစ်ပိုင်းနှင့် ကျင်းလုံကိုလဲကာ နှင်းဆီဂိုဏ်းသို့ ခေါ်ဆောင်သွားလေသည်၊

ထို့ကြောင့်

ကျင်းလုံမှာ အကျဥ်းသားဘဝနှင့် ဝေဝါထဲတွင် နေရလေတော့သည်၊

* * *

လုံဟွာ၏ ရှည်လျားသော သူ့အကြောင်းနှင့် ကျင်းလုံ အကြောင်းတို့ကို တခမ်းတနား ထောင်ပြီးသောအခါ ကျင်းလီသည် ရင်မောစွာ သက်ပြင်းရှည် ချလိုက်သည်။

ထို့နောက်....

လှိုက်လှဲသောအသံဖြင့် မေးလိုက်သည်။

'ဒါဆိုရင် ကျွန်တော့်ဖေဖေ့နဲ့ဟာ မေဝါးရဲ့အကျဉ်းစခန်း ထဲမှာ သေချာပေါက်ရှိနေပြီပေါ့နော် ဦးလေး'

'သေချာပါတယ် ကျင်းလီ၊ မေဝါးဟာ မင်းဖေဖေ ကို ဘယ်တော့မှ သတ်မှာမဟုတ်ဘူး၊ အခုလိုပဲ၊ မိန်းကလေးဟာ အချစ်ကြီးရင် အငြိုးကြီးတယ်၊ သိပ် ကြောက်စရာကောင်းတယ်'

သူ ဘာမှ ဆက်မပြောတော့ဘဲ ထိုင်ရာမှထကာ ဝရန်တာ ဆီသို့ ထွက်လာကြပြီး စံအိမ်ရှေ့ ကွင်းပြင်ကြီးကို ကြည့်နေ မိသည်။

ဂိုဏ်းသားတို့သာ ပျော်ရွှင်တက်ကြွနေသည်။

ကျင်းကျင်းက အေး၍ လာရောက်ဖျောင်းဖျနေသည်။

'နှင်းဆီအဖွဲ့မှာ အစ်ကို့ဖေဖေရှိတာ သေချာပါတယ် နှင်းဆီအဖွဲ့ကိုပါ ဖြိုခွင်းပစ်လိုက်ရင် အေးတာပဲအစ်ကို'

ကျင်းလီက သူမကို တစ်ချက်ကြည့်လိုက်သည်။

သူမက ဆက်ပြောလိုက်သည်။



'နှင်းဆီမယ်မေဝါးဟာ အစ်ကိုနဲ့ ဟိုတုန်းက ပညာ သင်ဖက်ဖြစ်ခဲ့ဖူးပေမယ့် အခုသူဟာ ဒုစရိုက်တစ်ဦးဖြစ်နေပြီ ညှာစရာ မလိုတော့ပါဘူး'

သူ ခေါင်းညိတ်လိုက်သည်။

'ညီမပြောတာမှန်တယ်၊ အစ်ကိုကလဲ သူ့ကိုမိတ်ဆွေ မဟုတ်တော့ဘူးလို့ အသိပေးပြီးသားပါ'

'အဲဒီနောက်ပိုင်း သူနဲ့အစ်ကို ဆုံသေးလား'

'မဆုံဖြစ်လိုက်ဘူး၊ သူ့အဖွဲ့သားနဲ့ အစ်ကိုအဖွဲ့သားတွေ တွေ့တိုင်း သူတို့အထိနာကြတော့ အစ်ကိုမေ့မှာ မုန်းတီးနေမှာပေါ့'

ကျနးလီနှင့်ကျင်းကျင်းတို့ စကားပြောနေစဉ် ရှမ်းစု ရောက်ရှိလာသည်။

'အခုလို သတင်းကြားရတော့ လမ်းစ္ပပျောက်နေတာနဲ့ စာရင်နေရာသိထားတော့ ကျုပ်တို့ ပြင်ဆင်လို့ရတာ ပေါ့'

'ဟုတ်ပါတယ်ဗျာ'

ကျင်းလီ ခေါင်းညိတ်လိုက်သည်၊

....o....

အဖွဲ့သားအားလုံး မိမိတာဝန်ကျရာအစောင့်များက တင်းများကို ပြန်လည်တာဝန်ယူကြလို့ အိပ်သည့် လူများလည်း အိပ်နေသည်။

သို့သော်—

အထူးအစည်းအဝေး ခန်းမအတွင်း ကျောင်းလီအပါအဝင် လူငါးယောက် အိပ်မနေကြသေးပေ။

ကျေးကျင်း၊ လုချောင်ဖုံး၊ လုံဟွာနှင့်ရှမ်းစုတို့ လုံဟွာ၏ စကားကို မူတည်၍ အချက်အလက်တို့ကို အသေးစိတ်ဝေဖန်ကြသည်။

'ဦးလေးလုံဟွာ ပြောသလိုဆိုရင် အိကွမ်းဟာတစ်နှစ်လုံး ပင်လယ်ဓားပြ စွန်ရဲကျ်ခင်ဆီမှာ ရောက်နေတာပေါ့ ဟုတ်လား'

'ဟုတ်တယ်'

ကျောင်းလီ၏ အမေးစကားကို လုံဟွာခေါင်းညိတ်လိုက်၏။

ကျောင်းလီ စဉ်းစား၍

'ဒါဆိုရင် ဒီပင်လယ်ဓားပြအဖွဲ့ဟာ ရှိသေးတာပေါ့'

'ရှိတော့ရှိတယ်၊ ဘယ်အရပ်မှာ ရှိနေတယ်ဆိုတာ အတတ်မပြောနိုင်ဘူး'

သူသည် ဘဝင်မကျစွာဖြင့် ပြောလိုက်သည်။



လုချောင်ဖုံးက

'ပင်လယ်ဓားပြဆိုတဲ့ နောက်ပင်လယ်ပြင်မှာရှိမှာ သေချာတယ်'

ကျောင်းလီ ခေါင်းညိတ်လိုက်သည်။

'လုချောင်ဖုံးပြောတာ မှန်တယ်၊ ဒါပေမယ့် သူတို့ ကုန်းပေါ်တက်မလာဘူးလို့လဲ မပြောနိုင်ဘူး၊ ဘာကြောင့်လဲဆိုတော့ သူရဲ့မွေးစားတည့် အိကွမ်းရဲ့ သတင်းကို ကြားမိရင်ကြားမိမှာပဲ'

ကျောင်းလီ၏စဉ်းစားမှုက မှန်ကန်ကြောင်း အားလုံးက လက်ခံလိုက်ကြသည်။

'စွန်ရဲကျ်ဟာ အတော်အဆင့်မြင့်ပါတယ်၊ ဒါကြောင့် စွန်ရဲသခင်ကျူးရိသာကုန်းပေါ်တက်လာရင် အန္တရာယ်ကြီးမားလိမ့်မယ်၊ ကျုပ်တို့က ရန်သူကို ကြိုတင်ကာကွယ်နိုင်အောင် အစီအစဉ်လုပ်ကြရလိမ့်မယ်၊ ဒါပေမယ့် ဒါတွေဟာ လောလောဆယ် ဖြစ်လာလိမ့်မယ် မထင်ဘူး'

အားလုံးက ကျောင်းလီ၏စကားကို လက်ခံကြ၏။

ထိုညက ပင်လယ်ဓားပြများအကြောင်း တိုင်ပင်ကြရင်း အချိန်ကုန်ကြလေသည်။

ကျောင်းကျောင်းမှာ မိုးစင်စင်အောင်းမှပင် တရေးနိုးလေသည်။

* * *

## သွေးကြွေးဆပ်မည့်ဆရာ

လုံယန်မြို့၊
ရှင်ပျော်ပျော်စားသောက်ဆိုင်၊
ညနေပိုင်းအချိန်ဖြစ်၍ လူစည်ကားနေသည်၊

လူငယ်တစ်ယောက် ခမောက်ငိုက်ငိုက်ဆောင်းကာ ချောင်ကျသော စားပွဲတစ်ခုတွင်ထိုင်ရင်း စားသောက်နေလေသည်၊ ဆိုင်ထဲသို့ လူခြောက်ယောက်ခန့် ဝင်ရောက်လာ၏၊ လူငယ်က အကဲခတ်ကြည့်လိုက်ရာ ထိုလူမှာ မြင်သွားပြီး

'ဟေ့...ဘာကြည့်နေတာလဲ၊ သေသွားချင်လို့လား'

လူငယ်က

'ကျုပ် ခင်ဗျားကိုကြည့်နေတာမဟုတ်ဘူး'

ထိုလူများမှာ နှင်းဆီဂိုဏ်းသားများဖြစ်၏။



လူတကာအပေါ် ဗိုလ်ကျသော နှင်းဆီဂိုဏ်းခွဲမှူးသည် သူ့အား လူငယ်က ပြန်ပြောသောအခါ ဒေါသထွက်သွားပြီး-

'ဒီမှာ ကျုပ်က နှင်းဆီဂိုဏ်းခွဲမှူးတစ်ယောက်ပဲ'

လူငယ်က ပြုံး၍

'ခင်ဗျားဘာသာ နှင်းဆီမကလို့ ဘာဖြစ်ဖြစ် ကျုပ်က ဂရုမစိုက်ဘူး'

နှင်းဆီဂိုဏ်းခွဲမှူး ဒေါပွသွားသည်၊

'တောက်....လူပါးဝတဲ့ကောင်၊ မှတ်လောက်အောင် ဆုံးမရမယ်'

'ခွမ်း'

ပြောရင်း ဓါးမှခါးကို ဆွဲထုတ်လိုက်သည်၊

ထို့နောက်....

လူငယ်ထံသို့မ်းသွားပြီး ဓားဖြင့်ပိုင်းချလိုက်သည်၊

'ဖြောင်း'

'အား'

လူငယ်ထံမှ ပြင်းထန်သောလက်ဝါးစောင်းရိုက်ချက် လျှပ်စစ်ကဲသို့ ရောက်ရှိလာပြီး နှင်းဆီဂိုဏ်းခွဲမှူး၏ ဓားကိုင်ထားသောလက်မှာ သွင်သွင်ကျိုးသွားသည်၊

'ချင်'

ထိုခဏ လွတ်ကျသွား၏။

နှင်းဆီအဖွဲ့သား ငါးယောက် ပြေးဆင်းလာပြီး လူငယ်ကို ဝိုင်းရံတိုက်ခိုက်ကြ၏။

'လူငယ်က ရှောင်တိမ်းရင်း လက်ကိုဝေ့ယမ်းလိုက်ရာ နှင်းဆီအဖွဲ့သား သုံးယောက် မြေပေါ်လဲကျသွား၏။

'ဝုန်း'
'အား'
'အမယ်လေး'

ကျန်သုံးယောက် နောက်တွန့်နေ၏။

သို့သော်

အရှုံး ကွဲသည့်အတူတူ မထူးပြီဟု သဘောပိုက်ကာ ဓါးဖြင့် ပိုင်းချလိုက်ကြသည်။

လူငယ်က လက်ကို အဆက်မပြတ်ဝေ့ယမ်းလိုက်ရာ

'ဝုန်း'
'အား'
အမယ်လေး'
သေပါပြီဗျ'

နှင်းဆီအဖွဲ့သားများ ကြမ်းပြင်ပေါ်လဲကျသွား၏။



ထိုစဉ်မှာပင်

စားသောက်ဆိုင်အပေါ်ထပ်လှေကားမှ လူထွားကြီး နှစ်ယောက် ဆင်းလာသည်ကို တွေ့လိုက်ရသည်။

လူထွားကြီးတစ်ယောက်က

'ဟော - အောက်ထပ်ကရန်ဖြစ်တာ ကျုပ်တို့အပေါ်မှာ အချက်သောက်ရတာ ဇိမ်ပျက်တယ်ဆိုတာ နားမလည်ဘူးလား'

ကျန်လူထွားကြီးက ဆိုင်ထဲဝေ့ကြည့်လိုက်ပြီး

'နေပါဦး၊ စောစောက စွန်ရဲအဖွဲ့ပြိုကွဲသွားပြီလို့ ဘယ်သူ ပြောလိုက်တာလဲ'

'ကျုပ်ပြောတာပဲ'

သုံးယောက်ဝိုင်းမှလူငယ်က တည်ငြိမ်စွာ ပြောလိုက်လေသည်။

လူထွားကြီး တစ်ချက်ရယ်လိုက်ပြီး

'ဒီစကားကို မင်းက ဘာဖြစ်လို့ပြောရတာလဲ'

လူငယ်က ခုံးတွန့်လိုက်၏။

'ဒါက အများသိနေတာပဲ၊ ကျောင်းလိရဲ့ နဂါးဂိုဏ်းက ဖြိုခွဲလိုက်လို့ စွန်ရဲအဖွဲ့ဟာ သိုင်းလောကမှာ မရှိတော့ဘူး'

'ဟိတ်ကောင် တိတ်စမ်း'

လူထွားကြီးက ဒေါသတကြီး အော်လိုက်သည်။

လူငယ်က သူ့ကို တစ်ချက်ကြည့်လိုက်ပြီးနောက်....

'ဒီမှာ ကျုပ်ကို အမိန့်မပေးနဲ့ ကျုပ်ကို အမိန့်ပေးရဲတဲ့ ကျုပ်ဆရာကလွဲရင် တစ်ယောက်မှ မရှိသေးဘူး'

သူသည် ရယ်စရာပြတ်လုံးတစ်ခုကို ကြားလိုက်ရသလို တဟားဟား ရယ်မောလိုက်ပြီး

သည်မှာ စွန်ရဲအဖွဲ့ မရှိတော့ပေမယ့် စွန်ရဲသခင်ကျူး ရှိ ရှိသေးတယ်ကွ၊

လူငယ် ခေါင်းခါလိုက်သည်။

'ကျုပ်က ဒါတွေကို စိတ်မဝင်စားဘူး'

သူက

'မင်းမသိရင် ငါပြောမယ် စွန်ရဲသခင်ဆိုတာ အင်မတန် အစွမ်းထက်လဲ ပင်လယ်ဓားပြကြီးပဲ တို့က သူ့တပည့်တွေပဲ'

'ဟား ဟား ဟား'

သူ၏စကားကြားရသောအခါ လူငယ်အားပါးတရ ရယ်မောလိုက်သည်။

ထိုနောက်



'သြော် ခင်ဗျားတို့က ပင်လယ်ဓားပြတွေကို ပင်လယ်ထဲ ဓားပြတိုက်၊ ဒီမှာမတိုက်နဲ့ဗျ၊ ဒီကခရီးသည်တွေအတွက် ချန်ထားပါဦး'

သူ ဒေါပွသွားသည်။

'ဟေ့ကောင် မင်းငါတို့ကို ဘာလျှောက်ပြောတာလဲ သေချင်လို့လား'

လူငယ်က

'ခင်ဗျားပြောတာတွေက ရယ်စရာမကောင်းဘူးလား၊ ကျုပ်က စွန်ရဲကိုဖော်ပြီကွဲကြောင်း ပြောတယ်၊ ခင်ဗျားက စွန်ရဲသခင်အကြောင်း လာကြွားနေတယ်၊ ဘာဘာဆိုင်လို့လဲ'

သူက....

'ဟေ့ကောင်ဆိုင်တယ်ကွ၊ စွန်ရဲအဖွဲ့ချုပ်အိကုမ်းဟာ ဓားပြခေါင်းဆောင် ကျူးရဲ့မွေးစားတပည့်ကွ'

လူငယ် ခေါင်းတဆတ်ဆတ်ညိတ်လိုက်သည်။

'ဟုတ်လား'

'အခုကျင်းလီက အိကုမ်းကို ချေဖျက်လိုက်တဲ့အတွက် သူ့ဆရာက ကျင်းလီရဲ့နဂါးအဖွဲ့ကို ရန်သူလို့ သတ်မှတ်လိုက်ပြီ'

'သတ်မှတ်လဲ သွားတိုက်လေ့ဗျာ'

လူငယ်က ဘုဆတ်ဆတ်ပင် ပြောလိုက်သည်။

'အေး တို့မတိုက်မီ မင်းကိုရှင်းပစ်ရမယ်'

လူငယ်က

'ဒါကတော့ ခင်ဗျားတို့ ဆန္ဒအတိုင်းပဲပေါ့'

လူငယ်က ပြောပြောဆိုဆို ပြတင်းပေါက်မှ အပြင်သို့ ခုန်ထွက်သွားလေသည်။

လူထွားကြီးနှစ်ယောက် ထပ်ကြပ်မကွာ လိုက်သွားသည်။ ဆိုင်ထဲ၌ စားသောက်နေသောလူများသည် တိုက်ပွဲကိုစိတ်ဝင်စားစွာ ကြည့်နေကြလေသည်။

လူငယ်သည် မျက်နှာချင်းဆိုင်၌ လာရင်သော လူထွားကြီးကို စိမ်ခေါ်လိုက်သည်။

'ကဲ ကျုပ်ကို ဆုံးမနိုင်ပါပြီ'

သူ ဒေါပွသွားကာ ခါးထောက်ကြီးနှစ်လက်ကိုထုတ်ယူလိုက်သည်။

ထို့နောက်....

ဒေါသတကြီးဖြင့် တိုက်ခိုက်လိုက်သည်။

'ဝှီ ဝှီ'



ကျယ်လောင်သော လေတိုးသံများ ကျယ်လောင်စွာထွက်ပေါ်လာသည်။

တစ်ကြိမ်တွင် လူထွားကြီးခါးကို လူငယ် ဖျတ်ခနဲ လုယူလိုက်သည်။

'ဟင်'

'ဟာ'

အားလုံးအံ့သြသွား၏။

လူငယ်က မျက်နှာတည်တည်ဖြင့် သူ့ကိုပြောလိုက်သည်။

'သည်တစ်ခါ ကျုပ်မညှာတော့ဘူး'

'တောက် လူပါးဝလို့'

သူ ဒေါသတကြီးဖြင့် ဓားကိုအဆက်မပြတ်ဝှေ့ယမ်းကာ လူငယ်ကို ပြင်းထန်စွာ တိုက်ခိုက်လိုက်သည်။

'ဝှစ်–ဝှစ်–ဝှစ်'

လူငယ်က ဓားချက်များကို လွှယ်ကူစွာ ရှောင်တိမ်းရင်း လက်ဝါးဖြင့် ရိုက်ချလေသည်။

'ဝုန်း'

'အား'

သူ ဖင်ထိုင်ကျသွားသည်။

လူငယ်က လဲကျနေသော သူ့ထံ လျှောက်သွားသည်။

သူက လူငယ်အား မယုံကြည်နိုင်သော မျက်လုံးများဖြင့် ကြည့်နေလေသည်၊

လူငယ်က

'မင်းတို့ခေါ်ပြ သူခိုးတွေပညာနဲ့ ကျောင်းလိုက်ကို ယှဉ်လို့ မရဘူးမှတ်၊ မင်းတ်ဆရာကို ပြောလိုက် ကျောင်းလိ စောင့်ကြိုနေပါတယ်လို့'

သူက မဲ့ပြုံးပြုံး၍

'ဟွန်း မင်းက စွန်ရဲအဖွဲ့မှာ ဘယ်အဆင့်ရှိလို့ ဒီလို စကားမျိုးပြောရတာလဲ'

လူငယ်က ပြုံး၍

'ကျုပ်က ကျောင်းလိပဲ'

ထိုစကားကိုပြောပြီး လူငယ်တ လှစ်ခနဲ ပျောက်၍သွားသည်၊

ကြည့်နေကြသူချားသည် ကျောင်းလိကို တွေ့သော်သည်၊ သူမှန်းမသိလိုက်ရ၍ တက်တစ်ခေါက်စခေါက် ကျန်ရစ်ခဲ့သည်၊

သူသည် သိုင်းလောက အခြေအနေ သိချင်၍ ခရီးသွားဟန်လွှဲကာ စားသောက်နေတုန်း ထိုသို့ဖြစ်သွားခြင်း ဖြစ်သည်၊

* * *

နှင်းဆီဂိုဏ်း၏ကျဆုံးခန်း

ကျောင်းလိ အိမ်သို့ပြန်ရောက်လာသောအခါ ဂိုဏ်းခွဲမှူးများ လက်ထောက် ဂိုဏ်းခွဲမှူးများနှင့် ရှမ်းစု၊ လုံမိ၊ လုရှောင်ဖုံး၊ ကျောင်းကျောင်းနှင့် လုံဟွာတို့အားခေါ်လိုက်၏၊

စားသောက်ဆိုင်၌ ကြုံတွေ့ရသော အဖြစ်အပျက်တို့ကို ပြောပြလိုက်သည်၊

'ကျုပ် နှင်းဆီအဖွဲ့ကိုမဖြိုခွဲခင် စွန်ရဲသခင် ဝင်ရောက်နှောက်ယှက်မှာစိုးလို့ပါ'

ကျောင်းလိက အကြောင်းစုံရှင်းပြပြီးနောက် အကြံဉာဏ်တောင်းလိုက်၏၊

အစည်းအဝေးခန်းမ တစ်ခုလုံးမှာ တိတ်ဆိတ်ငြိမ်သက်နေလေသည်၊

အတန်ကြာမှ ရှမ်းစုက

'ကျုပ်အမြင်ပြောရရင်တော့ နှင်းဆီအဖွဲ့ကို ဖြိုခွင်းပြီး ဆရာကျင်းလုံကို ကယ်ဆုတ်ဖို့ကိစ္စကို အချင်လုပ်ရလိမ့်မယ်၊ အခုညတွင်းချင်းပဲ စီစဉ်ချင်တယ်သခင်လေး'

ကျင်းလီက အားတုံ့အားနာဖြင့်

'ကျုပ်သူတွေကို အပန်းမှပြေရဲ့လားလို့ ကျုပ်ဆန္ဒအတိုင်းဆိုရင် စွန်ရဲအဖွဲ့ကို ဖြိုခွင်းပြီးတဲ့ညကပဲ တဆက်တည်းတိုက်ချင်တာ'

ရှမ်းစုက လက်ကာပြလိုက်ပြီး

'ရပါတယ်သခင်လေး၊ ကျွန်တော်တို့အားလုံး အဆင်သင့် ဖြစ်နေကြပါပြီမဟုတ်လား'

'ဟုတ်ပါတယ်...ဟုတ်ပါတယ်'

ရှမ်းစုက အဆင်သင့်ဖြစ်ကြောင်း ပြောလိုက်သည်၊

အဖွဲ့သားများကလည်း ထောက်ခံလိုက်သည်၊

အဖွဲ့သားများ စိတ်အားထက်သန်နေသည်ကို တွေ့ရသောအခါ ကျင်းလီ မျက်နှာပြုံးယောင်သန်းသွား၏၊

'ဒါဆိုရင် ဦးလေးလုံးပိပဲဦးဆောင်ပြီး လက်ရွေးစင်သိုင်းသမားသုံးဆယ်၊ ဂိုဏ်းခွဲမှူးလေးယောက်၊ လက်



ထောက်ဂိုဏ်းခွဲမှူး နှစ်ဆယ့်ငါးယောက် နောက်ပြီး ကျုပ်တို့လေးယောက်နဲ့ဆို လုံလောက်ပါပြီ'

'ငါတော့ မပါဘူးလားကွ'

လုံဟွာက အရောတကြီးမေးလိုက်ရာ

'ဦးလေးက အင်အားဖြည့်ပြီး စံအိမ်ကို စောင့်ရှောက်ရစ်ပါ၊ နောက်ဆိုရင် ဦးလေးလိုက်ရတော့မှာပါ'

လုံဟွာကို လူရှေ့ပိုဖုံးကာကြည့်ရင်း ရယ်နေလေသည်၊

ကျင်းလီ အမျိုးမျိုး ဖျောင့်ဖျပြောဆိုမှ လုံဟွာ စိတ်လျှော့လိုက်လေသည်၊

'ငါမလိုက်ရပေမယ့် ငါသိတာတွေတော့ မင်းသိအောင် ပြောပြလိုက်မယ်'

ကျင်းလီ ခေါင်းညိတ်လိုက်သည်၊

'ဟုတ်ကဲ့ဦးလေး'

လုံဟွာက

'မေဝါးဟာ မိန်းမသားပီပီ "အကောက်ဉာဏ်များတယ်၊ သူ ရဲ့နှင်းဆီစံအိမ်ဟာ လျှို့ဝှက်ချက်တွေ အများကြီးရှိတယ်၊ နှင်းဆီစံအိမ်ရဲ့နောက်ကျော တောအုပ်ကြီးအောက်မှာ ချောင်းတစ်ခုရှိတယ်၊ အဲဒီချောင်းမှာ မေဝါးရဲ့ ဇိမ်ခံသင်္ဘောတစ်စင်းရှိတယ်၊ ဒါဟာ

အကြောင်းမဲ့ထားဘာမဖျောက်ဘူး၊ ဒီတောမှာ ချောင်းတွေက အများကြီး ဆူဟာ ရေကြောင်းချောမ်းကျင်တဲ့သတောပဲ....

'ပထမတောင်ကုန်း ကွင်းပြင်ကျယ်ကြီးကိုရောက်မယ်၊ အဲဒီကကျော်ရင် တောနက်ကြီးထဲပဲ၊ တောနက်ကြီးထဲမှာ သူ့စံအိမ်ရှိတယ်၊ တောတစ်ခွင့်လုံးဟာ သူ့အပိုင်ပဲ၊ ဘာဖြစ်လို့လဲဆိုတော့ တောနက်ကြီးရဲ့ တစ်ဖက်တစ်ချက်ဟာ မြက်ခင်းကြီးတွေပဲရှိနေလို့ပေါ့'

လုံဟ္မာက နှင်းဆီစံအိမ်၏ တည်နေရာကို အတိအကျပြောပြလိုက်ရာ ကျင်းလီနှင့်ရှမ်းစုက အသေအချာ မှတ်ထားလိုက်သည်။

သို့ဖြင့်

ကျင်းလီသည် နဂါးအဖွဲ့သားများ ခရီးထွက်ရေးစီစဉ်ကို နေသူ လုံပီအား စောင့်ဆိုင်းနေလေသည်။

မကြာမီ

လုံပီ ရောက်ရှိလာသည်။

ထို့နေစဉ်

လက်နှစ်ဖက်ဆုပ်၍ ဦးညွှတ်လိုက်ပြီး



'ဂိုဏ်းချုပ်ကြီးခင်ဗျား၊ ခရီးထွက်ဖို့ အဆင်သင့် ဖြစ်နေပါပြီ'

ကျင်းလီသည် စံအိမ်ရှေ့သို့လှမ်းသွားလိုက်ရာ မြင်းများ အသီးသီးပြင်ထားသည်ကို တွေ့လိုက်ရလေသည်။

....o....

ကျွင်းလီတို့လူစု စံအိမ်မှ စတင်ထွက်ခွာချိန်သည် ညဉ့်ဦး ပိုင်းအချိန်ဖြစ်သည်။

နှင်းဆီအဖွဲ့ကိုမလေးမီ နှစ်ရက်သုံးရက် အလိုကတည်းက အဖွဲ့သားများ ဂိုဏ်းခွဲမှုကြီးများနှင့် အသေးစိတ် အကွက်ချ ပြီးသားဖြစ်၍ အားလုံးပင် အထစ်အငေါ့မရှိ သွားလာနေ ကြသည်။

မြင်းကို အုပ်စုလေးစုခွဲ၍ ဒုန်းစိုင်းနှင်သွားကြ၏။

လီမေမ်းနှင့်လုံပိဦးစီးသောအဖွဲ့၊ ဝမ်ဟန် ရှောင်စွမ်တို့ဦးစီး သော အဖွဲ့သုံးဖွဲ့နှင့် ကျွင်းလီဦးဆောင်သော အဖွဲ့လေးဖွဲ့ဖြစ် သည်။

မြင်းအုပ်ကြီး လေးအုပ်စုစုသည် လမ်းတစ်လျှောက် မရပ် မနား စိုင်းနှင်နေကြသည်။

'ခွပ်ခွပ်....ခွပ်ခွပ်'
'ခွပ်ခွပ်....ခွပ်ခွပ်'

မြို့ပြင်သို့ရောက်သည်နှင့် တောအုပ်ကိုတွေ့ရ၏။

ဝါးတောအုပ်ဖြစ်ပြီး ရှင်းလင်းနေသည်။

တောအစပ်တွင် မြင်းစိုင်းတော့လမ်းကြီးက ဖုံးနေလေ သည်။

ထိုလမ်းမကြီးအတိုင်း ကျွင်းလီတို့ မြင်းအုပ်စုလေးစု ဝင် လာခဲ့ကြလေသည်။



တောတစ်လျှောက်သည် တောင်တက်လမ်းပင် ဖြစ်သည်။

သို့သော်

တောင်ကုန်းလွန်သောအခါ မြက်ခင်းစိမ်းကွင်းပြင်ကြီးကို တွေ့ရသည်။

မြင်းထဲကျော်ပြေးသောက်တွင် ထူထပ်သော တောအုပ် ကြီးက အုပ်ဆိုင်းနေသည်။

ထိုတောအုပ်အလယ်တွင် နှင်းဆီစံအိမ်ရှိလေ၏။

တောအုပ်တည့်တည့်သို့ ကျွင်းလီတို့အုပ်စု သွားကြလေ သည်။

လမ်းသွယ်သုံးခုမှ ကျန်မြင်းအုပ်စုများ ထွက်သွားကြလေ သည်။

'ရှူး'

'ဖောင်း'

ကျွင်းလီတို့ မြင်းလှေးစီး တောစပ်သို့ ရောက်သည်နှင့် မီး ကျည်ပစ်လွှတ်အချက်ပေးလိုက်သည်ကို တွေ့လိုက်ရသည်။

မီးကျည်များ အဆက်မပြတ် ပစ်လွှတ်လိုက်သောကြောင့် လွင်ပြင်ကျယ်ကြီးမှာ လင်းလင်းချင်းချင်းဖြစ်လေတည်။

'ခွပ်....ခွပ်....ခွပ်....ခွပ်'

'ခွပ်....ခွပ်....ခွပ်....ခွပ်'

ကျွင်းလိတို့ မြင်းလေးစီးသည် တောစပ်အတွင်းသို့ ဝင်ထိုးဖောက်ဝင်ရောက်လာကြသည်။

သူတို့အားလုံး၏ ရည်ရွယ်ချက်သည် တောအုပ်အလယ်ရှိ စံအိမ်ဆီသို့ အရောက်သွားရန်ပင် ဖြစ်သည်။

'ဒေါင် ဒေါင် ဒေါင်'

'ဒေါင် ဒေါင် ဒေါင်'

အချက်ပေးခေါင်းလောင်းသံတို့ ကျယ်လောင်စွာထွက်ပေါ်လာသည်။

နှင်းဆီအဖွဲ့သားတို့သည် လင့်စင်ပေါ်မှ ဆင်းလာကာတိုက်ခိုက်ကြသည်။

'ထန် ထန် ထန်'

'ချွင် ချွင် ချွင်'

တောအုပ်အတွင်းသို့ အရင်ဆုံးရောက်နှင့်နေသည့် လုံပိတို့၏ အုပ်စုနှင့်အရင်ဆုံးပင် တိုက်ပွဲပြင်းထန်စွာ ဖြစ်လေတော့၏။

ချက်ချင်းပင် ဓားချင်းတခတ်သံများ၊ အော်ဟစ်သံများ ဆူညံစွာ ထွက်ပေါ်လာသည်။



'ယား'

'ထန်'

နဂါးအဖွဲ့၏ တိုက်စစ်ကို နှင်းဆီအဖွဲ့သားများ အလူးအလှိမ့်ခံနေကြရသည်။

'ဝုန်း'
'အား'
'အမယ်လေး'
'သေပါပြီဗျ'

လုံပိ၏လက်ချက်ကြောင့် နှင်းဆီအဖွဲ့သားတို့ ကျဆုံးကုန်လေသည်။

ထို့အတူပင်

ညာဘက်နှင့်အလယ်ဗဟိုတွင် ဝမ်းဟုန်နှင့် လီဝမ်တို့အဖွဲ့သည် တောနက်ထဲသို့ ဝင်ရောက်ထိုးဖောက်နေသည်။

'ဝုန်း'
'အား'
'အမယ်လေး'
'သေပါပြီဗျ'

ဝမ်းဟုန်နှင့် လီဝမ်လက်ချက်ကြောင့် နှင်းဆီအဖွဲ့သားတို့ တော်တော်များများ၊ ကျဆုံးကုန်သည်။

အဆက်မပြတ် ဝေ့ယမ်းတိုက်ခိုက်သော မိုးကြိုးဓားဝမ်း ဟုန်လက်ချက်ကြောင့် နှင်းဆီအဖွဲ့သားများ အတုန်းအရုန်း ကျဆုံးကုန်သည်။

'အင့်'
'အဇွး'
'အမယ်လေး'

လက်ထောက်ကိုဏ်းမှူး ဓားချက်များ၌လည်း ရန်သူများ အတုန်းအရုန်းကျဆုံးကုန်သည်။

နှင်းဆီ အဖွဲ့သားများမှာ လူအင်အား များသော်လည်း သိုင်းပညာ ညံ့ဖျင်းကြသည်။

ထို့ကြောင့်

ကျင်းလီတို့ အသာစီး ရရှိနေလေသည်။

နေဇက်ကျောဘက်ဆီမှ ရှောင်စွမ်း၏ ဦးဆောင်သော မြင်းသည်တော်များ တောအဝင်သို့ရောက်သည်နှင့် မြင်းထန် စွာ တိုက်ခိုက်လိုက်ကြသည်။

'ဝုန်း'
'အား'
'အမယ်လေး'
'သေပါပြီဗျ'



နှင်းဆီအဖွဲ့သားများ တဖြည်းဖြည်း အကျအဆုံးများလာသည်။

'ထန် ထန် ထန်'

'ဝုန်း'

'အား'

ကျင်းလီတို့ အဖွဲ့လေးဖွဲ့နှင့် နှင်းဆီအဖွဲ့သားများတာ တိုက်ခိုက်ရင်း မေဝါး၏ စံအိမ်ကို ဝန်းရံမိလာသည်။

ကျင်းလီ လုရှောင်ဖူး ကျင်းကျင်းနှင့်ရှမ်းစုတို့သည် မြင်းကိုမရပဲဘဲ ဆက်တိုက်ပင် စိုင်းနှင်လာသည်။

ဘေးနှစ်ဖက်ဝဲယာမှ ဝင်ရောက် တိုက်ခိုက်လာသူများကို အလွတ်မပေးဘဲ တိုက်ခိုက်သွားသည်။

'ဝှီး'
'အား'
'အွန့်'
'အမယ်လေး'

ကျင်းလီတို့က လှမ်းတစ်လျှောက် တွေ့ရသော နှင်းဆီအဖွဲ့ သားများအား ဓားကိုအဆက်မပြတ် ဝေ့ယမ်းကာ တိုက်ခိုက် သွားကြလေသည်။

'ဝုန်း'
'အား'
အမယ်လေး'
'သေပါပြီတျ'

ကျင်းလီ၏ ဓားချက်ကြောင့် နှင်းဆီအဖွဲ့သားများ တစ်ယောက်ပြီးတစ်ယောက် ကျဆုံးနေလေသည်။

ထွက်ပြေးသူများကို လုရှောင်ဖုံးကလက်နက်ပုန်းများဖြင့် ပစ်ခတ်လိုက်သည်။

'ဗွစ် ဗွိစ် ဗွစ်'
'အား'
'အွန်'

နှင်းဆီအဖွဲ့သားတို့ မထွက်ပြေးနိုင်တော့ဘဲ တစ်ယောက်ပြီးတစ်ယောက် လဲကျသွားသည်။

အရိပ်ဓားသံများ ပျောက်ပြီး နှင်းဆီ အဖွဲ့သားတို့၏ အော်ဟစ်ညည်းတွားသံများသာ တစ်တောလုံး ဖုံးလွှမ်းနေတော့သည်။

• • •



ကျင်းလီတို့လေးယောက်သည် တောလယ်ခေါင်ရှိ နှင်းဆီစံအိမ်ကြီးဆီသို့ ရောက်ရှိလာကြသည်။

ထိုအိမ်ကြီးသည် တောအလယ်ခေါင်တွင် ပြောင်ချော ချော တလင်းကျယ်ကြီးအတွင်း စက်ဝိုင်းသဏ္ဌာန် ဆောက်လုပ်ထားသည်။

တည်ဆောက်ပုံမှာ ပညာသားပါလှ၍ ရေ့မျက်နှာစာကိုပင် ရှာဖွေရခက်နေသည်။

သို့သော်....

စံအိမ်၏ မီးအလင်းရှိရာသို့လျှောက်လှမ်းလာခဲ့သည်။

မီးရောင်လင်းနေသော အဆောင်သည် အဝင်ပေါက်ရှိသောအဆောင်ဖြစ်နေပြီး အခင်တံခါးဝ၌ အစောင့်ဟူ၍ လုံးဝမရှိဘဲ တံခါးပွင့်နေသည်ကို တွေ့လိုက်ရသည်။

ကျင်းလီသည် ထိုထူးခြားချက်ကို သတိထားမိကာ သူ၏လူများအား အရမ်းမတက်ရန် လက်ကာ၍တားဆီးလိုက်ပြီး သူကိုယ်တိုင် အပေါက်ဝမှလှမ်းဝင်လိုက်၏။

'ဝေါ'

'ဂျိမ်း'

ကျင်းလီ ခြေလှမ်းလှမ်းလိုက်သည်နှင့်—

ဘေးနှင့်ဖက်မှတံခါးရွက်ကြီးနှစ်ရွက်သည် ကျယ်လောင်စွာမြည်ဟီးပြီး ဝေါခနဲပိတ်ရာ သူသည် အလယ်တွင် ညှပ်နေသည်။

သူသည် တံခါးနှစ်ရွက်ကို အတွင်းအားသုံး၍ ဆောင့်တွန်းလိုက်ရာ ဂျိမ်းဟူသောမြည်သံကြီး ထွက်ပေါ်လာပြီး နောက်သို့ပြန်ဝင်သွားလေသည်။

စက်မောင်း တပ်ဆင်ထားသောတံခါးမှာ ပျက်စီးသွားသည်။

ထိုအခါကျမှ

နောက်မှလိုက်လာသူသုံးယောက်ကို ခေါ်လိုက်သည်။

တံခါးဖမှဝင်စေါက်သည် အောက်သို့ဆင်းသောလှေကားဖြစ်သည်။

လှေကားလမ်းအတိုင်း လေးယောက်စလုံး ရင်ဘောင်တန်း၍လျှောက်လာခဲ့ရာ ခုနစ်လှမ်းမြောက်သော လှေကားထစ်သည် အဆုံးဖြစ်သည်။

အဆုံးလှေကားထစ်ကို နင်းမိသည်နှင့် လှေကားတစ်ခုလုံး အောက်သို့နိမ့်ဆင်းသွားသည်။

'ဝုန်း'



နိမ့်ဆင်းသွားသော လှေကားဟောင်းလောင်းပေါက်မှာ မည်မျှနက်ရှိုင်းသည်ကို ဘာထက်သို့ခုန်တက်ရန် လှမ်းအကြည့်တွင်မြင်နိုင်သည်။

'ဝုန်း'

သူတို့လေးယောက် နံရံတစ်ဖက်စီ၌ နှစ်ယောက်စီကပ်၍ ပြန်ကျလာသည်။

'ခစ် ခစ်'

မီးများလင်းထိန်နေသောခန်းမဆောင်ထဲမှ အမျိုးသမီးတစ်ဦး၏ရယ်သံ ကြားလိုက်ရသည်။

သူက လှမ်းကြည့်လိုက်ရာ နံဘေးခုံအမြင့်တစ်ခုစီပေါ်တွင် ပြုံးရယ်ကာ သူ့အားစိုက်ကြည့်နေသည့် နှင်းဆီခေါင်းဆောင်မေဝါးအား မြင်လိုက်ရသည်။

သူမရပ်နေသည်မှာ ခန်းမဆောင်ကြီး အတွင်းပိုင်းဖြစ်ပြီး ကျင်းလီတို့ရပ်နေသည်ကခန်းမဆောင်ကြီး အလယ်တည့်တည့်တွင် ကျရောက်နေသည်။

မေဝါး၏ တစ်ဖက်တစ်ချက်၌ နှင်းဆီအဖွဲ့သား ငါးဆယ်ခန့်ရှိသည်။

သူမ၏ဘေးနားတွင် အထိန်းမလေးက ရပ်နေသည်။

'ကျင်းလီ မင်းရောက်လာပြီး မင်းကို မမပြောစရာ အများကြီးရှိတယ်'

သူက မှုန်းတီးစွာဖြင့်

'ဒီမှာမေဝါး ကျုပ်ကို မောင်လေးလို့ မခေါ်နဲ့၊ ကျုပ်တလဲ ခင်ဗျားကို မမလို့မခေါ်နိုင်ဘူး၊ ခင်ဗျားကို ကျုပ်ကမိတ်ဆွေစာရင်းက ပယ်လိုက်ပြီ'

'ခစ် ခစ်'

သူ၏စကားကြောင့် မေဝါး သဘောကျစွာ ရယ်မောလိုက်သည်။

'ကောင်းပြီလေ၊ မင်းပြောတာ ဟုတ်ပါတယ်၊ မင်းဟာ ငါ့ရဲ့နံပါတ်တစ်ရန်သူ ဖြစ်နေပြီ၊ ဘာကြောင့်လဲသိလား၊ မင်းကြောင့် ငါ့အဖွဲ့သားတွေ အများကြီး ကျဆုံးခဲ့တယ်၊ မင်းလက်ချက်လို့ ပါတယ်လေ'

ကျင်းလီ ပခုံးတွန့်လိုက်ပြီး

'ဟုတ်တယ်၊ ကျုပ်က ဒုစရိုက်သမားတွေကို နှိမ်နင်းတဲ့လူ ခင်ဗျားအဖွဲ့သားတွေက လူဆိုးစေးပြတွေ'

'တော်စမ်း'



ကျင်းလီ၏စကားကြောင့် မေဝါး ဒေါသထွက်သွားလေသည်။

ထို့နောက်

မျက်နှာထားတည်တည်ဖြင့်

'အခု မင်း ဒီရောက်အောင်လာခဲ့တာ ငါ့အဖွဲ့သားတွေ အားလုံးကို သုတ်သင်ခဲ့ပြီဆိုတာ ငါနားလည်တယ်'

'ဟုတ်တယ်'

'အေး....အဲ့ဒီအတွက် မင်းကို ငါခွင့်မလွှတ်နိုင်ဘူး'

'ဟား....ဟား....ဟား'

ကျင်းလီက သဘောကျစွာ ဟားတိုက်ရယ်မောလိုက်လေသည်။

'ဒီမှာမေဝါး၊ ခင်ဗျားလို ဒုစရိုက်ခေါင်းဆောင် တစ်ယောက်က လူကို ကြိမ်းလားမောင်းလားနဲ့ ကျုပ်ကတော့မှ နောက်မဆုတ်ဘူးဗျ'

မေဝါး ခေါင်းကိုယမ်းပြကာ

'မထင်ပါဘူး၊ မင်းတို့သားအဖဟာ ခေါင်းမာတယ်'

'ဟုတ်တယ်၊ ကျုပ်အဖေကို ညှဉ်းပန်းနှိပ်စက်ပြီး သတ်လိုက်တယ် မဟုတ်လား'

'အဲ...မင်း ငါ့ကိုအထင်သေးတာပဲ၊ မင်းအဖေကို ငါ မသတ်ဘူး၊ စားကောင်းသောက်ကောင်းနဲ့ ကျွေးမွေးပြီး ထားတယ်'

'မယုံဘူး'

ကျင်းလီ ခေါင်းခါလိုက်၏။

မေဝါးက ပြုံးလိုက်သည်။

'ငါ သူ့ကို ကောင်းကောင်းမွန်မွန်ထားပါတယ်၊ သူ မသေသေးပါဘူး'

ကျင်းလီ နားကြားပြင်းကပ်လာသည်။

'တောင်းပန်ပါဗျာ၊ ခင်ဗျားစကားတွေ ကြားရတာ ကျုပ်နားရှက်တယ်၊ ကျုပ်အဖေကို အခုထုတ်ပေး'

မေဝါးက

'ဒီလို အလွယ်တလေးမေးလိုက်လို့ဘယ်ဖြစ်မလဲ၊ ငါက သူ့ကို ရတနာမြေပုံနဲ့လဲထားတာကွ သိလား'

ကျင်းလီ နှာခေါင်းရှုံ့လိုက်သည်။

'ခင်ဗျားဘာသာ အရူးထပြီး အဲ့ဒီအလုပ်တွေလျှောက်လုပ်နေတာ ကျုပ်နဲ့မဆိုင်ဘူး၊ ကျုပ်အဖေကို ထုတ်



မပေးရင် ခင်ဗျားကိုသတ်ပစ်ပြီး ကျုပ်အဖေကို ထုတ်ယူရမှာပဲ'

သူ၏စကားကြောင့် မေဝါးက သရော်၍ ရယ်လိုက်လေသည်။

'ကျင်းလီ၊ မင်းအခုရောက်နေတာ ဘယ်သူ့ပိုင်နက်လဲ သိလား'

ကျင်းလီ ခေါင်းညိတ်လိုက်ပြီး

'အဲဒါကို ကျုပ်ဂရုမစိုက်ဘူး၊ ခင်ဗျားဟာ ကျုပ်လက်နဲ့ အသေရမယ်'

မေဝါးက ရယ်မောလိုက်၏။

'ဟား....ဟား....ဟား....ကျင်းလီရာ၊ မင်းကို ငါ ခွင့်မလွှတ်ဘူးလို့ ပြောထားပြီးပြီပဲ၊ မင်းဟာ ငါ့လက်နဲ့ သေရမှာ'

မေဝါးက ပြောရင်း နံရံမှခလုတ်တစ်ခုကို အမှတ်မထင် နှိပ်ချလိုက်သည်။

'ချပ်'

'ဒုန်း'

တိတ်ဆိတ်သောခန်းမကျယ်ကြီးမှာ ချပ်ခနဲ ခလုတ်နှိပ်သံ သဲ့သဲ့နှင့်တကွ အဆောက်အဦးကြီးအလယ်ပိုင်း အမိုးကြီးတစ်ခုလုံး ဝုန်းခနဲပွင့်ကျလာ၏။

'ဝှစ်....ဝှစ်....ဝှစ်....ဝှစ်'

ကျင်းလှီတို့လေးယောက် ရပ်နေရာအတည့်တည့်ပင် ဖြစ်သည်။

သို့သော်

ခလုတ်သံကြားကတည်းက ကျင်းလှီတို့ ခုန်ရှောင်ပြီးသား ဖြစ်သွားသည်။

တဆက်တည်းမှာပင်

လုရှောင်ဖုံး ကျင်းချောင်းနှင့် ရှမ်းစုတို့သည် မေဝါးဘေးရှိ နှင်းဆီသိုင်းသမားများကို ခုန်ဝင် တိုက်ခိုက်လိုက်လေသည်။

ကျင်းလီကမူ မေဝါးထံခုန်လွှားရင်း လက်ဝါးဖြင့် ရိုက်ချလိုက်သည်။

'ဝုန်း'

'အား'



ကျင်းလီ၏ လက်ဝါးရိုက်ချက်ကြောင့် အော်သံတစ်ချက် ထွက်ပေါ်လာပြီး လွင့်စဉ်သွားသည်။

ကျင်းလီ ကြည့်လိုက်သောအခါ မေဝါးမဟုတ်ဘဲ သူ၏ အထိန်းတော်မလေး ဖြစ်နေသည်ကို အံ့သြစွာတွေ့လိုက်ရလေသည်။

'ဟင်'

သူသည်အထွေအထူးစဉ်းစားမနေဘဲ နံရံကို လက်ဝါးနှင့် ရိုက်ချလိုက်သည်။

'ဝုန်း'

နံရံနှင့် တစ်ဆက်တည်းကျသော တံခါးရွက်တစ်ချပ်သည် အောက်ဘက်လွင့်စဉ်သွားပြီး လှေကားတစ်ခု ပေါ်လာလေသည်။

သူသည် လှေကားအတိုင်းပြေးဆင်းကြည့်ရာ အလွန်မှောင်သောကြောင့် အပေါ်သို့ပြန်တက်ခဲ့သည်။

'ထန်....ထန်....ထန်'

'ဝုန်း'

'အား'

'အမယ်လေး'

'သေပါပြီဗျ'

'ချွင်....ချွင်'

ခန်းမဆောင်ကြီးထဲတွင် တိုက်ပွဲက အကြီးအကျယ် ဖြစ်ပွားနေသည်။

စံအိမ်အပြင်ဘက်မှ ဝိုင်းရံရောက်ရှိလာသော နဂါးဂိုဏ်းခွဲမှူးကြီးလေးယောက်နှင့် လက်ထောက်ဂိုဏ်းခွဲမှူးများလည်း ရောက်ရှိနေကြသည်။

'ထန်း....ထန်း'

'ဝုန်း'

'အား'

'အမယ်လေး'

'သေပါပြီဗျ'

ကျင်းလီ တိုက်ပွဲကိုအကဲခတ်ကြည့်လိုက်ရာ ခန်းမဆောင်ထဲ၌ လုရှောင်ဖုံး၊တို့လက်ချက်ကြောင့် နှင်းဆီအဖွဲ့သားများ ကျဆုံးကုန်ပြီဖြစ်သည်။

လူအင်အားများပြီး လုရှောင်ဖုံးတို့ သုံးယောက်တည်းကိုပင် မယှဉ်နိုင်သော နှင်းဆီအဖွဲ့သားများ မကြာခင် ချုပ်ငြိမ်းသွားတော့မည်ဟု ကျင်းလီ ယုံကြည်မိသည်။



ထို့ကြောင့်

တိုက်ပွဲသို့ဝင်မနေတော့ဘဲ အကျဉ်းစခန်းရှိရာသို့ ပြေးလာလေသည်။

'ထန်း'

'အင်း'

'အား'

ဆူညံနေသော ခန်းမဆောင်ကြီး၏ ညာဘက်လှမ်းပေါက်မှ မြေအောက်သွား လှေခါးလမ်းကို ဆင်းလိုက်သောအခါ အကျဉ်းစခန်းကို ရောက်သွားသည်။

အကျဉ်းခန်းထဲတွင် မီးရောင်အောက်၌ကုလားထိုင်တစ်လုံးဖြင့် ကျင်းလုံထိုင်နေသည်။

'ဖေဖေ'

ရုတ်တရက် ကြားလိုက်ရသော အသံကြောင့် ကျင်းလုံ ကုလားထိုင်ပေါ်မှ ထရပ်လိုက်သည်။

'သားကျင်းလီ'

အံ့သြစွာ ခေါ်လိုက်သည်။

ကျင်းလီသည် ဓားနှစ်လက်ကို ထုတ်၍ အချုပ်ခန်းပြုလုပ်ထားသော သံတိုင်များကို ခုတ်ချလိုက်၏။

'ဖြောင်း....ဖြောင်း'

မကျီးကဲ ကျန်နေသည့် သံတိုင်များကို လက်ဖြင့်ဆွဲချိုးပစ်လိုက်သည်။

ကျင်းလုံ အပြင်သို့ ရောက်သည်နှင့် သားဖြစ်သူ ကျင်းလီအား ပွေ့ဖက်လိုက်၏။

'သား မင်းဦးဦး ထိတောင်လိုက်လာတယ်နော်'

ကျင်းလီ ခေါင်းညိတ်လိုက်ပြီး

'ဒီအကြောင်းတွေ နောက်မှပြောပါ၊ ဖေဖေ အခေါ်သွားကြစို့၊ ဖေဖေ ဘာဖြစ်သေးလဲ'

ကျင်းလုံ ခေါင်းခါယမ်းလိုက်သည်။

'ဖေဖေ ဘာမှမဖြစ်ပါဘူး'

သူတို့သားအဖ ခန်းမဆောင်ထဲသို့ ရောက်လာသောအခါ တိုက်ပွဲပြီးဆုံးနေသည်။

ကျင်းလီသည် ရှမ်းစုဘက် လှည့်လိုက်ပြီး

'ဦးလေးပဲ ဦးဆောင်ပြီး ဖေဖေ့ကို ခေါ်သွားပါ၊ ကျုပ်နဲ့အတူ ကျင်းကျင်းနဲ့ လုရှောင်ဖုံးတို့ လိုက်လာခဲ့ပါမယ်'



သူသည် ထိုသို့ပြောရင်း နံရံ၌ချိတ်ထားသော မီးတုတ်ကို ဖြုတ်ယူလိုက်သည်။

တစ်ဆက်တည်းပင်

လုရှောင်ဖုံး နှင့် ကျင်းကျင်းသည် သဘောပေါက်သွားပြီး မီးတုတ်တစ်ချောင်းစီ ဖြုတ်ယူလိုက်ကြသည်။

'ဦးလေး–စိတ်အေးအေး ထားပြီးအဖွဲ့စံအိမ်ခေါ်သွားပါ၊ ကျုပ်တို့ သုံးယောက်ကတော့ နှင်းဆီမယ်ခံမဝါးကို သုတ်သင်ပြီးမှ လိုက်ခဲ့မယ်'

ကျင်းလီသည် ထိုသို့ပြောရင်း၊ အထိန်းတော်မလေး လဲကျသေဆုံးနေသော အနီးမှ မြေအောက် ဥမင်လှိုဏ်ခေါင်းထဲသို့ ဆင်း၍ လှေခါးလှမ်းအတိုင်း ဆင်းသွားလေသည်။

သူ့နောက်မှ ကျင်းကျင်းနှင့် လုရှောင်ဖုံးတို့က လိုက်ပါလာခဲ့ကြသည်။

ရှမ်းစုသည် ကျင်းလီပြောသည့်အတိုင်း၊ ဂိုဏ်းသားများကို ပြန်လည် ထွက်ခွာရန် အမိန့်ပေးလိုက်ပြီး နှင်းဆီ စံအိမ်ကို ကျောခိုင်းလိုက်ကြသည်။

* * *

## သွေးကြွေးကလဲ့စား

ကျင်းကျင်း၊ ကျင်းလီနှင့် လုံရှောင်ဖုံးတို့ သုံးယောက်သည် မီးတုတ်ကိုယ်စီနှင့် လှေခါးမှ ဆင်းလိုက်သောအခါ လိုဏ်ဂူ လမ်းရှည်ဆီသို့ ရောက်လာကြသည်။

ကျင်းလီသည် မြေပေါ်ရောက်သည်နှင့် ပတ်ဝန်းကျင်ကို အကဲခတ်ကြည့်လိုက်သည်။

'ဟိုမှာ ချောင်းတစ်ခု'

ကျင်းကျင်းက ဘေးမှနေ၍ ညွှန်ပြလိုက်သည်။

သုံးယောက်သား ကမ်းပါးသို့ ပြေးဆင်းလာကြသည်။

ကမ်းစပ်တွင် လှေတစ်စင်းမှ မရှိချေ။

သို့သော်....



လေးပေခန့်ရှည်သော ဖျဉ်ချပ်ငါးချပ်ကို တွေ့လိုက်ရလေသည်။

ကျင်းလီသည် ဖျဉ်ပြားတစ်ချပ်ကို ရေထဲ ပစ်ချလိုက်ပြီး ကိုယ်ဖော့ပညာအား အသုံးပြု၍ ခုန်တက်လိုက်လေသည်။

ကျင်းကျင်းတို့လည်း ထိုနည်းတူ ခုန်တက်လိုက်ကြသည်။

ထို့နောက်

သူတို့သည် ရေပြင်ကို ရှပ်တိုက်၍ ပြေးလွှားလိုက်သည်။

* * *

ရောင်နီပျိုးလာသည်၊

အလင်းရောင်သန်းလာသောအခါ ချောင်းမြောင်းများကို ပို၍ ခန့်မှန်းရလွယ်ကူလာသည်။

ကျင်းလီသည် တစ်ခါက အရက်ဆိုင်တွင် အဆိပ် သခင်မကြီးအား တွေ့ခဲ့သည် ဟူသော သတင်းပေးသူ၏ ပြောပြချက်များကို ပေါင်းစပ်ရန် တောင်ခြေနှင့် နီးကပ်သည့် ချောင်းမြောင်းများကို ဦးတည်၍ သွားနေ၏။

'စွပ် စွပ်'

ရှတ်တရက…

ချောင်းစွယ်တစ်ခုမှ ရေသံ ကြားလိုက်ရသည်၊

ကျင်းလီသည် ကျင်းကျင်းတို့အား အချက်ပြလိုက်သည်၊

သူတို့နှစ်ယောက်သည် ကျင်းလီအား အမီ လိုက်လာလေသည်၊

အလင်းရောင်က ပို၍အားကောင်းလာသည်၊

မိုးစင်စင်လင်းလာသည်၊

ထို့ကြောင့်

လှူရိပ်ကို အတော်ဝေးဝေးအထိ လှမ်းမြင်နိုင်လေ၏။



အောက ထူထပ်အုပ်ဆိုင်းနေ၍ မှောင်ရိပ်ရှိခြင်းဖြစ်သည်၊

ကွင်းပြင်ကျယ်မှာဆိုလျှင် လင်းနေပေသည်။

'ဟိတ်…ချပ်လိုက်စမ်း'

ကျင်းလီ၏ တားဆီးအောဟစ်သံ ထွက်ပေါ်လာ၏။

'ဖလပ်…ဖလပ်'

အတော်လှမ်းလှမ်းမှ လှေငယ်တစ်စင်း ~လှော်ခတ်သွားသည့် လူငယ်တစ်ယောက်အား မြင်လိုက်ရသည်၊

သေသေချာချာ ကြည့်လိုက်သောအခါ မေဝါးဖြစ်နေသည်ကို တွေ့လိုက်ရသည်။

မေဝါးသည် ကျင်းလီတို့ လိုက်လာမှန်းသိသောအခါ လှေကို အားကုန်လှော်လေသည်၊

မေဝါး၏လှေသည် ချောင်းငယ်ကျဉ်းလေးကို ကွေ့ဝင်သွားလေသည်၊

ကျင်းလီသည် နောက်မှလိုက်၍ ထိုချောင်းကျဉ်းလေးကို ကွေ့ဝင်လိုက်ရာ ကုန်းပြောင်ပြောင် လှေဆိပ်တစ်ခုကို မြင်လိုက်ရသည်၊

* \+ *

ထို့ပြင်....

မေဂါး ကမ်းပေါ်တက်ကာ မလှမ်းမကမ်း၌ရှိသော အိမ်ဆောင်တစ်ခုထဲသို့ ပြေးဝင်သွားသည်ကို မြင်လိုက်ရ၏။

'ဟူး'

'ဖတ်'

ကျင်းလီသည် ပျဉ်ချပ်ပေါ် လွှစ်ခနဲခုန်တက်သွားပြီး ကမ်းပေါ် ခုန်တက်လိုက်သည်။

ကျင်းကျင်းတို့ကလည်း နောက်မှ ထပ်ကြပ်မကွာ ပါလာကြသည်။

သူတို့သုံးယောက်သည် လမ်းကလေးအတိုင်း အပြေးတက်လာခဲ့ရာ အိမ်ပေါ်သို့ရောက်သောအခါ ခြေလှမ်းတုံ့ခနဲ ရပ်သွားသည်။

'ဟီး....ဟီး....ဟီး'

အသက်ခြောက်ဆယ်ကျော်ခန့်ရှိမည် ထင်ရသော အဘွားအိုတစ်ယောက်က လမ်းပိတ်ရပ်ထားသည်။

အဘွားအို၏ရယ်သံမှာ ငှက်ဆိုးထိုးသလို ဖြစ်နေ၏။

ဝင်ရိုးနက်ရှည် ဝတ်ဆင်ထားပြီး ဆံပင်များ ဖွာလျားချထားသည်။



ပြူးကျယ်သောမျက်လုံးဖြင့် ကျင်းလီအား စိုက်ကြည့်နေသည်။

အဘွားအို၏ပုံစံမှာ စုန်းမတစ်ယောက်နှင့် တူလှပေသည်။

'မင်းဘယ်သူလဲ'

ကျင်းလီအား လက်ညှိုးထိုး၍ မေးလိုက်သည်။

'ကျုပ်နာမည်က ကျင်းလီ ခင်ဗျားကဘယ်သူလဲ၊ ဘာလို့ ကျုပ်ကိုတားရတာလဲ'

ကျင်းလီက မေးလိုက်သည်။

'ဟီး....ဟီး....ဟီး'

အဘိုးအိုက အက်ကွဲစွာရယ်မောလိုက်သည်။

'ဒါ–ငါ့ပိုင်နက်၊ ငါ့နာမည် အဆိပ်သခင် မကောက်ကျင်း'

ကျင်းကျင်းက ရှေ့သို့တိုးထွက်လာပြီး

'ဩော်....ဆုံကြရပြီပေါ့၊ ကျွန်မက တွေ့မှတွေ့ပါ့ မသွားလို့'

ကောက်ကျင်းက ကျင်းကျင်းအား လက်ညှိုးထိုးကာ....

'မင်းဘယ်သူလဲ'

ကျင်းကျင်းက ခပ်တည်တည်ဖြင့်

'ကျွန်မဟာ တောင်ကျွန်းဆရာကြီးရဲ့ မျိုးဆက်ပဲ၊ ကျွန်မရဲ့မိဘနှစ်ပါးကို လုပ်ကြံခဲ့တဲ့ရှင့်ကို သွေးကြွေးဆပ်ဖို့ လိုက်ရှာနေတာ'

ကျင်းကျင်းသည် ဒေါသထွက်လာကာ ပြောလိုက်သည်။

အဘွားအိုက

'ဩော်...မင်းက တောင်ကျွန်းသိုင်းသမားရဲ့သမီးကိုး၊ အေးပေါ့လေ မျိုးဆက်ကျန်နေသေးတော့ မျိုးပြုတ်အောင် လုပ်ပေးရမယ့်တာဝန်က ငါ့တာဝန်ပဲ'

'ဖြောင်း....ဖြောင်း'

အဘွားအို (ဝါ) တောက်ကျင်းအပြောပြီး နောက်ကျွမ်းပစ်ကာ ထွက်သွားပြီးပြီး လက်ခုပ်တီးလိုက်သည်။

လက်ခုပ်သံနှင့်အတူပင် မေပါးနှင့်လူသန်ကြီး သုံးယောက် အိမ်ဂေဟာထဲမှ ထွက်လာကြသည်။

လူသန်ကြီးသုံးယောက်မှာ အပေါ်အင်္ကျီချွတ်ထားကြလေသည်။

'ဝှီး'



မေပါးက အချက်ပေးလိုက်ရာ လူသန်ကြီးသုံးယောက်က ကျင်းလျှိတို့အား တိုက်ခိုက်လိုက်သည်။

'ဝှီး....ဝှီး....ဝှီး'

'ဟူး....ဟူး....ဟူး'

ကျင်းလီတို့သုံးယောက်စလုံးပင် အထက်သို့ ပြိုင်တူ ခုန်ရှောင်ပေးလိုက်သည်။

ကျင်းလီ မြေပေါ်သို့ပြန်အကျတွင် လက်ဝါးတစ်ချက် ရိုက်ထုတ်လိုက်သည်။

'ဝုန်း'

သူနှင့် ယှဉ်ပြိုင်တိုက်ခိုက်နေသော လူသန်ကြီးမှာ လန်ကျသွားသည်။

ထိုအခွင့်ကောင်းကိုယူ၍ ကျင်းလီက ဒေးဆွဲထုတ်ကာ ထိုးစိုက်ချလေသည်။

'အား'

အော်သံနက်ကြီးနှင့်အတူ လူသန်ကြီးမှာ လဲကျသွားလေသည်။

ကျင်းလီသည် လုရှောင်ဖုံးနှင့် ကျင်းကျင်းတို့ဘက်သို့ လှမ်းကြည့်လိုက်သည်။

ကျင်၊ကျင်းအား လူသန်ကြီး၏ခုန်အုပ်၍ တင်းပုတ်ကြီးနှင့် အထက်မှ စီးပိုး၍ထုလိုက်သည်။

'ဝုန်း'

'အား'

ကျင်းကျင်းက ညာသံပေးကာ နောက်သို့ ကျွမ်းတစ်ပတ် ပစ်လိုက်ပြီး လှမ်း၍ထိုးသွင်းလိုက်သည်၊

အရှိန်လွန်သွားသော လူသန်ကြီးမှာ ကျင်းကျင်း၏ခါးချက်ကို မရှောင်နိုင်တော့ပေ၊

'အား'

ဆူးရှစွာအော်ဟစ်ရင်း မြေပေါ်လဲကျသွား၏၊

ထိုအချိန်မှာပင်

လုရှောင်ဖိုးမှာ လဲကျသွားပြီး လူသန်ကြီးက တင်းပုတ်ကို ထုချရန် ဟန်ပြင်လိုက်သည်၊

'ဝုစ်'

ကျင်းကျင်း၏လက်တစ်ဖက် လှုပ်ရှားလိုက်၏၊

လက်နက်ပုန်းတစ်ခု ပစ်လွှင့်သွားပြီး လူသန်ကြီး၏နောက်ကျောကို စိုက်ဝင်သွားသည်၊



'အား'

လူသန်ကြီးမှာ လဲကျသေဆုံးသွား၏၊

....၀....

အဆိပ်မယ်ကောက်ကျင်းက

'ငါ့ရဲ့အားထားရတဲ့ ဘီလူးသုံးကောင်ကိုတော့ မင်းတို့က တိုက်ခိုက်နိုင်တယ်ဆိုတော့ မဆိုးဘူး၊ ဒါပေမယ့် ဒါနဲ့ ဘယ်ရမလဲ ရော့'

သူမက ကျင်းလီထံသို့ အဆိပ်အပ်များ လွှတ်လိုက်သည်၊

'ဝှစ် ဝှစ် ဝှစ်'

'ဟူး ဟူး ဟူး'

သူတို့ အဘက်သို့ လျင်မြန်စွာ ခုန်ရှောင်လိုက်သည်၊

ကျင်းလီက လက်တစ်ဖက်ဝေ့ယမ်းလိုက်ရာ အဆိပ်အပ်များ ပျောက်ကွယ်သွားသည်၊

သူသည် ကျွမ်းပစ်ရင်း မေဝါးထံ ဝင်သွားပြီး ဓားဆွဲ ထုတ်လိုက်သည်။

'ချွမ်း'

သူမသည် ကျင်းလီသူ့ရှေ့သို့ ရောက်သည်နှင့် အဆိပ်အပ် များ ပစ်လွှတ်လိုက်သည်။

ကျင်းလီကဓားဖြင့် ခုတ်ယမ်းလိုက်သည်။

'ချွင် ချွင်'

အဆိပ်အပ်များ လွင့်စင်သွားသည်။

သူမ နောက်ဆုတ်သည်။

သူက အခွင့်အရေးကို လက်လွှတ်မခံဘဲ လက်ဝါးဖြင့် ဆင့် ရိုက်ချလိုက်သည်။

သူမက အဆိပ်အပ်များကို အဆက်မပြတ် ရမ်းယမ်း၏။

'ဝှစ် ဝှစ် ဝှီစ်'

'ချွင်–ချွင်–ချွင်'

သူလည်း ဓားဖြင့် အဆက်မပြတ် ဝှေ့လိုက်ရာ အဆိပ်အပ် များ ကွယ်ပျောက်ကုန်သည်။

သူ အနားသို့ရောက်သောအခါ သူမက ဓားဆွဲထုတ်ပြီး တိုက်ခိုက်လိုက်သည်။



'ထန် ထန်'

ဓားချင်းထိတွေ့သံများ ထွက်ပေါ်လာသည်။

ကောက်ကျင်းကို လုရှောင်ဖုံးနှင့်ကျင်းကျင်းတို့ ပူးပေါင်း ၍ တိုက်ခိုက်နေကြသည်။

အဆိပ်သခင် ကောက်ကျင်းမှာ နာမည်နှင့်လိုက်အောင် အဆိပ်များကို ပစ်ခတ်လိုက်သည်။

'ဝှစ် ဝှစ် ဝှစ်'

'ထန် ထန် ထန်'

ကျင်းကျင်းနှင့်လုရှောင်ဖုံးမှာ ကောက်ကျင်းကို ဝင်ရောက် တိုက်ခိုက်ရန် အခွင့်မသာဘဲ အဆိပ်အပ်များကိုသာ ရှောင် နေရသည်။

'ယား'

'ဝှီး ဝှီး'

ကျင်းကျင်း ဒေါသလာပြီး ကောက်ကျင်းထံဝှေ့ယမ်း၍ ခုန် ဝင်လိုက်ရာ အဆိပ်အပ်များနှင့် ဆီးကြိုပစ်ခတ်လိုက်သဖြင့် ဓား ချက်သည် ကောက်ကျင်းထံမရောက်ဘဲ အဆိပ်အပ်များကိုသာ ဝေ့ယမ်းကာကွယ်လိုက်ရသည်။

ကျင်းလီနှင့်ရင်ဆိုင်နေသည့် မေဝါးသည်လည်း ပထမဦး အဆိပ်အပ်များကို အသုံးပြုတိုက်ခိုက်သော်လည်း ယခုတခါ အသုံးပြုတိုက်ခိုက်၍မရအောင် ကျင်းလီ ပြင်းပြင်းထန်ထန် တိုက်ခိုက်သည်၊

'ထန် ထန် ထန်'

'ချွင် ချွင် ချွင်'

မေဝါးသည် ထင်ဝေ့ဓားသိုင်းကို အဟုပြုတိုက်ခိုက်၍ မရကြောင်း သိလျှင် ကောက်ကျင်း၏ ဘီလူးသိုးဓောင် သိုင်းကွက်နှင့် အသုံးပြုကာ ပြောင်းလဲတိုက်ခိုက်လိုက်သည်၊

ထိုဓားသိုင်းမှာ ကြမ်းတမ်း၍ မြန်ဆန်လှသည်၊

မေဝါး၏ ဓားချက်များကြောင့် ပတ်ဝန်းကျင်တွင် ဓေ ပြင်းများတိုက်ခိုက်သလို တခေါခေါ မြည်သံများပင် ထွက်ပေါ်နေသည်၊

မေဝါး၏ ဓားချက်များကို ကျင်းလီက အသာအယာ ရှောင်တိမ်း၍ လက်နက်ချင်းထိမိစေရန် လိုက်လံတိုက်ခိုက်၏၊

'ထန်'

တစ်ကြိမ်တွင် လက်နက်ချင်း ပူးကပ်မိသွားသည်။

မေဝါး သူ့ဓားကို ပြန်လည်နှုတ်ယူလိုက်သည်၊



သို့သော်—

မရတော့ချေ၊

သူမ မျက်နှာပျက်သွားသည်၊

အဘယ်ကြောင့်ဆိုသော် ကျင်းလီက အတွင်းအားနှင့် ကပ်ထားလိုက်သောကြောင့်ပင်....

မေဝါးက မရမှန်းသိ...ကသည်၊

ထို့ကြောင့်....

သူမကဓားဆီသို့ အတွင်းအား ပို့ကာ ဖိတွန်းလိုက်သည်၊

ထိုအခါ

လူချင်းပူးကပ်သွားရာ၌ သူကဓားမည်းလက်ကိုင်မှ ဘုကိုနှိပ်ချလိုက်သည်၊

သူမ မျက်နှာပျက်သွားပြန်သည်၊

ချက်ချင်း နောက်ဆုတ်ရှောင်တိမ်းရန် ဟန်ပြင်လိုက်သည်၊

သို့သော်—

သူမများစွာ နောက်ကျသွားပြီ ဖြစ်သည်၊

'ချမ်'

'အား'

ဓားတိုလေးမှာ ချက်ချင်းရှည်ထွက်လာပြီး သူမ၏ရင်ဝကို တစ်ဆုံး စိုက်ဝင်သွားသည်၊

သူမမှာ စူးရှစွာအော်ဟစ်ရင်း မြေပေါ်လဲကျသွား၏၊

သူသည် မြေပေါ်လဲကျသေဆုံးနေသည့် သူမကို ငုံ့ကြည့်လိုက်သည်။

စိတ်ထိခိုက်စွာ သက်ပြင်းချလိုက်သည်၊

'ခင်ဗျားနဲ့ကျွန်တော် ပညာသင်ဘက်တွေ ဆိုပေမယ့် မကောင်းရှိ ဒုစရိုက်ခေါင်းဆောင်ဖြစ်လို့ သုတ်သင် လိုက်ရတာပါ၊ တကယ်လို့ မမသာ လူကောင်း တစ်ယောက်ဖြစ်မယ်ဆိုရင် သည်လိုဖြစ်မှာ မဟုတ်ဘူး၊ အခု မမနဲ့ နှင်းဆီဂိုဏ်းဆိုတာလည်း သိုင်းလောက မှာ မရှိတော့ပါဘူး'

ထိုနောက် ကျောင်းကျောင်းတို့ တိုက်ပွဲဆီသို့ လှမ်းကြည့်လိုက် သည်၊

'ယား'

'ဒုတ် ဒုတ်'

'ထန် ထန်'

ကောက်ကျောင်း၏ အဆိပ်လက်နက်ပုန်းများအား မကုန်နိုင် အောင် လွှန်စွာမှ မျှားပြားလှသည်၊



တစ်သုတ်ပြီးတစ်သုတ်ပစ်လွှတ်တိုက်ခိုက်နေရာ ကျောင်းကျောင်း နှင့် လူရှောင်ဖုံးမှာ တိုက်ခိုက်ဖို့မဆိုထားနှင့် လက်နက်ပုန်း များ မထိအောင်ပင် သတိကြီးစွာထားပြီး ရှောင်တိမ်းနေရ လေသည်၊

ထို့ကြောင့် ကျောင်းကျောင်းတို့တိုက်ခိုက်မှုမှာ အချည်းအနှီး ဖြစ်နေတော့သည်၊

ကျောင်းလီ သက်ပြင်းချလိုက်သည်၊

'အဆိပ်သခင်မ ကောက်ကျောင်း လေးဖအပေါ်မှာ မရှိ တော့ပါဘူး၊ မကြာခင် မိုက်ဇာတ်သိမ်းတော့မှာပဲ'

ကျောင်းလီ၏နှုတ်မှ တီးတိုးရေရွတ်ရင်း ဓားမည်းလွှား၏ တတိယခလုတ်ကို တစ်ချက်စိုက်ကြည့်လိုက်သည်၊

ထို့နောက်....

တတိယဘုလေးအား နှိပ်ချလိုက်လေသည်၊

'ချွမ်—'

'ဝီ....ဝီ....ဝီ'

စက်ဝိုင်းပုံသဏ္ဍာန်သံမဏိမြားလေးများ တဝီဝီမြည်ကာ ပစ်လွှင့်သွားပြီး ကောက်ကျောင်း၏ လက်နက်ပုန်းများကို တရ ကြမ်း မွှေနှောက်ဖျက်ဆီးပစ်လိုက်သည်၊

'ဟင်–'

ကောက်ကျင်း အံ့ဩသွားဖို့၏

ထိုအခွင့်အရေးကို ကျင်းကျင်းက ပြည့်ဝစွာအသုံးချလိုက်လေသည်၊

ကျင်းလီ၏သံမဏိမြှားလေးကြောင့် အဆိပ်အပ်ပစ်လွှတ်သောကောက်ကျင်း အံ့ဩသွားစဉ် ကျင်းကျင်းက ခုန်ဝင်တိုက်ခိုက်လိုက်ရာ ကောက်ကျင်းမှာ ကမျာကယာရှောင်းတိမ်းပြီး တောင်ဝှေးဖြင့် အဆက်မပြတ် ခုန်ဝင် တိုက်ခိုက်လိုက်လေသည်၊

ကျင်းလီဝင်လာ၍ လုရှေ့ဖင်ဖုံးတို့က တိုက်ကွက်တစ်မျိုးပြောင်းကာ တိုက်ခိုက်လိုက်လေသည်၊

'ဝှီး… ဝှီး'

'ထန်း–ထန်း'

အားနှင့် တောင်ဝှေးထိမိသံမှာ အဆက်ပြတ် ထွက်ပေါ်လာသည်၊

ကောက်ကျင်းအား ကျင်းလီတို့သုံးယောက်တစ်ဝိုင်း၍တိုက်ခိုက်ရာ ကောက်ကျင်းမှာ သတိကြီးစွာထား၍ ခုခံနေရလေသည်၊



ကျင်းကျင်းသည် ကောက်ကျင်းအား မိဘများအတွက်နာကျည်းချက်ဖြင့် ပြင်းပြင်းထန်ထန် ဖိ၍ တိုက်ခိုက်နေလေသည်၊

တစ်ကြိမ်တွင်….

လုရှေ့ဖင်ဖုံး၏ ဓားမှာ ကောက်ကျင်း၏လက်အားရှပ်သီသွားလေသည်။

'အား–'

ကောက်ကျင်းမှာ ဒဏ်ရာရသွား၍ သူမ အားတက်သွားလေသည်၊

'ရှင့်ကို ကျွန်မလက်နဲ့သတ်ရမှ ကျေနပ်နိုင်မယ်၊ ကျွန်မ မိဘရဲ့ သွေးကြွေးကို ကျွန်မကျေအောင်ဆပ်မယ်'

မုန်းတီးစွာ ပြောလိုက်သည်၊

တစ်ကြိမ်တွင် ကျင်းလီ၏ဓားချက်ကြောင့် ကောက်ကျင်းပခုံးထက်၌ ဓားဒဏ်ရာရပြီး နောက်ဆုတ်သွားစဉ်မှာပင် သူမက ပြင်းထန်စွာ ခုန်ဝင်တိုက်လိုက်သည်၊

ကောက်ကျင်းမှာ နောက်သို့ခုန်ဆုတ်ရင်း အဆိပ်လက်နက်ပုန်းဖြင့် ပစ်ခတ်လိုက်သည်၊

ကျင်းကျင်းမှာ ကောက်ကျင်း၏ အဆိပ်လက်နက်ပုန်းတစ်ခု ထိမှန်သွားလေသည်။

'အင့်'

သူမ၏ မသဲမကွဲ ညည်းညူသံထွက်ပေါ်လာသည်။

သို့သော်–

သူမမှာ ဂရုမစိုက်ဘဲ ဓားဖြင့် ကောက်ကျင်း၏ လည်မျိုဆီသို့ ထိုးသွင်းလိုက်သည်။

'အား'

ကောက်ကျင်းမှာ စူးရှစွာအော်ဟစ်ရင်း သူမအား မယုံနိုင်စွာ ကြည့်လိုက်သည်။

'မင်း....မင်း'

'ဝုန်း....'

ထို့နောက်....

မြေပေါ်လဲကျ သေဆုံးသွားလေသည်။

ဒုစရိုက်ရာဇာတစ်ဦးဖြစ်သော အဆိပ်မယ်ကောက်ကျင်းမှာ ကျင်းကျင်း၏လက်ချက်ကြောင့် မရှုမလှဇာတ်သိမ်းသွားပြီဖြစ်လေသည်။



အဆိပ်မယ်ကောက်ကျင်းနှင့် နှင်းဆီမယ်မေဝါးမှာ ကျင်းလီတို့လက်ချက်ကြောင့် မရှုမလှ ဇာတ်သိမ်းသွားပြီ ဖြစ်လေသည်။

ထို့အတူ

ကျင်းကျင်းလည်း နာကျည်းချက်ဖြင့် ကောက်ကျင်းကို တိုက်ခိုက်လိုက်ပြီး မဟန်နိုင်တော့ဘဲ မြေပေါ်လဲကျသွားလေသည်။

'ညီမ...ညီမ'

ကျင်းလီက စိုးရိမ်တကြီးဖြင့် သူမကို ပြေးပွေ့လိုက်လေသည်။

သူမမှာ အဆိပ်ထိမှန်မခံဘဲ ကောက်ကျင်းကို သုတ်သင်၍ ရမည်မဟုတ်ဟု သိထားသောကြောင့် သူ့ကိုယ်သူ အဆိပ်အပ်ထိမှန်ခံအာ ကောက်ကျင်းကို ဇာတ်သိမ်းလိုက်ခြင်း ဖြစ်လေသည်။

* * *

'လုရှောင်ဖုံး၊ ကျုပ်တို့သွားကြစို့'

ကျင်းလီသည် သူမကိုပွေ့ချီ၍ လှေဆိပ်သို့ဆင်းလာလေသည်။

လုရှောင်ဖုံးက ရေလည်သို့ရောက်နေသော လှေငယ်လေးကို ကမ်းစပ်သို့လှော်လာသည်။

သူနှင့်သူမတို့ လှေဝမ်းထဲ၌ နေရာယူပြီးသည်နှင့် လုရှောင်ဖုံးက လှေကိုလှော်ထွက်ခဲ့သည်။

လုရှောင်ဖုံးမှာ လှေကို လာလမ်းအတိုင်းပြန်ရန် လှော်ခတ်နေသည်။

သူက သူမကို စစ်ဆေးကြည့်လိုက်ရာ လက်မောင်းတွင် အဆိပ်အပ်တစ်ချောင်း စိုက်ဝင်နေသည်ကို မြင်လိုက်ရလေသည်။

သူသည် အဆိပ်အပ်ကို အသာနှုတ်ယူလိုက်၏။

ပြီးလျှင်

သူ့အိတ်ထဲမှ အဆိပ်ဖြေဆေးဘူး နှစ်ဘူးကိုထုတ်ယူကာ နှစ်မျိုးရောစပ်၍ ဒဏ်ရာ၌သိပ်ပေးလိုက်သည်။

သူမသည် သတိမေ့နေ၍ ဘာမှမသိချေ။

အတန်ကြာမှ လူးလွန့်လာသည်။



မျက်လုံးကိုအားယူ၍ ဖွင့်ကြည့်လိုက်သည်။

သူက

'မျက်လုံးမှိတ်ပြီး ပြန်အိပ်မွဲ့ ပိုက်ညီမ'

သူ၏စကားကြောင့် သူမ မျက်လုံးမှိတ်၍ အိပ်လိုက်လေသည်။

သူသည် ဒုတိယအကြိမ် ဒဏ်ရာကို အဆိပ်ဖြေဆေး ထည့်ပေးလိုက်၏။

တစ်နာရီခန့်ကြာသောအခါ သူမ သတိရလာသည်။

သူမ ပတ်ဝန်းကျင်ကို အကဲခတ်ကြည့်လိုက်သည်။

ထို့နောက်

ကျင်းလီအား

'အစ်ကို အခု ညီမတို့ပြန်ကြပြီပေါ့နော်'

သူက ခေါင်းညိတ်လိုက်သည်။

'ဟုတ်တယ်လေ ညီမရဲ့၊ ညီမကိုယ်တိုင် ကောက်ကျင်းကို သတ်သင်ခဲ့လို့ အဆိပ်လက်နက်ပုန်းတောင် ထိမှန်သွားပြီး မေ့နေခဲ့တာပဲ'

လှေကလေးက ကမ်းစပ်သို့ဆိုက်ကပ်လာသည်။

လုရှောင်ဖုံးသည် လှေကလေးပေါ်မှ လွှားခနဲခုန်ဆင်းလိုက်သည်။

ကျင်းလင်မှာ ကျင်းကျင်းကိုပွေ့ချီ၍ ကိုယ်ဖော့ပညာအသုံးပြုကာ တောင်ခြေသို့ပြေးလွှားလာသည်။

လုရှောင်ဖုံးသည် နောက်မှ ထပ်ကြပ်မကွာ လိုက်ပါလာသည်။

ပြေးလွှားရင်းတပင် ကျင်းလင်မှာ အမှန်တကယ် လေးစားထိုက်သော လူတစ်ယောက်ဖြစ်ကြောင်း စိတ်မှ ကြိတ်၍ ချီးကျူးလိုက်သည်။

မကြာမီပင် တောင်ခြေသို့ရောက်လာ၏။

တောင်ခြေတွင် သူတို့၏မြင်းများကို ကောင်းမွန်စွာ မြင်လိုက်ရအသည်။

'ဟာ...ဒီမှာ ကျုပ်တို့မြင်းတွေ ရှိနေသေးတယ်'

ရှမ်းစုက အားမြဘ်အမြင်ကြီးသူဖြစ်သည်၊

ကျင်းလင်တို့အတွက် မြင်းများ ချန်ထားခြင်းဖြစ်၏။

'ဒါ ဦးလေးရှမ်းစု စီစဉ်ခဲ့တာပဲဖြစ်မယ်'

ထူမကို မြင်းပေါ် ဖေးမ၍တင်လိုက်သည်။

'ကဲ....သွားပါ'

လုရှောင်ဖုံး ခေါင်းညိတ်ပြလိုက်သည်၊

ထို့နောက်

သူတို့သည် နှင်းဆီတောင်ကြားမှ ထွက်လာခဲ့ကြ၏။

ကျင်းလင်က မြင်းကိုစတင်မောင်းနှင်သည်နှင့် လုရှောင်ဖုံးမှာ နောက်မှ ထပ်ကြပ်မကွာလိုက်ပါလာလေသည်၊

....၁....

ကျွင်းကျွင်းအား စိုးရိမ်၍ ကျွင်းလီက

'ညီမ ဘာဖြစ်သေးလဲ'

သူမက

'ညီမတစ်ကိုယ်လုံး နုံးချိနေတယ်အစ်ကို'

သူသည် သူ့ မြင်းပေါ်တွင် သူမကို ပြောင်းတင်ပြီး ဖေးမ တာ ဖြည်းဖြည်းမှန်မှန် မောင်းနှင်လာသည်၊

လုရှောင်ဖုံးက သူမ၏မြင်းကို ဆွဲခေါ်လာသည်၊

....o....



နဂါးစံအိမ်....

ညဥ့်အတော်နက်သည်အထိ နဂါးစံအိမ်တွင် မီးများလင်း နေတုန်းပင်–

အစောင့်သိုင်းသမားများသည် အိပ်ငိုက်ခြင်းမရှိပဲ တစ်စုံ တစ်ယောက်ကို စောင့်မျှော်နေသည်၊

စံအိမ်၏ ခန်းမဆောင်အတွင်း လူကြီးသုံးယောက် စိုင်းဖွဲ့ စကားပြောနေကြသည်၊

ထိုလူသုံးယောက်မှာ ကျွင်းလုံ၊ ရှမ်းစုနှင့်လုံဟွာတို့ဖြစ်ကြ သည်၊

သူတို့သည် ကျွင်းလီကို စောင့်ဆိုင်းနေကြခြင်း ဖြစ်သည်၊ ညဥ့်အတော်နက်လာပြီ ဖြစ်သည်၊

ထိုအခါ–

ကျွင်းလုံက သားအတွက် စိတ်ပူလာသည်၊

'အခုလောက်ဆို ကျွင်းလီတို့ ပြန်ရောက်သင့်ပြီ'

သူ ရေရွတ်လိုက်သည်၊

ကျွင်းလီသည် ညတွင်းချင်း ခရီးထွက်ရန် နှင်းဆီဂိုဏ်း ကို တိုက်ခိုက်ခဲ့သည်၊

ထွက်ပြေးသွားသော မေဝါးကို အမိဖမ်းရန် လိုက်သွား ကြသည်၊

သို့သော်–

အဆိပ်မယ်ကောက်ကျင်းပါတိုးသဖြင့် အခိုက်မျှကြာသွားခြင်း ဖြစ်သည်။

ထို့ကြောင့်

အချိန်များစွာ ကုန်ခဲ့ပါသည်။

နောက်တစ်နေ့

ညနေပိုင်းရောက်သည်အထိ ပြန်ရောက်မလာ၍ စိတ်ပူစရာ ဖြစ်ခဲ့ရသည်။

ကျင်းလုံ စိတ်ပူနေသည်ကို ရှမ်းစုသိသည်။

သို့သော်–

ရှမ်းစုသည် သူတို့အတွက် စိတ်ပူနေသည်။

'မေဝါး တစ်ယောက်တည်းကိုသာ ရှာဖွေသုတ်သင်တာ....ဆိုရင်တော့ ပြန်ရောက်သင့်ပြီပေါ့၊ ဒါပေမယ့် အခြေအနေတစ်မျိုး ကြုံလာလို့ ကြာနေတာဖြစ်လိမ့်မယ်။ ကျင်းလုံဟာ ကိစ္စတစ်ခုမပြတ်ပဲ ဘယ်တော့မှ တစ်ပိုင်းတစ်စ မထားဘူး ကိုကြီးလုံ'

ရှမ်းစုက သူ့အား နှစ်သိမ့်လိုက်သည်။

သူက

— 'ငါ့အထင်တော့ ကျင်းလုံတို့သုံးယောက်ဟာ မေဝါးကို နောက်ယောင်ခံလိုက်ရင်း ကောက်ကျင်းနဲ့ပါ တိုးမိပြီထင်တယ်'



'ဟင် ဟုတ်လား'

သူ၏စကားကြောင့်ရှမ်းစုပို၍ စိတ်ပူသွားမိသည်။

သူက ဆက်၍

'မေဝါးရဲ့ဆရာဟာ ကောက်ကျင်းပဲ၊ သူဟာ အင်မတန် ညာဏ်များတယ်'

ရှမ်းစု သက်ပြင်းချလိုက်သည်။

'ကျင်းလုံဟာ တကယ်ထူးချွန်တဲ့ လူတစ်ယောက်ပါ၊ ကောက်ကျင်းကို အေးအေးဆေးဆေး ယှဉ်ပြိုင်နိုင်ပါတယ်ဗျာ'

ရှမ်းစုသည် သူ့ကို ယုံကြည်စွာ ပြောလိုက်သည်။

ထိုစဉ်မှာပင်

'ခွပ် ခွပ် ခွပ် ခွပ်'
'ခွပ် ခွပ် ခွပ် ခွပ်'

မြင်းခွာသံများ ကြားလိုက်ရသည်။

ကျင်းလုံဝရန်တာမှနေ၍ လမ်းမသို့ ထွက်ကြည့်လိုက်ကြသည်။

'ခွပ် ခွပ် ခွပ် ခွပ်'
'ခွပ် ခွပ် ခွပ် ခွပ်'

မြင်းသုံးစီး စံအိမ် တံခါးဝရှေ့၌ လာရပ်လေ၏။
အစောင့်က ကျယ်လောင်စွာ အော်လိုက်သည်။

'ဂိုဏ်းချုပ်ကြီး ပြန်လာပြီဟေ့'

ထိုသတင်းကြောင့် ကျောင်းလုံး ရှမ်းစုနှင့် လုံဟွာတို့ မျက်နှာရွှင်ပျသွားကြသည်။

ထိုအတူပင်....

မအိပ်ပဲစောင့်နေသည့် ဂိုဏ်းခွဲမှူးနှင့် လက်ထောက် ဂိုဏ်းခွဲမှူးများ ထွက်ကြိုကြ၏။

ကျောင်းလီ မြင်းပေါ်မှ ခုန်ဆင်းလိုက်သည်။

ထို့နောက်....

သုံးဦးစလုံး စံအိမ်တွင်းသို့ ဝင်လာကြသည်။

ကျောင်းလီက လက်ထောက်ဂိုဏ်းသား တစ်ဦးအား

'ဂိုဏ်းခွဲမှူး လုံဖိန့် လက်ထောက် ဂိုဏ်းခွဲမှူးမတွကို ခန်းမဆောင်ထဲ ခေါ်လာခဲ့ဟ'

'အမိန့်အတိုင်းပါ ဂိုဏ်းချုပ်ကြီး'

ကျောင်းလီသည် ကျောင်းကျောင်းကို ကြည့်လိုက်ပြီး

'ညီမ....အစ်ကို ဖေဖေနဲ့ စကားသွားပြောလိုက်ဦးမယ် ညီမ တစ်ရေးလောက် သွားအိပ်လိုက်ဦး'

သူမ ခေါင်းညိတ်လိုက်သည်။

'ဟုတ်ကဲ့အစ်ကို'

သူမက မိမိအခန်းသို့ ဝင်ပြီး အိပ်လိုက်လေတော့သည်။

....o....

တောပြောင်းသည့် စွန်ရဲ

ခန်းမဆောင်ထဲသို့ ကျောင်းလီ ရောက်သာပြီး မကြာမီ၂င် ဂိုဏ်းခွဲမှူးတို့ ရောက်ရှိလာသည်။

အားလုံးစုံသောအခါ ကျောင်းလီက မေဝါးအား သုတ်သင်လိုက်နိုင်ကြောင်း ပြောသည်။

ထိုပြင်....

အဆိပ်မယ် ကောက်ကျောင်းကိုပါ တစ်ပါတည်း သုတ်သင်လိုက်နိုင်ကြောင်း အသိပေးလိုက်၏။

အဖွဲ့သား အားလုံး ဝမ်းသာသွားကြသည်။

ဂိုဏ်းချုပ်ကြီးကိုသည် ချီးမွမ်းကြလေသည်။

ထို့နောက်....

အဖွဲ့သား အားလုံး ပြန်သွားကြသည်။

အခန်းထဲတွင် လူငါးဦးသာ ကျန်ရစ်ခဲ့သည်။

ကျင်းလီ၊ သူ့ရှောင်ဖုံး၊ လုံဟွာ၊ ကျင်းလုံနှင့် ရှမ်းစုတို့ပင် ဖြစ်သည်။

ထိုအခါ

အရေးကြီးသော အကြောင်းအရာများကို ဆွေးနွေးကြသည်။

ကျင်းလီက အားလုံးကို ပေ့ကြည့်လိုက်ပြီး....

'ဒုစရိုက် ဂိုဏ်းတွေ ချုပ်ငြိမ်းသွားပါပြီ၊ ဒါပေမယ့် နောက်ထပ် အန္တရာယ်တစ်ခု ထပ်ပေါ်လာနေတယ် ဘာလဲဆိုရင် စွန့်ရဲအိက္ကမ်းရဲ့ဆရာ စွန့်ရဲသခင် ကျူးရိရဲ့ ရန်ပဲ'

ရှမ်းစုက ခေါင်းညိတ်လိုက်ပြီး....

'ကျူးရိရဲ့ ပင်လယ်ပြင်အဖွဲ့ဟာ ယင်နန်နယ်ထဲကို အခု ဆိုရင် ရောက်နေပါပြီ'

ကျင်းလီက ဆက်ပြောလိုက်သည်။

'ဒါကြောင့် သူတို့ဟာ ပင်လယ်မှာသာမက သူ့ရဲ့တပည့် အိက္ကမ်းအတွက် ကုန်းပေါ် တက်လာနေကြပြီး ကျုပ်တို့ကို အချိန်မရွေး ရန်ရှာနိုင်ပါတယ်'

'စံအိမ်ကို လာပြီး ရန်ရှာရင် အားလုံးကို ရှင်းပစ်ရမှာပဲ'

ရှမ်းစုက အားတက်သရော ပြောလိုက်သည်။

'ဒါကြောင့် ကျွန်တော်တို့ သူတို့ကို စောင့်မနေနိုင်ဘူး ကိုယ်လုပ်စရာရှိတာ ဆက်လုပ်ရမှာပဲ'



'ဒါတော့ဟုတ်တယ်၊ ကျုပ်တို့က ရန်သူကို ထိုင်စောင့်စရာ မလိုဘူး'

ကျင်းလီ၏ တင်ပြချက်များကို အားလုံးက သဘောတူကြ၍ အရေးအကြီးဆုံး လျှို့ဝှက်ချက်များကို ဆွေးနွေးကြပြန်လေသည်။

ကျင်းလီက သူ့ရည်ရွယ်ချက်များကို အားလုံး တင်ပြလိုက်သည်။

လူသည် ဒုစရိုက်သမားတို့ကို နှိမ်နင်းသွား၏။

လူကဲ့သို့ ကိုနှိမ်နင်းရေး သိုင်းသမားများကို ထိတ်နိုင်သလောက် အကူအညီပေးမည်။

အင်အားနည်းသော အဖြူရောင်သိုင်းအဖွဲ့တို့ကို အားပေးကူညီမည်။

မရှိဆင်းရဲသားတို့ကို ပေးကမ်းမည်။

ထိုရည်ရွယ်ချက်များဖြင့် ရထာနာသိုက်ကို တူးဖော်မည်ဖြစ်သည်။

ကျင်းလီ၏ လက်တွင် ယခု မြေပုံ သုံးပိုင်းစလုံး ရောက်ရှိနေပြီဖြစ်သည်။

ထိုပြင်....

ချယ်ရီတောင်ပေါ်၌ နေထိုင်လာခဲ့သော ကျင်းလုံနှင့် လုံဟွာတို့ရှိနေသောကြောင့် ရှာဖွေရန် အခက်အခဲရှိလိမ့်မည်မဟုတ်ဟု ထင်မိသည်။

'ကျင်းလီ ပြောတာ မှန်တယ်၊ မြေပုံကို ကြည့်တာနဲ့ ချယ်ရီတောင်ကို ငါ့မျက်စိထဲမှာ မြင်ယောင် လာမိ တယ်'

လုံဟွာထာ မြေပုံအား ကြည့်၍ ပြောလိုက်သည်၊

'အကျိုးပြု လုပ်ငန်းတွေ လုပ်မယ်ဆိုရင် ငါ့ငွေစုကို ကျင်းလီဆီ လွှဲပေးပါတယ်'

လုံဟွာက အားတက်သရော ပြောလိုက်သည်၊

'ဟာ မဟုတ်တာပဲ ဦးလေးရာ'

လုံဟွာက မည်သို့ပင် ပြောပြော လက်မခံပေ၊

ကျင်းလီ လက်လျှော့လိုက်ရသည်၊

အားလုံး ဆွေးနွေးပြီးသွားသည့် အခါ ကျင်းလီက လူ ရှောင်ဖုံးဘက်သို့ လှည့်လိုက်ပြီး....

'လူရှောင်ဖုံး....ခင်ဗျားအနေနဲ့ တစ်ကိုယ်တော်သိုင်း သမားလုပ်ပြီး ဒုစရိုက်သမားတွေကို နှိမ်နင်းမှာထက် စာရင် ကျုပ်ရဲ့ ဂိုဏ်းမှာ ကျုပ်နဲ့ လက်တွဲပြီး နေထိုင်ဖို့ ကျုပ်ဖိတ်ခေါ်ပါရစေ'

ကျင်းလီ အလွန်ဝမ်းသာသွားပြီး လူရှောင်ဖုံး၏ လက်အား ဆုပ်ကိုင်ထွေးလိုက်သည်၊

သူသည် စွန်ရဲသခင် ကျူရှိအားဆယ်ရက်အထိ စောင့်မည် ဆယ်ရက်ကျော်သည်နှင့် ရတနာသိုက်သွားတူးရန် ဆုံးဖြတ် ချက်ချ၍ အစည်းအဝေးအား အဆုံးသတ်လိုက်သည်၊

ရောင်နီပျိုးစ အချိန်ကိုပင် ရောက်နေပြီဖြစ်သည်၊

....o....

## တစ်ချက်ခုတ် နှစ်ချက်ပြတ်

ကျင်းလီသည် သူ၏ ဆုံးဖြတ်ချက်အတိုင်း ဆယ်ရက်အထိ ကျူရှိတို့အားစောင့်နေသည်၊

ထိုဆယ်ရက်အတွင်း နဂါးအဖွဲ့၌ အပြောင်းအလဲ တော်တော်များများ ပြုလုပ်လာသည်၊

နဂါးဂိုဏ်းကို နာယကသုံးဦးက ထိန်းသိမ်းထားလေ သည်၊

ထိုနာယကသုံးဦးမှာ လုံဟွာ၊ ကြိုင်းလုံနှင့် ရှမ်းစုံတို့ပင် ဖြစ်သည်၊

နဂါးဂိုဏ်းချုပ်မှာ ကျင်းလီပင်ဖြစ်သည်၊

ကျင်းလီက နဂါးဂိုဏ်းအား ဖခင်ထံ ပြန်လည် လွှဲအပ် သော်လည်း ဖခင်မှာ လက်မခံဘဲ နာယကလူကြီးသာ လုပ် လေသည်၊

လူရှောင်ဖုံးနှင့် ကျင်းကျိုင်းတို့သည် လက်ထောက်အဖွဲ့ချုပ် များအဖြစ် ဆောင်ရွက်ကြသည်၊

အတွင်းလူယုံမှာ လုံပိဖြစ်သည်။

ကျင်းကျင်းမှာ သည်တစ်ရက်သာ အနားယူပြီး ရွာတလုံး၏ အိမ်အတွင်း၌ ပျော်ပွဲရွှင်ပွဲကို ပြုလုပ်ပေးသည်။

ကျင်းလီသည် အဖွဲ့သားများ လွတ်လွတ်လပ်လပ် ပျော်ရွှင်စွင်နေသည်ကို သဘောကျသည်။

အဘယ်ကြောင့်ဆိုသော်....

လက်ရှိ စံအိမ်အနောက်ဘက်မြေကွက်လွှပ်တွင် အဆောင်ရှည်ကြီးတစ်ခုကို ဆောက်လုပ်သည်၊ ထိုအဆောင်ကြီးမှစံအိမ်သို့ လမ်းနှစ်သွယ်ဆက်ထားသည်။

ထို့ကြောင့်....

အဆောက်အဦးသစ်ကြီး တစ်ခု ဖန်တီးပြီးသွား ဖြစ်လေသည်။

ထိုအဆောက်အဦးအား မိမိတို့ အဖွဲ့သားများ ကိုယ်တိုင်စိတ်ကြိုက် ဆောက်လုပ်နေကြခြင်းဖြစ်လေသည်။

လက်သမားဆရာသည် ဂိုဏ်းခွဲမှူးဝမ်တုန်နှင့်လက်ထောက်ဂိုဏ်းခွဲမှူးနှစ်ယောက်က ဦးစီးဆောက်လုပ်နေကြခြင်းဖြစ်ပေသည်။

အဖွဲ့သားတို့သည် မိမိတို့ နေရေး ထိုင်ရေးအတွက် တိုးချဲ့ဆောက်လုပ်သည်ဖြစ်၍ ပင်ပန်းသည်ဟု သဘောမထားဘဲ မခိုမကပ်လုပ်နေကြရာ ဆယ်ရက်မပြည့်မီ ပြီးစီးသွားလေသည်။

ထိုသို့ဖြင့်....



နဂါးဂိုဏ်းအတွင်း၌ မိမိတို့အလုပ်များကိုကိုယ်စီရင်၊ ပျော်ရွှင်စွာ နေထိုင်ကြခြင်းဖြင့်ပင် ဆယ်ရက်ဟူသော အချိန်သည် လျင်မြန်စွာ ကုန်ဆုံးသွားလေသည်။

ထိုအခါ ကျင်းလီသည် ဆုံးဖြတ်ချက်အတိုင်း ရတနာများကို သွားရောက်တူးဖော်ရန် စီစဉ်လေသည်။

သွားမည့်ခရီးအား နာယကသုံးဦး ကျင်းလီနှင့် လက်ထောက် ဂိုဏ်းချုပ်နှစ်ဦးတို့သာ သွားရန် စီစဉ်ကြလေသည်။

မိမိတို့ ခရီးထွက်နေစဉ်အတွင်း နဂါးအဖွဲ့အား စောင့်ရှောက်ရန် လုံပိအား တာဝန်ပေးထားကြလေသည်။

ကျင်းလီသည် စီစဉ်စရာရှိသည်များကို စီစဉ်လိုက်သည်၊ မှာကြားစရာရှိသည်များကို မှာကြား၍ လုံပိအား အသူးမှာကြားလိုက်လေသည်။

နဂါးစံအိမ်ဝတွင် မြင်းခြောက်စီးရှိနေသည်။

ရိက္ခာ၊ အပြည့်အဝတင်ထားသည်။

လုံပိက စီစဉ်ပေးထားခြင်းဖြစ်၏။

ကျင်းလီတို့ နံနက်စောစောပင် ချန်အန်းမြို့မှ ထွက်လာခဲ့လေသည်။

မြင်းများကို မရပ်မနား ခုန်းစိုင်းနှင်သွားခြင်းမျိုးဖြစ်လေသည်။

ချန်အန်းမြို့လွန်သည်နှင့် တောရွာထံလေးတစ်ရွာကို ဖြတ်ကျော်လာခဲ့ကြသည်။

တစ်ခါတစ်ရံ....

မြို့ငယ်လေးများသို့ ရောက်ရှိသည့်အခါ စားသောက်ဆိုင်တွင်း ဝင်ရောက်စားသောက်ကြပြန်သည်။

မြင်းပေါ်၌ ပါလာသော ရိက္ခာများသည် အကြောင်းမညီညွတ်၍ လမ်းမှားသွားပါက ရိက္ခာမပြတ်စေရန် ယူလာခဲ့ခြင်းဖြစ်သည်။

ထို့ကြောင့်....

မြို့ကလေးများရောက်၍ စားသောက်ဆိုင်များအတွင်းသို့ ဝင်ရောက် စားသောက်လိုက်ကြလေသည်။

စားသောက်နေချိန်၌ ခဏအနားယူပြီး လမ်းခရီးတစ်လျှောက်တွင် မရပ်မနား ခရီးနှင်လာကြသည်။

လမ်းခရီးတစ်လျှောက်တွင် ဂည်သည့်အန္တရာယ်မှ မတွေ့ရပေ။

ထို့နောက်–

ခြောက်ရက် မြောက်သောနေ့တွင် ချယ်ရီ တောင်ခြေသို့ ရောက်ရှိလာကြသည်။

ကျင်းလုံသည် ချယ်ရီတောင်အား တွေ့လိုက်ရသောအခါ လွန်ခဲ့သော အနှစ်နှစ်ဆယ်ကအဖြစ်အပျက်များကို တွေးကာ မျက်စိထဲတွင် ပြန်လည် မြင်ယောင်လာသည်။

လူသည် စစ်ပြေးဒုက္ခသည်ဘဝနှင့် လူသူ အရောက်နည်းသော ချယ်ရီတောင်သို့ အရင်းနှီးဆုံး မိတ်ဆွေနှစ်ယောက်နှင့်အတူ ချယ်ရီတောင်ခြေတွင် ခိုလှုံခဲ့လေသည်။



ချယ်ရီတောင်၏ သာယာသော တောတောင်သဘာဝနှင့် အစားအသောက် ပေါများသော အခြေအနေကြောင့် ချယ်ရီတောင်အား မြတ်နိုးလာသည်။

'ခွပ် ခွပ်....ခွပ် ခွပ်'

'ခွပ် ခွပ်....ခွပ် ခွပ်'

သူတို့လူစုသည် မြင်းကိုယ်စီနှင်လာခဲ့ကြသည်။

ကျင်းလုံမှာ ဆက်လက် တွေးတော စဉ်းစားနေပြန်လေသည်။

လူသည် အကျဉ်းတဲသို့ ရောက်ရှိခဲ့ကြောင်းကို ဆွေးမြည့်စွာ ပြန်လည်တွေးတောနေမိလေသည်။

'ခွပ်ခွပ်....ခွပ်ခွပ်'

တောင်ခြေရင်းရောက်သည်နှင့် ရှေ့မှဦးဆောင်လာသော လုံဟွာက ခဏရပ်တန့်လိုက်သည်။

အားလုံး မြင်းများကိုရပ်တန့်လိုက်ကြ၏။

လုံဟွာက, ကျင်းလီထံမှမြေပုံကို လှမ်းလိုက်သည်။

လုံဟွာက မြေပုံကိုကြည့်လိုက်ပြီး ကျင်းလုံဘက်လှည့်ကာ မေးလိုက်သည်။

'ကျင်းလုံ ကျုပ်တို့နေခဲ့တဲ့နေရာကို အရင်သွားမလား၊
ရတနာလိုဏ်ဂူကို အရင်သွားမလား'

ကျင်းလုံ ခေတ္တစဉ်းစားလိုက်၏။

သို့သော်

နောက်ကြောင်းများကို ပြန်မဖော်ချင် သောကြောင့်....

'ရတနာလိုဏ်ဂူကိုပဲ အရင်သွားလို့ရရင် သွားဗျာ'

ဟု ပြောလိုက်သည်။

'ကောင်းပြီ'

လုံဟွာသည် ပြောရင်းကပင်

'တောင်ထက်တောင်ဆင်းသဲကြားမှာပါနေ၌ နေ့လယ် မလောက်ဆိုရင် မြန်ရောက်လာပါပြီ၊ မြင်းတွေထားခဲ့ရအောင်'

တောင်မှာ မတ်စောက်၍ မြန်မြန်သွား၍မရပေ။

လုံဟွာ အစီအစဉ်အတိုင်း လူချည်းသက်သက်သာ တက်ကြသည်၊

'ဟူး....ဟူး....ဟူး'

အားလုံးမှာ ထိပ်တန်းသိုင်းသမားများဖြစ်၍ တောင်ပေါ်သို့ ကိုယ်ဖော့ပညာအသုံးပြု၍ လျင်မြန်စွာ ပြေးတက်ခဲ့ကြလေသည်။

သူတို့ခြောက်ယောက် တောင်တက်သည်မှာ မကြာမီအချိန်အတွင်းမှာပင် တောင်ထိပ်သို့ ရောက်ရှိသွားသည်။

တောင်ခါးပန်းတစ်ခုသို့ ရောက်သောအခါ လုံဟွာက ခြေလှမ်းရပ်လိုက်သည်၊

လုံဟွာက မြေပုံကိုဖြန့်ကြည့်လိုက်ပြီး ကျင်းလုံဘက်သို့လှည့်ကာ–

'ကျင်းလုံ၊ ကျုပ်တို့မိုးခိုခဲ့တဲ့ လိုဏ်ဂူလေးကို ရှာစမ်းပါဦး'

ထိုစကားကြောင့်



ကျင်းလုံမှာ သူတို့သုံးယောက် မိုးခိုခဲ့သည့် လိုဏ်ဂူလေးကို အမှတ်မထင် သတိရလိုက်သည်။

ကျင်းလုံက ဟိုဟိုသည်သည် လျှောက်ကြည့်လိုက်၏

သူရပ်နေသော ညာဘက်ခြေထောက် အလှမ်းနှစ်ဆယ်ခန့်၌ အမိုးကုတ်ကုတ်ရှိသော လိုဏ်ဂူကို တွေ့လိုက်ရသည်။

'ဒီမှာ တွေ့ပြီဟေ့'

ကျင်းလုံက အားရဝမ်းသာစွာ ပြောလိုက်၏။

လိုဏ်ဂူဝယ်မှာ ခြုံနွယ်များပိတ်ဖုံး၍ ပျောက်ကွယ်နေလေသည်။

ကျင်းလုံတို့ ရောက်ဖူး၍သာ သိရှိလိုက်ခြင်းဖြစ်သည်၊

ကျင်းလုံသည် ဓားရှည်ဖြင့် ခြုံနွယ်များကို ရှင်းလင်းလိုက်သည်၊

ထိုအခါ လျှို့ဝှက်ခလုတ်လေး ပေါ်လာသည်၊

လုံဟွာက ထိုဘုလေးကို နှိပ်ချလိုက်သည်။

'ကျွီ'

'ဂျိန်း'

ကျောက်တံခါးကြီး ပွင့်သွားသည်၊

လုံဟွာက ဦးစွာဝင်လိုက်ပြီး ခြောက်ယောက်စလုံးပင် ဝင်လိုက်ကြသည်။

အတွင်းဘက်၌ မှောင်မနေပါ။

ပတ္တမြားအလင်းရောင်ကြောင့် လင်းထိန်နေ၏။

ကျင်းလုံက ရတနာသေတ္တာကို မ ခိုင်းလိုက်သည်။

ကျင်းလီတို့လူစုသည် တစ်ကြိမ်တစ်ခါမျှ မတွေ့ဖူးသော ရတနာသိုက်ကို လေ့လာကြည့်ရှုနေကြသည်။

'ဝိုး၊'

'ဂျိန်း'

သူတို့အားလုံး အပြင်သို့ရောက်သောအခါ ကျောက်ဒွါတံခါးမှာ ပြန်ပိတ်သွားသည်။

ရတနာများကို ချောမောစွာ ရရှိလာသောကြောင့် အားလုံး ဝမ်းသာနေသည်။

သူတို့ တောင်အောက်သို့ပြန်ဆင်းရန် ဟန်ပြင်နေကြသည်။

ထိုစဉ်

ကျယ်လောင်သောရယ်မောသံ ထွက်ပေါ်လာသည်။

'ဟား ဟား ဟား၊ အဆင်သင့်လိုက်တာကွာ၊ ရတနာသေတ္တာလဲရ လူကောင်တစ်ပြိုင်တည်းရ နှစ်ချက်ခုတ် နှစ်ချက်ပြတ်ပဲ'

သူတို့အားလုံး လှမ်းကြည့်လိုက်ရာ တောင်အောက် ဆင်းမည့်လမ်းတွင် လူအယောက်နှစ်ဆယ်ခန့် လမ်းပိတ်ရပ်ထားသည်ကို တွေ့လိုက်ရသည်။

ရယ်မော၍ ပြောဆိုနေသူမှာ မျက်လုံးတစ်ဖက်လပ်၍ သားရေပြားအမည်းဖြင့် ဖုံးအုပ်ထားသည်။

လက်ထဲ၌ နှစ်သွားပါသောဓားကို ကိုင်ဆောင်ထားလေသည်။

ကျင်းလီသည် ဖခင်နှင့်လုံဟွာထံ ချဉ်းကပ်သွားပြီး–



'ဖေဖေနဲ့ ဦးလေးလုံဟွာ ရတနာသေတ္တာကို စောင့်ရှောက်ပါ၊ ကပ်သူမှန်သမျှ အကုန်ရှင်းပစ်ပါ'

ဟု မှာကြားပြီး ခုန်ထွက်လိုက်သည်။

'ခင်ဗျားတို့ ဘယ်သူတွေလဲ၊ ဘာကိစ္စနဲ့ ကျုပ်တို့နောက် နောက်ယောင်ခံပြီး လိုက်နှောင့်ယှက်ရတာလဲ'

မျက်စိတစ်ဘက်လပ်နှင့်လူက တဟားဟား ရယ်မောကာ ပြောလိုက်သည်။

'ငါနာမည် စွန်ရဲသခင် ကျူရိတို့ဂိုဏ်းကို ဖြိုဖို့အာခ မင်းတို့ကို မသက်သာဘဲလိုက်လာတာကွ၊ ဟား–ဟား– ဟား'

'ဪ– စွန်ရဲသခင်ကျူရိဆိုတာ ခင်ဗျားကိုး'

ထိုလူက ခေါင်းညိတ်လိုက်ရင်း

'သိပ်ဟုတ်တာပေါ့၊ အိကွမ်းအတွက် အကြွေးလာတောင်းတာ အခုမှ ရတနာသေတ္တာပါ အတိုးရလိုက်ပြီ'

ကျင်းလီက ခပ်မာမာ ပြန်ပြောလိုက်သည်။

'ဟေ့ လူ၊ ခင်ဗျား လိုရင်းကိုပြော'

ပင်လယ်ဓားပြကျူရိက

'မင်းတို့ ရလာတဲ့ရတနာတွေကို ကျုပ်ကိုပေး၊ ဒီလိုဆိုရင် ကျုပ်တို့ပြန်မယ်'

ကျင်းလီ ခေါင်းခါလိုက်သည်။

'မပေးဘူး'

ကျူရိက သူ့လူများကို အချက်ပေးလိုက်သည်။

'သူတို့ကို မှတ်လောက်အောင် ဆုံးမလိုက်စမ်း'

ချိတ်ကောက်လက်နက် ကိုင်ထားသူက ကျောင်းလီထံ ပြေးဝင်တိုက်ခိုက်သည်။

သူက ချိတ်ကောက်ကို ဖမ်းဆွဲလိုက်ပြီး ထိုသူ၏ရင်ဝကို လက်ဝါးဖြင့် ရိုက်ချလိုက်သည်။

'ဝုန်း'

'အား'

ရှူးရှူးရှဲ အော်ဟစ်ရင်း တောင်အောက်သို့ ပြုတ်ကျသွားသည်။

'ဟင်'

ကျူးရီ မျက်နှာပျက်သွားသည်။

ချက်ချင်းပြန်တည့်လိုက်ပြီး

'ဟေ့ သည်ကောင်ကို ဝိုင်းတိုက်စမ်း'

သူ၏စကားဆုံးသည်နှင့် ဓားပြများက သူ့ကို ဝိုင်းတိုက်လိုက်သည်။

'ဝှီး—ဝှီး'

ဓားပြများ၏ တိုက်ခိုက်မှုကို ရှောင်တိမ်းရင်း ကျောင်းလီ ပြင်းထန်စွာ တိုက်ခိုက်လိုက်သည်။

ဓားပြများ တစ်ယောက်ပြီးတစ်ယောက် လဲကျသွား၏။

ကျောင်းလီသည် ကျူးရီနှင့် ရင်ဆိုင်လိုက်သည်။

ကျန်ဓားပြများကမူ ကျောင်းကျောင်း၊ ရှမ်းစုနှင့်လုရှောင်တို့ ပြင်းထန်စွာ တိုက်ခိုက်ကြသည်။



ကျူးရီ အသင်သေးစွာဖြင့်

'သေဖို့သာ ပြင်ထားတော့'

ပြောရင်း ဓားကို ဝေယမ်းကာ သူ့ကိုတရကြမ်းပင် ဝင်ရောက်တိုက်ခိုက်သည်။

ကျောင်းကျောင်းတို့ လက်ချက်ကြောင့် ဓားပြများတစ်ယောက် ပြီးတစ်ယောက် လဲကျကုန်သည်။

ဓားပြများ အနည်းငယ်သာ ကျန်တော့သည်။

ကျူးရီနှင့်ကျောင်းလီတို့သည်။ ပြင်းထန်စွာ တိုက်ခိုက်နေသည်။

ကျူးရီ၏ဓားများကို သူရှောင်တိမ်းလိုက်သည်။

တစ်ကြိမ်တွင် သူ၏ဓားနှင့် ကျူးရီ၏ဓားတို့ ထိပ်တိုက်ရင်ဆိုင်ခဲ့သည်။

တူ၏ဓားချက်များကိုကြည့်ကာ ကျူးရီ ထိတ်လန့်လာ၏။

'ချွမ်'

ဓားနှစ်ချောင်း ပူးကပ်သွားသလို လူလူလည်း ပူးကပ်သွားသည်။

လူချင်းပြန်ခွာသည့်အခါတွင် ကျူးရီသည် သူ့ကိုမယုံကြည်နိုင်စွာဖြင့် ကြည့်ရင်း တဖြည်းဖြည်းမြေပေါ် လဲသွားသည်။

'မင်း....မင်း'

ကျူးရီရင်ဝတွင် သူ၏ဓားမည်မှာ စွက်ဝင်နေသည်။

ဓားပြခေါင်းဆောင် ကွန်ရဲသခင်မှာ သူ၏လက်ချက်ကြောင့် အမိုက်ဇာတ်သိမ်းသွားသည်။

ထို့အတူ

သူ၏တပည့်များလည်း အားလုံးသေဆုံးသွားပြီဖြစ်သည်။

ကျောင်းလီတို့လူစု ချယ်ရီတောင်မှ ပြန်ဆင်းလာကြသည်။
သူ၏ရင်ထဲ ပေါ့ပါးနေသည်။
နာမည်ကြီး ဓားပြကျူရိကို သူသုတ်သင်နိုင်ခဲ့သည်မဟုတ်ပါလား။

သိုင်းလောကတွင် အလွန် ဆိုးသွမ်းသောင်းကျန်းနေသည့် အနက်ရောင်ထိပ်သီးဂိုဏ်းများကို သူ ဇာဖြို့ခွင်းပစ်လိုက်ပြီးဖြစ်သည်။

သူ၏ ဂုဏ်သတင်းမှာလည်း သိုင်းလောကတစ်ခုလုံး ပျံ့နှံ့သွားသည်။

သိုင်းလောက၌ ဆိုးသွမ်းသော အနက်ရောင် သိုင်းသမားကျန်ဦးမည် မဟုတ်ချေ။

မည်သို့ပင်ဆိုစေ၊
သူသည် ကျောင်းကျောင်းနှင့်လက်တွဲ၍ အနက်ရောင်သိုင်းသမားတို့ကို ချေမှုန်းမည်မှာ မလွဲချေ။

(ဒုတိယပိုင်း ပြီး၏)

ဇာက္ကသိုလ်သိဟအောင်